# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၍**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ပဝဂ် (ဓမ္မပဒ - ၅၄)


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (ဝ၆၂)


# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌာရသမ အစည်းအဝေး ကျင်းပ

**ရန်ကုန်  နိုဝင်ဘာ  ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဌာရသမ အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❋


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

**ကတ္တမန္ဒူး  နိုဝင်ဘာ  ၃၀**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်၊ ကွန်ဂရက်ပါတီဥက္ကဋ္ဌတို့နှင့် သီးခြားစီ တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီနှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ကတ္တမန္ဒူးမြို့ရှိ သမ္မတအိမ်တော်၌ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံပြည်သူများအကြား ပိုမိုထိတွေ့ဆက်ဆံရေး၊ ဘုရားဖူးခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာကေ၊ ပီ၊ ရှာမာ အိုလီနှင့် ကတ္တမန္ဒူးမြို့ရှိ Hotel Annapurna ၌ သီးသန့်တွေ့ဆုံသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❒





မြန်မာ့အလင်း

# ဆင်ခြင်တုံတရားနှင့် ယုံကြည်လက်ခံမှု . . .

နည်းပညာတိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားလာသည့်အခါ သတင်းပျံ့နှံ့မှုနှုန်းက အလွန်လျင်မြန်လာပါသည်။ အထူးသဖြင့် ဆိုရှယ်မီဒီယာများပေါ်ကတစ်ဆင့် မိမိ၏သဘောဆန္ဒနှင့် အယူအဆယုံကြည်မှုတို့ကို မျှဝေဖြန့်ဖြူးမှုများသည်လည်း အချိန်တိုအတွင်း တယ်လီဖုန်းခလုတ်တစ်ခု နှိပ်ရုံမျှဖြင့် လွယ်ကူစွာ ဆောင်ရွက်နိုင်နေသည်။

အခြေခံလူ့အခွင့်အရေးအရ မည်သူမဆို မိမိသဘောဆန္ဒအလျောက် ယုံကြည်ချင်ရာကို ယုံကြည်နိုင်ခွင့်ရှိ၏။ မိမိယုံကြည်လိုရာကို ယုံကြည်နိုင်သကဲ့သို့ မိမိမယုံကြည်ရာကို မယုံကြည်နိုင်ခွင့်ကိုလည်း ဥပဒေကပေးထား၏။ လူတစ်ယောက်၏ မွေးရာပါအခွင့်အရေးဟု ခေါ်ရပါမည်။ သို့သော် မိမိ၏ယုံကြည်မှုကိုသော် လည်းကောင်း၊ မယုံကြည်မှုကိုသော် လည်းကောင်း အခြေပြု၍ သူတစ်ပါးကို မထိခိုက်မနစ်နာရအောင်လည်း ဥပဒေက ထိန်းသိမ်းစောင့်ရှောက်ပေးထားပါ၏။

ထို့ပြင် ယနေ့ကာလ မြန်မာနိုင်ငံရှိ လူတစ်ယောက်၏ မိမိယုံကြည်ရာကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်ဆိုသည်ကလည်း ယခင်ကာလများနှင့် နှိုင်းစာလျှင် အလွန့်အလွန် ကွာခြားလှစွာ ပွင့်လင်းသည့်အချိန်ဟု ဆိုရပါမည်။

အမှောင်ခေတ်ကာလများတုန်းကလို စိုးရိမ်ထိတ်လန့်စရာမလိုတော့သည့်အတွက် တစ်ခါတစ်ရံ၌ ပြင်းထန်သောအရေးအသားများ၊ ဝေဖန်ပြစ်တင်မှုများ၊ အချို့ဆိုလျှင် အလွန်တရာရက်စက်ကြမ်းကြုတ်မှု ဓာတ်ပုံနှင့် စာသားများ ဖြန့်ဖြူးလာကြသည်ကိုပင် တွေ့သိရပါသည်။

ပညာတတ်များဟုယူဆရသော အဝန်းအဝိုင်းအတွင်းမှာပင် အထောက်အထားမရှိ မည်သို့မျှ ယုံကြည်နိုင်စရာမရှိသည့် ယုံတမ်းစကားများ၊ သတင်းများနှင့် ရွှေပေလွှာများကို အားရပါးရ ယုံယုံကြည်ကြည် ဖြန့်ဝေနေသည်ကို တွေ့ရသည်။ ခေါင်းငါးလုံးနှင့် မြွေ၊ အနှစ် ၈၀၀ ကျော်ကြာမှ တစ်ခါကြုံရသည့် စနေ၊ တနင်္ဂနွေ၊ တနင်္လာ ငါးရက်စီရှိသော ဒီဇင်ဘာလ၊ ဆုတောင်းပြည့်သစ်ကိုင်းခြောက် ဓာတ်ပုံစသည် စသည်....။

ဤနေရာ၌ လူတစ်ယောက်၏ မွေးရာပါအခွင့်အရေးအရ မိမိယုံကြည်လိုသည့်အတိုင်း ယုံကြည်နိုင်ခွင့်ရှိသော်လည်း နေ့စဉ် လူမှုဘဝတွင်းက အချို့သောကိစ္စများတွင်မူ ဆင်ခြင်တုံတရားနှင့် စဉ်းစားဉာဏ်ဖြင့် ယုံကြည်လျှင် ပိုမိုသင့်လျော်ကောင်းမွန်မည်ဟု ယူဆစရာများလည်း တွေ့မြင်ရပါသည်။

အထူးတလည် အားစိုက်စရာမလိုဘဲ အနည်းငယ်ဆင်ခြင်ကြည့်လျှင်ပင် ယုံကြည်လောက်စရာမရှိသည်တို့ကို ယုံကြည်နေကြခြင်းက လောဘ ဒေါသ မောဟ တိမ်သလ္လာတို့ ကွယ်ဆီးထားသည်လားဟု တွေးမိရပါသည်။ လိုချင်စိတ်ပြင်းပြလွန်းနေ၍ သို့မဟုတ် မုန်းတီးစိတ်လွန်နေ၍ ဘာကိုမှ အမှန်တိုင်းမြင်၍မရတော့သည့် အတ္တ မာနတို့က ဦးဆောင်နေ၍။

သို့တည်းမဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် တမင်ပင် မမှန်သတင်းများကို ယုံကြည်ယောင်ပြုနေကြရော့လားဟု တွေးမိနေပါသည်။ ထို့အတူ ကိုယ်ကျိုးစီးပွားပေါ်အခြေခံပြီး မဟုတ်မမှန်မှုများကို ကျင့်ဝတ်သိက္ခာမဲ့စွာ ဖန်တီးရေးသား ဖြန့်ဝေနေမှုများကို သိမြင်နားလည်နိုင်ရန်လည်း လိုပါမည်။

အချုပ်အားဖြင့်ဆိုရပါလျှင် နိုင်ငံသားများ၏ ဆင်ခြင်တွေးတောမှု၊ ဉာဏ်ပညာပါသော ယုံကြည်လက်ခံမှုတို့က နိုင်ငံနှင့် လူမျိုး၏ တိုးတက်မြင့်မားရေးနှင့် ဂုဏ်သိက္ခာတို့အတွက် အရေးပါသောလိုအပ်ချက်များ ဖြစ်ပါမည်ဟု ယုံကြည်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## အမျိုးသားအောင်ပွဲနေ့အကြို စာစီစာကုံးပြိုင်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အင်းစိန်မြို့နယ် စာပေဉယျာဉ် (Book Club ) တို့ ပူးပေါင်းကျင်းပသော (၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲနှင့် စာပေဟောပြောပွဲကို ယနေ့ ညနေ ၆ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မျက်နှာစာ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် အင်းစိန်မြို့နယ်အတွင်းမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမဆုကို အ-ထ-က(၆)မှ မဆုရည်ဇင်မင်းက လည်းကောင်း၊ ဒုတိယဆုကို အ-ထ-က(၈)မှ မမြသီရိနိုင်က လည်းကောင်း၊ တတိယဆုကို အ-ထ-က(၃) မှ မရွှန်းလဲ့ရတနာက လည်းကောင်း ရရှိကြပြီး အထူးဆုရှစ်ဆုနှင့် နှစ်သိမ့်ဆု ၂၂ ဆုကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာ မောင်သာတင့်၊ စာရေးဆရာ ရန်မိုးအောင်နှင့် စာရေးဆရာ ဦးရန်နောင်( ပညာရေး) တို့က အမျိုးသားအောင်ပွဲနေ့အကြောင်းများ ဟောပြောခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တိုင်းဒေသကြီးဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၉၁ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)**
**တိုင်းဒေသကြီးဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်အရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရှိ အောက်ပါ တိုင်းဒေသကြီးဝန်ကြီးဌာနများကို ယှဉ်တွဲပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | မူလဝန်ကြီးဌာန | ပြင်ဆင်ဖွဲ့စည်းသည့်ဝန်ကြီးဌာန |
|---|---|---|
| (၁) | စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန | လူမှုရေးဝန်ကြီးဌာန |
| (၂) | သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန |

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဂျပန်ဘုရင်မင်းမြတ်၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဂျပန်ဘုရင်မင်းမြတ်၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ်(၈၀) ရှိ ဂျပန်သံအမတ်ကြီး နေအိမ်၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ဂျပန်နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro Maruyama က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သက်ပုံ၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





## တိုင်းရင်းသားဘာသာစာပေ သင်ကြားမည့် နေ့စားလပေး ဆရာ၊ ဆရာမများနှင့် တိုင်းရင်းသားဘာသာသင်များအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ လျှောက်လွှာခေါ်ယူ

**နေပြည်တော် ဒီဇင်ဘာ ၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေ သင်ကြားမည့် နေ့စားလပေးဆရာ၊ ဆရာမများ (Teaching Assistant)နှင့် တိုင်းရင်းသားဘာသာသင် (Language Teacher ) များ ခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားဘာသာစာပေ သင်ကြားမည့် နေ့စားလပေး ဆရာ၊ ဆရာမများ (Teaching Assistant) ရာထူးကို လျှောက်ထားလိုသူသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုး အသက်(၁၈) နှစ်ပြည့်ပြီး အနိမ့်ဆုံးပညာ အရည်အချင်း (၉)တန်းအောင်မြင်ရန် လိုအပ်ပြီး မြန်မာဘာသာစကားနှင့် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားကို ကျွမ်းကျင်စွာ အရေး၊ အဖတ်၊ အပြောသင်ကြားနိုင်သူဖြစ်ရမည့်အပြင် မူလတန်းအောက်ဆင့် KG ၊ ပထမတန်း၊ ဒုတိယတန်း၊ ကျောင်းသင်ခန်းစာ ပြဋ္ဌာန်းချက်များကို သင်ကြားပေးနိုင်သူဖြစ်ရမည်။

တိုင်းရင်းသားဘာသာသင် (Language Teacher) များအတွက် လျှောက်ထားလိုသူသည် အသက်(၁၈)နှစ်ပြည့်ပြီး ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားကို ကျွမ်းကျင်စွာ အရေး၊ အဖတ်၊ အပြောသင်ကြားပေးနိုင်သူ ဖြစ်ရမည်။

ရွေးချယ်ခန့်ထားခံရသူသည် ခန့်ထားသည့် ဒေသကျောင်းတွင် အနည်းဆုံး (၃)နှစ် ဆက်တိုက် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး ဒေသခံများကို ခန့်အပ်ခြင်းဖြစ်သည့်အတွက် နေရာပြောင်းရွှေ့လျှောက်ထားမှုကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Facebook Page တွင် Download ရယူ၍လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးရုံးများတွင် အခမဲ့ရယူနိုင်ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်အတွင်း အချက်အလက်များ ပြည့်စုံစွာဖြင့် လျှောက်ထားနိုင်ပြီး ဒေသခံတိုင်းရင်းသားများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများတွင် လည်းကောင်း၊ နေပြည်တော်တွင်း နေထိုင်သူသည် ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန (ရုံးချုပ်)သို့ လည်းကောင်း လျှောက်ထားနိုင်သည်။ လျှောက်လွှာနှင့်အတူ ခိုင်လုံမှန်ကန်သော ပညာအရည်အချင်း ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ၊ ကျန်းမာကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ထောက်ခံချက်များ ပူးတွဲပါရှိရန် လိုအပ်သည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဖုန်း ၀၆၇-၃၄၀၉၃၁၄၊ ၀၆၇-၃၄၀၉၃၁၅ နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးရုံးများတွင် စုံစမ်းနိုင်ပြီး နိုဝင်ဘာ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ဒီဇင်ဘာ ၁ ရက်ထုတ် ကြေးမုံသတင်းစာများတွင် ကြော်ငြာ၍ လျှောက်လွှာများ ခေါ်ယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးအနည်းငယ် ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးအနည်းငယ် ရွာနိုင်သည်။

**မိုး/ဇလ**



# (၄၇)ပါးစုံညီ အစည်းအဝေး

**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ အဋ္ဌာရသမ အစည်းအဝေး ပထမနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ သြဝါဒကထာ မြွက်ကြားစဉ်။** သတင်းစဉ်



❋ *ရှေ့ဖုံးမှ*

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူရာ၌ ယခု သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး၌ လျှောက်ထားလိုသော အကြောင်းအရာ (၄)မျိုး ရှိပါကြောင်း။

**ပထမတစ်မျိုးမှာ -** ဆရာတော်များ သိရှိပြီးဖြစ်တော်မူသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတိမမူ ဂူမမြင်ဆိုသကဲ့သို့ ဖြစ်နေမည်စိုးရိမ်သဖြင့် သတိပေးစကား လျှောက်ထားလိုခြင်းဖြစ်ပါကြောင်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းအခန်း (၆) အပိုဒ် (၁၁၁)၏ သီလရှင်အမှုဆောင်အဖွဲ့သစ်များ ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ညွှန်ကြားပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးချယ်ဖွဲ့စည်းတင်ပြလာခြင်း မရှိသေးသဖြင့် ထပ်မံနှိုးဆော်သင့်ပါကြောင်း၊ ရွေးချယ်ဖွဲ့စည်းတင်ပြလာသည့် အဖွဲ့များကိုလည်း အတည်ပြုပြန်တမ်းထုတ်ပြန်၍ သီလရှင် စည်းမျဉ်းလုပ်ထုံးလုပ်နည်းက ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်စေသင့်ပါကြောင်း။ သို့မှသာ ဘိက္ခုနီသာသနာ အဆက်ပြတ်ခဲ့သောနေရာ၌ သာသနာ့နွယ်ဝင် သီလရှင်များ အစားထိုး၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို တစ်တပ်တစ်အား အားဖြည့်ဆောင်ရွက်နိုင်သော သီလရှင်၊ သိက္ခာရှင် အလုပ်အမှုဆောင် အဖွဲ့အစည်းများ၏ အင်အားကို ရယူပြီးဖြစ်မည် ဖြစ်ပါကြောင်း။

**လုပ်ငန်းရည်မှန်းချက် မျက်ခြည်မပြတ်ရန်လို**

**စတုတ္ထအချက်**အနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရေးဆွဲပြဋ္ဌာန်းသော စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရေးဆွဲ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပြဋ္ဌာန်းသော စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများ၏ ရည်ရွယ်ချက်များ မျက်ခြည်မပြတ်ရေးပင် ဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့စသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ရာ နိုင်ငံတော်၏ အဆင့်အမြင့်ဆုံးအဖွဲ့ဖြစ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့က အခါအားလျော်စွာ ပြင်ဆင်ရေးဆွဲသည့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းလက်စွဲကျမ်းများ၌ ခိုင်မာသည့် အခြေခံမူများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ လုပ်ငန်းတာဝန်များ လုပ်ဆောင်ရာ၌ လုပ်ငန်းရည်မှန်းချက် မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း၊ ရည်မှန်းချက် မျက်ခြည်ပြတ်ပါက အချိန်ကုန်၊ အင်အားကုန်၊ ပင်ပန်းပြီး အကျိုးမဲ့၊ အချည်းနှီးဖြစ်နိုင်ပါကြောင်း။ သို့ဖြစ်၍ အကျိုးမဲ့ အလဟဿ၊ အဟောသိကံ မဖြစ်စေရေး ဂရုပြုကြရမည် ဖြစ်ပါကြောင်း။

ပြဋ္ဌာန်းခဲ့သော စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများ၏ ရည်မှန်းချက်အတိုင်း ဆောင်ရွက်ကြရေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဦးဆောင်သော အဖွဲ့အစည်းအသီးသီး အနေဖြင့် အထူးဂရုပြုစေလိုကြောင်း တိုက်တွန်းလျှောက်ထားအပ်ပါကြောင်း သြဝါဒကထာ မြွက်ကြားသည်။

**သံဃာစာရင်း အမှန်ရရှိရန်လို**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ရာ၌ ရဟန်းကောင်း၊ ရဟန်းမြတ်၊ ရဟန်းစစ်၊ ရဟန်းမှန်များနှင့် အသိအမှတ်ပြု သာသနာ့ဝင်စိစစ်ရေးကတ်ပြားပင်မရှိသော ရဟန်းတု၊ ရဟန်းယောင်များ၊ သာသနာ့ဝင်စိစစ်ရေးကတ်ပြား ရှိသော်လည်း သာသနာကို အကာအကွယ်ပြုလျက် လုပ်ကိုင်စားသောက်နေသော အဓမ္မဝါဒီများ မစင်ကြယ်သော အလဇ္ဇီ၊ ဒုဿီလ၊ အသုဒ္ဓပုဂ္ဂိုလ်များကို ခွဲခြား အရေးယူနိုင်ရန်အတွက် ကျောင်းနေဝါဆိုသံဃာစာရင်း အမှန်ရရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယက ညွှန်ကြားလွှာအမှတ် (၂၅) တွင် ဝါဆိုသံဃာစာရင်းကို မြို့နယ်သံဃမဟာနာယကအဖွဲ့များ (ဂိုဏ်းအားလုံး)သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာ အမှတ် (၂၂) အရ ကျောင်းအင်္ဂါနှင့် ညီညွတ်သော ဘုန်းတော်ကြီးကျောင်းများကိုသာ ကျောင်းစာရင်း ရေးသွင်းစေပြီး သံဃနာယက လက်စွဲအခန်း (၉)၊ အပိုဒ် ၁၈၅ အရ၊ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ၏ ကန့်ကွက်ခြင်းမခံရသော သံဃာတော်များကိုသာ ဝါဆိုသံဃာစာရင်းတွင် ထည့်သွင်းကောက်ယူရပါကြောင်း။

ဝါဆိုသံဃာစာရင်းအမှန်ရရှိခြင်းအားဖြင့် ပထမပြန်၊ ဓမ္မာစရိယစာမေးပွဲဖြေဆိုရေးများအပါအဝင် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ သာသနာတော်သန့်ရှင်းရေးအတွက် ဝိနိစ္ဆယရေးရာလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း များစွာသော အထောက်အပံ့များ ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝါဆိုသံဃာစာရင်းများ ကောက်ယူရေးဆိုင်ရာ ညွှန်ကြားလွှာလုပ်ထုံးလုပ်နည်းများ ရှိပြီးဖြစ်သဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရေး ထပ်မံညွှန်ကြားသင့်သည်ဟု လျှောက်ထားအပ်ပါကြောင်း။

**ဣန္ဒြေကင်းမဲ့စွာ ရဟန်းသာမဏေ သီလရှင်များ တိုးပွားနေ**

ယခုအခါ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ မြို့နယ်အသီးသီးတွင် သမဏသာရုပ္ပဂုဏ်ကိုမဆောင်သည့် ကိုယ်တိုင်ကားမောင်းခြင်း၊ ကိုယ်တိုင်ဆိုင်ကယ်မောင်းခြင်း၊ ရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် အချိန်အခါမဲ့ အလှူခံခြင်းတို့ကို ဣန္ဒြေကင်းမဲ့စွာ ပြုလုပ်နေသော ရဟန်းသာမဏေ သီလရှင်များ တစ်စတစ်စ တိုးပွားလာနေသည်ကို ကြားသိနေရပါကြောင်း၊ အဆိုပါ ရဟန်းသာမဏေ၊ သီလရှင်များကို ကြိုတင်ဟန့်တားမပြုလုပ်နိုင်ပါက **“အလဇ္ဇီတစ်ပါးသည် အလဇ္ဇီတစ်ရာကို ပြုနိုင်၏”**ဟူသော အဋ္ဌကထာဆရာ၏ မိန့်မှာချက်နှင့်အညီ သမဏသာရုပ္ပဂုဏ်ကို မဆောင်သော ရဟန်းသာမဏေတစ်ပါးမှ သမဏသာရုပ္ပဂုဏ်ကို မဆောင်သော ပုဂ္ဂိုလ်အစုလိုက်အဆမတန် တိုးပွားများပြားလာနိုင်ပါကြောင်း၊ ထိုအခါ **“အပ်ဖြင့်ထွင်းရမည့်အရာကို ပုဆိန်ဖြင့် ပေါက်ရသကဲ့သို့”** ဖြစ်လာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ သမဏသာရုပ္ပဂုဏ်ကို မဆောင်သည့် စောင့်စည်းမှုကင်းမဲ့သော ရဟန်းသာမဏေများကို ဓမ္မဝိနယဥပဒေများနှင့်အညီ အရှိန်အဟုန်မြှင့်၍ ကြပ်မတ်ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့များထံ ထပ်မံညွှန်ကြားသင့်ပါကြောင်း။

**အားပေးချီးမြှောက်ထိုက်**

မြန်မာနိုင်ငံတစ်ဝန်း မြို့အနှံ့၊ ရွာအနှံ့ တရားပွဲများကျင်းပပြီး တရားဟောဓမ္မကထိကများက တရားရေအေးအမြိုက်ဆေး တိုက်ကျွေးလျက်ရှိရာ အလွန်ပင် ဝမ်းမြောက်ဖွယ်ဖြစ်ပြီး အားပေးချီးမြှောက်ထိုက်ပါကြောင်း၊ တစ်ချိန်တည်းတွင် ဗုဒ္ဓဘုရားရှင်၏ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ဟောကြားပြသရာ အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များအနေဖြင့် လည်းကောင်း၊ ရိပ်သာတရားပြဆရာတော်များ၊ တရားဟောဓမ္မကထိကဆရာတော်များအား အချိန်အခါအားလျော်စွာ တွေ့ဆုံမှုများပြုလုပ်ပြီး လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်သင့်ပါကြောင်းကိုလည်း အကြံပြု လျှောက်ထားလိုပါကြောင်း။

**ပဋိပက္ခအများအပြားကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ အရ ဘာသာအသီးသီးကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားသည်နှင့်အညီ နိုင်ငံအတွင်း ဘာသာရေးကို အခြေခံသည့် ပဋိပက္ခများ မဖြစ်ပွားရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ရရှိရန်မှာ အလွန်အရေးကြီးပါကြောင်း၊ ၈-၈-၂၀၁၈ ရက်နေ့တွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ၁၂၉ ဖွဲ့ကိုလည်း ၂၀၁၀ ပြည့်နှစ်ကာလများကတည်းက ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ၎င်းအဖွဲ့များက တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ဖြစ်ပွားခဲ့သော ဘာသာမတူသောသူများ၏ လူမှုရေးကိုအခြေခံသည့် အငြင်းပွားမှုများ၊ ပဋိပက္ခအများအပြားကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် အကျယ်အကျယ် မငြိမ်းဖွယ်များ မဖြစ်ပွားခဲ့ခြင်းဖြစ်ပါကြောင်း။

**အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများဖွင့်**

ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို သိရှိလိုက်နာပြီး ကိုယ်ကျင့်သီလ ပိုမိုစောင့်ထိန်းလာနိုင်စေရန်အတွက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်နှင့် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းကြီး အနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး တို့တွင်လည်း အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများကို ဖွင့်လှစ်ခဲ့သည်မှာ အကြိမ်ပေါင်း ၁၇၈၀ ကြိမ်၊ သင်တန်းသား၊ သင်တန်းသူ ၁၃၃၀၀၀၀ ကျော်ရှိခဲ့ပြီး ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

**ဒုတိယအချက်**အနေဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အနားယူအစားထိုးခြင်း၊ သံဃာ့အဖွဲ့အစည်း သက်တမ်းသတ်မှတ်ခြင်းကိစ္စရပ်များကို ဤအစည်းအဝေးသို့ တင်ပြအဆုံးအဖြတ်ခံယူမည်ဟု သိရှိထားသည့်အားလျော်စွာ သတိဆောင်၍ အမှားအယွင်းမရှိအောင် သုံးသပ်ဆုံးဖြတ်နိုင်ရေး လျှောက်ထားလိုပါကြောင်း။



မြန်မာ-နီပေါ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

❒ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ တို့သည် Hotel Annapurna ၌ ကျင်းပသည့် မြန်မာ-နီပေါ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နီပေါနိုင်ငံ ဝန်ကြီးချုပ်အနေဖြင့် နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်နိုင်ရေး ဖိတ်ကြားခဲ့သည်။

**နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး**

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာချုန်လွှာလက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ တို့သည် အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပသည့် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**အပြန်အလှန် လဲလှယ်**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ ရှေ့မှောက်၌ **"မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို"** အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Pradeep Kumar Gyawali တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။



**မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Pradeep Kumar Gyawali တို့ လက်မှတ်ရေးထိုးစဉ်။**

သတင်းစဉ်

**နေ့လယ်စာစားပွဲတက်ရောက်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်က Hotel Annapurna ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် ကွန်ဂရက်ပါတီ ဥက္ကဋ္ဌ Mr. Sher Bahadur Deuba က Soaltee Crowne Plaza Hotel ၌ လာရောက်တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ Soaltee Crowne Plaza Hotel Ballroom ၌ ကျင်းပသည့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် ကွန်ဂရက်ပါတီ ဥက္ကဋ္ဌ Mr. Sher Bahadur Deuba တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

*စာမျက်နှာ ၃ မှ*

သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဟူသော မဏ္ဍိုင်သုံးရပ်ကို အခြေခံကာ ဓမ္မဝိနယနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့များ၏ ကြီးကြပ်မှု၊ မြို့နယ်၊ ရပ်၊ ကျေးသံဃနာယကအဖွဲ့များ၏ အနီးကပ်ထိန်းကျောင်းဆောင်ရွက်မှုတို့ဖြင့် ဟန်ချက်ညီစွာ ဆောင်ရွက်ပါလျက် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးသည် ပြည်တွင်းသာမက ပြည်ပသို့တိုင် ထွန်းကားပြန့်ပွားမည်မှာ မလွဲဧကန် ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာစာရာဘိဝံသက လည်းကောင်း၊ ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းနှင့် သာသနာ့ရေးရာကိစ္စများ၊ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို အဖွဲ့ဝင် ဆရာတော်ကြီးများကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားပြီး တာဝန်ကျအဖွဲ့ခွဲဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား နေ့ဆွမ်းအလှူရှင်များအဖြစ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း)နှင့် ဒေါ်ကြိုင်ကြိုင်မိသားစု၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့် ဒေါ်မြမြစန်း မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး)နှင့် ဒေါ်ခင်သန်းနွဲ့ မိသားစု၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ(ငြိမ်း)နှင့် ဒေါ်ခင်ခင်ဝင်းမိသားစု၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီးစိုးဝင်း) နှင့် ဒေါ်သန်းသန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး(ငြိမ်း)နှင့် (ဒေါ်ကြည်ကြည်အုန်း) မိသားစု၊ ဇေယျကျော်ထင် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)နှင့် ဒေါ်နန်းခင်လှဝင်းမိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)နှင့် ဒေါ်မာလာတင့်မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)နှင့် ဒေါ်ခင်နှင်းဝေမိသားစု၊ မဟာသရေစည်သူ(ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို-ငြိမ်း)နှင့် ဒေါ်ခင်လေးမြင့်မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)နှင့်(ဒေါ်စမ်းစမ်းရီ)မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)နှင့် ဒေါက်တာတင်လင်းမြင့်မိသားစုတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**အရုဏ်ဆွမ်းဆက်ကပ်**

အရုဏ်ဆွမ်းအလှူရှင်အဖြစ် လမ်းမတော်မြို့နယ် ၁၅ လမ်းနေ ကွယ်လွန်သူ ဦးဝင်းလှိုင်အား ရည်စူး၍ ဒေါ်ဝင်းဝင်းအေး မိသားစုတို့က ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ(၁၀) ကြိမ်မြောက် အာဆီယံ + ၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေးတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် (၁၀) ကြိမ်မြောက် အာဆီယံ + ၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေး တက်ရောက်သည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံ + ၃ အဆင့်မြင့်အလုပ်သမားအရာရှိကြီးများ အစည်းအဝေး၏ အစီရင်ခံစာကိုအတည်ပြုခြင်း၊ (၂၅)ကြိမ်မြောက် အာဆီယံအလုပ်သမား ဝန်ကြီးများ အစည်းအဝေး၏ အနှစ်သာရဖြစ်သော **"အာဆီယံအသိုက်အဝန်း၏ အလုံးစုံ တိုးတက်မှုနှင့် ညီမျှမှုအတွက် သစ်လွင်လတ်ဆတ်သော အလုပ်အကိုင်များ တိုးမြှင့်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်း"** အပေါ် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က ၎င်းတို့၏ အမြင်နှင့် သုံးသပ်ချက်များကို အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက 25th ALMM ၏ အနှစ်သာရကို အခြေခံ၍ သစ်လွင်လတ်ဆတ်သော အစိမ်းရောင်၏ စွမ်းအားကို အပြုသဘောဆောင်၍ ရှုထောင့် အမျိုးမျိုးမှ စဉ်းစားသုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် နည်းလမ်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် တည်ဆောက်နိုင်မည်ဟု ရှုမြင်သုံးသပ်ကြောင်း၊ ယနေ့ခေတ်တွင် မိမိတို့၏ ကြုံတွေ့နေရသော ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်ရာ၌ နည်းလမ်းသစ်တစ်ရပ် လိုအပ်ပါကြောင်း၊ **"အစိမ်းရောင်"** ဟူသော စကားလုံးကို ထပ်မံအဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မပြုရုံသာမက ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှု၊ လေးစားမှု၊ ဝေမျှခံစားမှု၊ တန်းတူရည်တူရှိမှုနှင့် ကရုဏာထားမှုတို့ကို ဖော်ပြပါကြောင်း၊ အနာဂတ်တွင် အာဆီယံကို စိမ်းလန်း၊ လုံခြုံစိတ်ချရ၍ ချမ်းသာကြွယ်ဝသော ဒေသတစ်ခုဖြစ်စေရန် မျှော်မှန်းပြီး အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၂၅)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးများ ပိတ်ပွဲအခမ်းအနား တက်ရောက်ခဲ့ပြီး ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**

# တနင်္သာရီ၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန် ပုသိမ်မြို့အကျဉ်းထောင်အား သွားရောက်စစ်ဆေး

**ပုသိမ် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်သည် ရုံးအဖွဲ့မှူး ဦးဇေယျာတင့်ညို၊ ပုသိမ်ခရိုင် တရားသူကြီး ဒေါ်စိုးဉာဏ်နှင့် ပုသိမ်မြို့နယ်တရားသူကြီး ဒေါ်ခင်မြတ်မြတ်ထွန်း တို့သည် ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ အကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသား၊ အချုပ်သားများ၏ ဥပဒေအရ ခံစားရရှိခွင့်ရှိသော အခွင့်အရေးများရရှိရေး၊ စားသောက်နေထိုင်မှုများ ကောင်းမွန်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြည့်စုံမှုရှိရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသား၊ အချုပ်သားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုပြပွဲ ငွေဆောင်ကမ်းခြေ၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေရှိ ယမုံနာဦးဟိုတယ်၌ ကျင်းပသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ဦးဆောင်၍ ဂျပန်ပြည်ပကုန်သွယ်မှု အဖွဲ့အစည်း (JETRO)နှင့် Myanmar Survey Research Co.,Ltd. (MSR) တို့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ JICA နှင့် JETRO တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြပွဲတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကို ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ Chief Representative ဖြစ်သူ Mr. Masayuki Karasawa နှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ စသည့် ကဏ္ဍများအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် တိုးတက်မှုများကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း စစ်တမ်းအစီရင်ခံစာကိုတင်ပြပြီး ရင်းနှီးမြှုပ်နှံရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၏ 



အားသာချက်များခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လုပ်ငန်းရှင်များ တွေ့ဆုံပွဲကိုကျင်းပရာ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ အချင်းချင်း မိမိစိတ်ပါဝင်စားမှု ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးကြသည်။

ယနေ့ အခမ်းအနားသို့ တက်ရောက်လာသူများသည် ဒီဇင်ဘာ ၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးရှိ အိမ်ရာစီမံကိန်းများ၊ ပုစွန်မွေးမြူရေးလုပ်ငန်း၊ ပုသိမ် စက်မှုဇုန်နှင့် ပုသိမ်စက်မှုမြို့တော်တို့သို့ သွားရောက်လေ့လာကြမည် ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲသည် တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ပိုမိုသိရှိနားလည်စေမည်ဖြစ်သဖြင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအတွက် လွယ်ကူအဆင်ပြေစေမည့်အပြင် ဧရာဝတီတိုင်းဒေသကြီးအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်မည့် အထောက်အပံ့တစ်ခု ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး၊ ခတ်ပုံ-ဇဇော်**

# အမျိုးသားအောင်ပွဲနေ့ စဉ်မမေ့

ညိုညိုယဉ်(ဒိုက်ဦး)

**တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် မြန်မာတစ်မျိုးသားလုံး၏ မမေ့မပျောက်နိုင်သော၊ ဂုဏ်ယူမြတ်နိုးဖွယ် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေသည်။ နှစ်စဉ်နှစ်တိုင်း ဤနေ့၊ ဤရက်၊ ဤအချိန်အခါတွင် အမျိုးသားအောင်ပွဲနေ့၏ ဂုဏ်အင်္ဂါများကို ပြန်လည်တွေးဆ၊ သတိရကြပေသည်။**



### သပိတ်မှောက်၍ ထွက်လာသောနေ့

တန်ဆောင်မုန်းလပြည့်ကျော် (လဆုတ်) ၁၀ ရက်နေ့သည် အမှန်အားဖြင့် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်က ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားကြီးများသည် အင်္ဂလိပ်အစိုးရက မြန်မာပြည်နှင့် မြန်မာလူမျိုးများအတွက် တီထွင်လိုက်သည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေနှင့် သူတို့၏ ကျောင်းများကို သပိတ်မှောက်၍ ထွက်လာသောနေ့ ဖြစ်ပေသည်။

မြန်မာပြည်အရပ်ရပ်ရှိ နိုင်ငံရေးအသင်းများ၏ ဂျီ၊ စီ၊ ဘီ၊ အေ(ခေါ်) မြန်မာအသင်းချုပ်ကြီး၏ ၁၉၂၁ ခုနှစ် အောက်တိုဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့် ပြည်လုံးကျွတ်နှစ်ပတ်လည် ညီလာခံသဘင်ကြီးတွင် ထိုကောလိပ်ကျောင်းသားကြီးများ သပိတ်မှောက်၍ ထွက်လာသောနေ့ကို မြန်မာအမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့ကြပေသည်။

### ပျင်းရိ၍ မဟုတ်

ထိုသို့ ကောလိပ်ကျောင်းသားကြီးများသည် ပညာဆက်လက်၍ သင်ကြားရန် ပျင်းရိ၍မဟုတ်။ မြန်မာပြည်နှင့် မြန်မာတစ်မျိုးသားလုံး၏ အနာဂတ်ကောင်းစားရေးအတွက် မိမိတို့ ပညာသင်ကြားရေးနှင့်တကွ နောင်ရေးကိုပါ အဆုံးရှုံး အနစ်နာခံကာ ထွက်လာကြခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများက ဖော်ပြနေပေသည်။ ကောလိပ်ကျောင်းသားကြီးများက ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သူတို့၏ ကျောင်းများကို ကောလိပ်ကျောင်းသားကြီးများက သပိတ်မှောက်၍ ထွက်လာကြခြင်းမှာ အင်္ဂလိပ်အစိုးရက ဖိနှိပ်စီမံမှု အပေါ် ငုံ့၍ မခံ။ ထိထိရောက်ရောက် တုံ့ပြန်တိုက်ခိုက်ခြင်းဟု ဆိုရပေမည်။

### ချုပ်ချယ်မှု

၁၉၂၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုမျှ မရှိသေးချေ။ ထိုအခါက ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းများမှာ ကာလကတ္တား တက္ကသိုလ်လက်အောက်ခံကျောင်းများ ဖြစ်ခဲ့ကြပေသည်။ ကာလကတ္တား တက္ကသိုလ်မှ ပြဋ္ဌာန်းသော ပညာရပ်များကိုသာ သင်ကြားရပြီး ထိုတက္ကသိုလ်မှစစ်သော စာမေးပွဲများကိုသာ ဖြေဆိုခဲ့ကြရပေသည်။ သို့ဖြင့် ၁၉၂၀ ပြည့်နှစ်တွင် မြန်မာပြည်၌ သီးသန့်တက္ကသိုလ်တစ်ခုထားရန် ယူဆကာ မြန်မာလူမျိုးများနှင့် သင့်တော်မည်ဟုဆိုသော တက္ကသိုလ်ဥပဒေကြမ်းကို အင်္ဂလိပ်အစိုးရက ရေးဆွဲခဲ့ခြင်း ဖြစ်ပေသည်။

၁၉၂၀ ပြည့်နှစ် ဇွန်လတွင် တိုင်းပြည်မှ ဝေဖန်နိုင်ရန် ကြေညာခဲ့သည်။ ထိုဥပဒေကြမ်းသည် မြန်မာလူမျိုးများ အထက်တန်းပညာသင်ကြားနိုင်ရေးကို များစွာချုပ်ချယ်ထားကြောင်း တွေ့ရပေသည်။ ထို့ကြောင့် တိုင်းပြည်အဝန်း မြို့လုံးကျွတ် အစည်းအဝေးများ ပြုလုပ်ပြီး သတင်းစာများမှ ဝေဖန်ကန့်ကွက်ခြင်း အပါအဝင် အမျိုးမျိုး ကန့်ကွက်ခဲ့ကြပေသည်။ သို့သော် အင်္ဂလိပ်အစိုးရက အနည်းငယ်မျှ မဖြို၊ ကန့်ကွက်ချက်များကို အရေးမယူ၊ လျစ်လျူရှုခဲ့ပေသည်။ ထိုဥပဒေကြမ်းကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် အတည်ပြုကြောင်း ကြေညာလေသည်။

> **"မြန်မာ့သမိုင်းတွင် ထင်ရှားပေါ်လွင်၍ တစ်မျိုးသားလုံး၏ အရေး၊ ပညာရေး၊ ကျောင်းသားအရေး၊ ခေတ်မီဖွံ့ဖြိုးရေးများ၏ အခြေခံဖြစ်သော အမျိုးသားအောင်ပွဲနေ့သည် ဘယ်သောအခါမှ မေ့ပျောက်၍မရသော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။ "အမျိုးသားအောင်ပွဲနေ့စဉ်မမေ့" ဟူသောဆန္ဒဖြင့် ယနေ့ နိုင်ငံတော်၏ ရှေ့ဆက်ရမည့်ခရီးကို ပြည်သူအပေါင်း အားကြိုးမာန်တက် ဆက်လက်ချီတက်ကြရမည်လည်း ဖြစ်ပေသည်"**

### ကျောင်းသားကြီး -၁၁ ဦး

ရန်ကုန်တက္ကသိုလ်ဥပဒေကို အတည်ပြုလိုက်သောအခါ ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်နေ့၌ ရွှေတိဂုံဘုရား ကုန်းတော်ပေါ်သို့ သွားရောက်ပြီး ဆွေးနွေးတိုင်ပင်မှု ပြုခဲ့ကြလေသည်။ ကျောင်းသားကြီး ၁၁ ဦးမှာ ကိုဘရှင်၊ ကိုညီဝိတ်၊ ကိုဖိုးကွန်း၊ ကို၏၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင်၊ ကိုဘခင်၊ ကိုအောင်ဒင်နှင့် ကိုဘဦးတို့ ဖြစ်ပေသည်။

### သပိတ်မှောက်ရသည့် အကြောင်းရင်း

ထို့နောက် ကျောင်းသားပေါင်းစုံ အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ သပိတ်မှောက်ခြင်းများ ဆက်လက်ပြုလုပ်ကြပေသည်။ သပိတ်မှောက်ရသည့် အကြောင်းရင်းမှာ ရန်ကုန်တက္ကသိုလ်ဥပဒေတွင် မြန်မာလူမျိုးများ အထက်တန်းပညာ မသင်ကြားနိုင်ရန် ချုပ်ချယ်ခြင်းကြောင့် ဖြစ်ပေသည်။ မြန်မာတွေ အထက်တန်းပညာမတတ်လျှင် တိုးတက်မှုရှိမည်မဟုတ်။ သူတို့လက်အောက်တွင် သူတို့ လုပ်သရွေ့ငုံ့ခံစေကာ ဖိနှိပ်သည့် သဘောဖြစ်ပေသည်။ ကောလိပ်ကျောင်းသားကြီးများက သပိတ်မှောက်၍ ထွက်လာကြသကဲ့သို့ မြန်မာတစ်ပြည်လုံးရှိ ၇ တန်း၊ ၁၀ တန်း ကျောင်းသားများကလည်း သူတို့၏ ကျောင်းများကို သပိတ်မှောက်၍ ထွက်လာကြပေသည်။

### အမျိုးသားကျောင်းများတည်ထောင်ခြင်း

သပိတ်မှောက် ကျောင်းသားများ၊ အထူးသဖြင့် ကျောင်းသားငယ်များ စာသင်မပျက်စေရန် တစ်တန်းမှ ၁၀ တန်းအထိရှိသော အမျိုးသားကျောင်းများကို တည်ထောင်ခဲ့ရပေသည်။ ထိုကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းဖြင့် အင်္ဂလိပ်အစိုးရက မြန်မာများပညာမတတ်အောင် ချုပ်ချယ်ခြင်းကို တိုက်ဖျက်ရန် ရည်ရွယ်ပေသည်။

အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ သာမန်ပညာရေးကိုသာ အဓိကထားခဲ့သည်မဟုတ်။ အမျိုးသားကျောင်း တက်ရောက်ကြသော ကျောင်းသား ကျောင်းသူများအား မျိုးချစ်စိတ်ဓာတ်သွင်းပေးပြီး နယ်ချဲ့ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေးအထိပါ ရည်ရွယ်ခဲ့ပေသည်။

၁၉၂၁ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် "ကျွန်ုပ်တို့သည် မျိုးစေ့ချသောသူများဖြစ်သည်၊ (We are the Soweres) "ဟု ခေါင်းတပ်ကာ "အမျိုးသားပညာရေး၏ နောက်ဆုံးရည်ရွယ်ချက်သည် အမျိုးသားလွတ်မြောက်ရေး၊ ဝါ၊ မြန်မာလူမျိုးတို့ အင်္ဂလိပ်လက်အောက်မှလွတ်မြောက်ရေး ပင်တည်း" ဟု ဖော်ပြကြေညာခဲ့ပေသည်။

ဤသို့ ရည်ရွယ်ကြေညာခဲ့သည်နှင့်အညီ အမျိုးသားကျောင်းထွက် ကျောင်းသား ကျောင်းသူများ မည်မျှ ဇာတိသွေး ဇာတိမာန် တက်ကြွဆောင်ရွက်ခဲ့ပုံကို ရေနံချောင်းမြို့ အမျိုးသားကျောင်းထွက် ဗိုလ်ချုပ်အောင်ဆန်းအား စံနမူနာထားသင့်လှပေသည်။

### အကျိုးများပုံ

ကောလိပ်ကျောင်းသားများ သပိတ်မှောက်ခြင်းနှင့် အမျိုးသားကျောင်းများ တည်ထောင်ခြင်းတို့သည် လွန်စွာအကျိုးများလှပေသည်။ ကိန်းအောင်းနေသော မြန်မာများ၏ မျိုးချစ်စိတ်ဓာတ်သည် နိုးကြားပေါက်ဖွားခဲ့ခြင်း၊ ဒိုင်အာခီအုပ်ချုပ်ရေးမှ ဟုမ်းရူးကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုလာခြင်း၊ မြန်မာအား အသိအမှတ်ပြုလာခြင်း၊ အမျိုးသားကျောင်းများတွင် ဗုဒ္ဓဘာသာသင်ခန်းစာများ သင်ကြားခွင့်ရလာခြင်း၊ အမျိုးသားကျောင်းများမှ မျိုးချစ်ခေါင်းဆောင်များ ထွက်ပေါ်လာခြင်း၊ နှစ်စဉ်နှစ်တိုင်း အမျိုးသားအောင်ပွဲနေ့ ကျရောက်သည့်အခါတိုင်း သမိုင်းသက်သေများကို မမေ့မပျောက် အကျိုးထူးများ ရရှိစေခြင်း၊ အမျိုးသားအောင်ပွဲနေ့ကို အခြေခံ၍ နောင်လာနောက်သားများသည် အမျိုးသားပညာရေး၏ အနှစ်သာရကို သိရှိနားလည် ကျင့်သုံးနိုင်ခြင်းစသည့် အကျိုးတရားများ ပွားများရှင်သန် ထိန်းသိမ်းသင့်ကြပေသည်။

### လက်ဆင့်ကမ်းအမွေ

ကျောင်းသားသပိတ်နှင့် အမျိုးသားကျောင်းများမှ လက်ဆင့်ကမ်းအမွေများအဖြစ် ထပ်ဆင့်အမွေ ကမ်းလင့်ပေးသော တန်ဖိုးမဖြတ်နိုင်သည့် ကဏ္ဍများ များပြားလှပေသည်။ မြန်မာလူငယ်လူရွယ်များကို ဇာတိသွေး ဇာတိမာန် ရှင်သန်တက်ကြွစေပေသည်။ ခေတ်မီတိုးတက်သော သိပ္ပံပညာ၊ ဝိဇ္ဇာပညာများကို ဆည်းပူးနိုင်ခွင့် ရရှိပေသည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ကိန်းဝပ်ရရှိစေပေသည်။ ထိုစဉ်က သပိတ်မှောက်ကျောင်းသားခေါင်းဆောင်ကြီးများသည် နောင်အခါ ဒို့ဗမာအစည်းအရုံးဝင်များအဖြစ် စွမ်းစွမ်းတမံ ပါရှိလာပုံများက သက်သေဖြစ်ပေသည်။ မျိုးချစ်လူငယ်များ၊ ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီတို့တွင် ပါဝင်လာခဲ့ပြီး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်များအထိ ပါဝင်ဆောင်ရွက်ခဲ့ကြသည်များမှာလည်း သမိုင်းသက်သေ တည်ရှိနေပေသည်။

**အမျိုးသားနေ့ ဒို့နေ့ ဒို့နေ့**

"အမျိုးသားနေ့ ဒို့နေ့၊ ဒို့နေ့၊
-ကျွန်ပညာအလိုမရှိ
-ကြောက်မွေးပါ ဇာဂနာနဲ့နုတ်
-ရဲရဲတောက် ဒို့ဗမာ
-အရေးတော်ပုံ အောင်ရမည်" စသည့် ကြွေးကြော်သံများ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် လွှင့်ပျံနေပေသည်။

### စဉ်မမေ့-

မြန်မာ့သမိုင်းတွင် ထင်ရှားပေါ်လွင်၍ တစ်မျိုးသားလုံး၏ အရေး၊ ပညာရေး၊ ကျောင်းသားအရေး၊ ခေတ်မီဖွံ့ဖြိုးရေးများ၏ အခြေခံဖြစ်သော အမျိုးသားအောင်ပွဲနေ့သည် ဘယ်သောအခါမှ မေ့ပျောက်၍မရသော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။ **"အမျိုးသားအောင်ပွဲနေ့ စဉ်မမေ့"** ဟူသောဆန္ဒဖြင့် ယနေ့ နိုင်ငံတော်၏ရှေ့ဆက်ရမည့်ခရီးကို ပြည်သူအပေါင်း အားကြိုးမာန်တက် ဆက်လက်ချီတက်ကြရမည်လည်း ဖြစ်ပေသည်။ ကျောင်းသားခေါင်းဆောင်ကြီးများ၊ အမျိုးသားကျောင်းများ၊ မျိုးချစ်ပုဂ္ဂိုလ်ကြီးများ သယ်ဆောင်ထွန်းညှိပေးခဲ့သော အမျိုးသားအောင်ပွဲနေ့မှ လက်ဆင့်ကမ်းအမွေကို ဆက်လက်ထိန်းသိမ်းလျက် မမေ့မလျော့သော ဇွဲလုံ့လဝီရိယဖြင့် ဆက်လက်ကြိုးပမ်း ထမ်းဆောင်ကြပါစို့။ ။

## (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၃၀**

လူငယ်လူရွယ်များ၊ ကလေးသူငယ်များ မိမိတို့နိုင်ငံ၏ နေ့ထူးနေ့မြတ်များကို အလေးထားတတ်စေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရန်၊ စာအုပ်စာပေများ ဖတ်ရှုလေ့လာပြီး စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် ကလေးသူငယ်များ ကောင်းမွန်သော ယှဉ်ပြိုင်မှုများကို သတ္တိရှိရှိ ယှဉ်ပြိုင်တတ်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘိုကလေးမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က "အမျိုးသားအောင်ပွဲနေ့ တို့မမေ့" ခေါင်းစဉ်ဖြင့် (မူလတန်းအဆင့်) စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

ပြိုင်ပွဲမစတင်မီ ပြိုင်ပွဲကြီးကြပ်သူတစ်ဦးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲစတင်ခဲ့ကာ ပြိုင်ပွဲအပြီးတွင် ပထမဆုရရှိ သော (အ.လ.က ၂)၊ ဒုတိယဆုရရှိသော (အ.မ.က ဓမ္မာရုံ)၊ တတိယဆုရရှိသော (အ.ထ.က ၃)တို့မှ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး နှစ်သိမ့်ဆုရရှိသော ကျောင်းသား ကျောင်းသူများကိုပါ တစ်ဦးချင်းစီဆုများ ပေးအပ်ခဲ့သည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲကို ဘိုကလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်း ၁၆ ကျောင်းမှ မူလတန်း(အဆင့်) ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ရန်ကုန်မြို့တွင်းရှိ လမ်းမကြီးများအား လမ်းမျက်နှာပြင်ကောင်းမွန်စေရေးနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားသည်။

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၏ **ရွှေပြည်သာမြို့နယ်ရှိ လှော်ကား-ဝါးတရာလမ်းမကြီး၏ လှော်ကားအောက်လမ်းဆုံမှ ဝါးတရာမြစ်ကမ်းအထိ လမ်းအပိုင်း ၁၃၄၅ ပေခန့်သည် ကားများပြေးဆွဲမရနိုင်လောက်အောင် ဆိုးရွားစွာပျက်စီးနေသဖြင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွင်း အမြန်ဆုံးပြုပြင်၍ YBS ခရီးသည်တင် ဘတ်စ်ကားများကို ဝါးတရာမှ စတင်၍ပြေးဆွဲပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လှော်ကား-ဝါးတရာလမ်းမကြီး၏ ကျန်ရှိသည့် လမ်းအပိုင်းအား ဆက်လက် ပြင်ဆင်ဆောင်ရွက်နိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်စီမံကိန်း ထပ်တိုးလျာထားချက်တွင် ထည့်သွင်းလျာထားတင်ပြခဲ့သော်လည်း ဘဏ္ဍာငွေ လုံလောက်မှု မရှိပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သီရိရတနာလမ်း သိမ်ချောင်းချောင်အထိ ပေ ၆၉၀၀ ကို လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သိမ်ချောင်းချောင်မှ တော်ဝင်သစ်စက်အထိ ပေ ၅၉၀၀ ကို လည်းကောင်း အကျယ် ၂၄ ပေ ၁၁ လက်မထု ကွန်ကရစ်လမ်းအဖြစ် ပြုပြင်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေလျာထားပေးမည်ဖြစ်ပါကြောင်း၊ လှော်ကား-ဝါးတရာလမ်းမကြီးတွင် YBS ခရီးသည်တင်ဘတ်စ်ကားများ ပြေးဆွဲရန်မှာ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

သင်္ဃန်းကျွန်း မဲဆန္ဒနယ်မှ ဦးရွှေလု(ခ)ဦးရွှေလုဝင်း၏ **ငမိုးရိပ်ချောင်းဖြတ်ကူးတံတား ကမာကြည်ဝဲယာရှိ ကျောက်၊ သဲဒိုင်ကြီးများအား အပြီးတိုင်ပိတ်သိမ်းခြင်း သို့မဟုတ် နေရာပြောင်းရွှေ့ခြင်းပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကမာကြည်တံတားဝဲ၊ ယာတွင် ကမ်းနားနယ်စုပုံလုပ်ငန်း လေးခုရှိပါကြောင်း၊ ယင်းလုပ်ငန်း လေးခုအနက် ကမာကြည်တံတားနယ်အတွင်း ကျရောက်သည့် စုပုံလုပ်ငန်းများဖြစ်သည့် ဦးမြင့်အောင်နှင့် ဦးညီညီဇော်အေးတို့ကို သက်ဆိုင်ရာ တံတားစီမံခန့်ခွဲသည့်ဌာန၏ မြေအသုံးပြုခွင့်ကို တင်ပြနိုင်ခြင်းမရှိသည့်အတွက် ကမ်းနားနယ် စုပုံလုပ်ငန်းခွင့်ပြုခဲ့ခြင်းမရှိပါကြောင်း။

## ငမိုးရိပ်ချောင်းမြစ်ကူးတံတား၊ ကမာကြည်တံတား ဝဲ၊ ယာအနီးရှိ တရားမဝင်စုပုံထားသော သဲ၊ ကျောက်များကို လုပ်ငန်းရှင်များမှ လုပ်ငန်းပိတ်သိမ်းဖယ်ရှားပြီးဖြစ်သဖြင့် ထပ်မံစုပုံခြင်း မပြုစေရန် ကြီးကြပ်ဆောင်ရွက်သွားမည်

ကျန်လုပ်ငန်းရှင် နှစ်ဦးဖြစ်သည့် ဦးသောင်းနှင့် ဒေါ်ဥမ္မာလှိုင်တို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တို့တွင် ကမ်းနားနယ် စုပုံခွင့် ခွင့်ပြုခဲ့သော်လည်း ဒေသခံများ၏ ကန့်ကွက်မှုကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကမ်းနားနယ်စုပုံခွင့်ကို သက်တမ်းတိုးပေးခြင်း မရှိခဲ့ပါကြောင်း၊ ငမိုးရိပ်ချောင်းမြစ်ကူးတံတား၊ ကမာကြည်တံတား ဝဲ၊ ယာအနီးရှိ တရားမဝင် စုပုံထားသော သဲ၊ ကျောက်များကို လုပ်ငန်းရှင်များမှ လုပ်ငန်းပိတ်သိမ်းဖယ်ရှားပြီးဖြစ်သဖြင့် ထပ်မံစုပုံခြင်း မပြုစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

လှိုင် မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **ရန်ကုန်မြို့ရှိ ယာဉ်ကြောပိတ်ဆို့မှုပြဿနာနှင့် ကားပါကင်အခက်အခဲကို ဖြေရှင်းရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ ဖြေရှင်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) အဖွဲ့ကို ဖွဲ့စည်း၍ ယာဉ်ကြောကျပ်တည်းမှုဖြေရှင်းရန်နှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင်းရှိ လမ်းမကြီးများအား လမ်းမျက်နှာပြင် ကောင်းမွန်စေရေး၊ လမ်းသားတင်ခြင်းနှင့် လမ်းတိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းများပေါ်တွင် ရေကြီးရေလျှံမှု လျော့နည်းပပျောက်စေရန် ရေစီးရေလာ စနစ်များကို စနစ်တကျပြန်လည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင်း မော်တော်ယာဉ်တင်သွင်းမှုအား စနစ်ကျရေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းပေါ်ရှိ စည်းကမ်းမဲ့ယာဉ်များ ရပ်နားခြင်း၊ မောင်းနှင်ခြင်းနှင့် လမ်းဘေးဈေးသည်များကို ပိုမိုထိရောက်စွာ ကြပ်မတ်အရေးယူနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို အသစ်ပြဋ္ဌာန်းပြီးဖြစ်၍ ဥပဒေပါအချက်များဖြင့် ပိုမိုဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မီးပွိုင့်စနစ် ခေတ်မီတိုးတက်ရေးအတွက် ယခုအခါ ခေတ်မီဗဟိုထိန်းချုပ်စနစ်ပါဝင်သော မီးပွိုင့် ၁၅၄ ပွိုင့်အား တင်ဒါအောင်မြင်သော တရုတ်နိုင်ငံ CRCC ကုမ္ပဏီနှင့် ဆောင်ရွက်ခဲ့ရာ စမ်းသပ်လည်ပတ်ခြင်းအဆင့် ရောက်ရှိပြီဖြစ်ပါကြောင်း၊ ခရီးသည်တင်ယာဉ်များ စနစ်တကျရှိရေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ YBS စနစ်သစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်။

သတင်းစဉ်

## အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များ ပေါ်ပေါက်လာစေရန် ရေရှည်စီမံချက်ချ၍ လုပ်ဆောင်ပေးခြင်းဖြင့် အများပြည်သူသုံးစနစ်တိုးတက် ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ကားပါကင် အခက်အခဲများ ဖြေရှင်းနိုင်ရန်အတွက် လမ်းမကြီးများတွင် လမ်းတိုးချဲ့၍ ယာဉ်ရပ်နားနေရာများ တည်ဆောက်ပေးလျက်ရှိပြီး မြို့တွင်းမြို့နယ်များ၌ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ Smart ကားပါကင်လုပ်ငန်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း အဆောက်အအုံအသုံးပြုမှုအလိုက် ကားပါကင်များ စနစ်တကျ လုံလောက်စွာ ထည့်သွင်းတည်ဆောက်ရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင်း တိုးတက်များပြားလာသည့် လူဦးရေနှင့် လိုက်လျောညီမည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များပေါ်ပေါက်လာစေရန် ရေရှည်စီမံချက်ချ၍ လုပ်ဆောင်ပေးခြင်းဖြင့် အများပြည်သူသုံးစနစ်တိုးတက်ကောင်းမွန်လာစေရန် ကိုယ်ပိုင်ကားအသုံးပြုမှု လျော့ပါးစေခြင်းတို့ဖြင့် ယာဉ်ကြောကျပ်တည်းမှု ပြဿနာနှင့် ကားပါကင်ပြဿနာများ ဖြေရှင်းသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၏ **လားရှိုးမြို့ မြို့တွင်းမီးပွိုင့်တပ်ဆင်မှု၏ ဆက်စပ်မေးခွန်း ဖြေကြားချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို သိလိုခြင်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လားရှိုးမြို့မြို့တော်ခန်းမ အဝိုင်းပတ်လမ်းဆုံ (ရပ်ကွက်-၂)နေရာတွင် မီးပွိုင့်တပ်ဆင်၍ရသော်လည်း အဝိုင်းပတ်နှင့် စည်းလုံးညီညွတ်ခြင်းရုပ်တုအား ဖျက်သိမ်းဖယ်ရှားမှသာ အဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း၊ ရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံ(ရပ်ကွက်-၅)တွင် မီးပွိုင့်တပ်ဆင်ပေးရန် အစီအစဉ်မရှိသော်လည်း ယာဉ်မောင်းနှင့် သွားလာသူများ သတိပြုအရှိန်လျှော့သွားလာစေရေးအတွက် သတိပေး မီးဝါ နှစ်ခုအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ ၆ လတွင် တပ်ဆင်ပေးရန် စီစဉ်ထားရှိပါကြောင်း။

သိန်းနီလမ်းနှင့် ကွတ်ခိုင်လမ်း(ရေပန်းလမ်းဆုံ)(ရပ်ကွက်-၂) နေရာသည် ကုန်းအဆင်း၊ အတက်၊ အကွေ့နေရာ ဖြစ်သောကြောင့် မီးပွိုင့်တပ်ဆင်၍ မရသည်ကို သိရှိရပါကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် သိန်းနီလမ်းထောင့်ရှိ မြင်ကွင်းကွယ်နေသော ထရန်စဖော်မာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ညှိနှိုင်း၍ နေရာရွှေ့ပြောင်းရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သိန်းနီလမ်းနှင့် ဟတ်ကာလမ်းဆုံ (ရပ်ကွက်-၁၂)တွင် မီးပွိုင့်တပ်ဆင်ပေးရန် အစီအစဉ်မရှိသော်လည်း ယာဉ်မောင်းနှင့် သွားလာသူများ သတိပြုအရှိန်လျှော့သွားလာစေရေးအတွက် သတိပေး မီးဝါ နှစ်ခုအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ ၆ လတွင် တပ်ဆင်ပေးရန် စီစဉ်ထားရှိပါကြောင်း၊ သိန်းနီလမ်းနှင့် ဟူးမွန်ဆည်လမ်းဆုံ (ရပ်ကွက်-၈-၁၂/ ပ မန်ဆူအနီး)တွင် မီးပွိုင့်တပ်ဆင်ပေးရန် အစီအစဉ်မရှိသော်လည်း ယာဉ်မောင်းနှင့် သွားလာသူများ သတိပြုအရှိန်လျှော့သွားလာစေရေးအတွက် သတိပေး မီးဝါတစ်ခု ရပ်၊ ကြည့်၊ သွား ဆိုင်းဘုတ် တစ်ခုအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ ၆ လတွင် တပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးမြင့်သိန်း၊ ကသာ မဲဆန္ဒနယ်မှ ဦးမြင့်ကြည်နှင့် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက **တစ်နေ့တခြား များပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အား အကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC) ဖွဲ့စည်းပြီး ဆောင်ရွက်နေသော်လည်း ပြည်သူများလိုက်နာကျင့်သုံးဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှု အားနည်းသည့်အပေါ် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ လိုအပ်ချက်များ ဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ပြည်သူများ၏ အသားကျနေသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှု ချိုးဖောက်မှုများကို လက်တွေ့ကျသည့် လိုအပ်ချက် လုပ်ဆောင်ချက်များ ပိုမိုအရှိန်မြှင့်လုပ်သင့်နေပါကြောင်း။

ယခုအချိန်မှစတင်၍ မဆောင်ရွက်ပါက လွှတ်တော်အတွင်းတွင် ရှိနေကြသည့် ကိုယ်စားလှယ်များ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ၏အနာဂတ်မျိုးဆက်များပါ ယာဉ်တိုက်မှုဆိုသည့် ဖြစ်စဉ်များက တရားခံအနေဖြင့် သော်လည်းကောင်း၊ သားကောင်အနေဖြင့် သော်လည်းကောင်း အချိန်မရွေး၊ နေရာမရွေး ဖြစ်သွားနိုင်ပါကြောင်း၊ ယာဉ်တိုက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများသည် တစ်ဦးချင်းတစ်ယောက်ချင်း အတွက်၊ မိသားစုတစ်စုအတွက် ဆုံးရှုံးမှုသာမက နိုင်ငံတော်၏ နစ်နာဆုံးရှုံးမှုဖြစ်သည်အထိခံယူကာ အားလုံးစည်းကမ်းလိုက်နာပြီး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်နေပါကြောင်း၊ ပြည်သူ ပြည်သားများအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရွာငံ မဲဆန္ဒနယ်မှ ဦးအောင်စိုးမင်းက ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါ်ယဉ်မင်းလှိုင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက် ၁၆ ချက်နှင့် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက် ၁၉ ချက်တို့ကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြသည်။

## လွှတ်တော် နှစ်ရပ်မှ ပြင်ဆင်ချက်များ၊ ပြင်ဆင်ခြင်း မပြုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ်မှ ပြင်ဆင်ချက်များ၊ ပြင်ဆင်ခြင်းမပြုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက က အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

# သမိုင်းအထောက်အထား အရင်းအမြစ်များရှာဖွေခြင်း ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မှန်ကန်တိကျသော သမိုင်းအထောက်အထားများ ပေါ်ထွက်လာစေခြင်းဖြင့် တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်း ပြုစုရာတွင် ကြီးမားသော အထောက်အကူဖြစ်ပေါ်စေရန် ရည်ရွယ်၍ **သမိုင်းအထောက်အထား အရင်းအမြစ်များ ရှာဖွေခြင်း** ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို သမိုင်း အထောက်အထားများ တူးဖော်ရှာဖွေတင်ပြနိုင်ခြင်းဖြင့် အနာဂတ်မြန်မာနိုင်ငံတော်သည် ကောင်းမွန်သော သမိုင်းသင်ခန်းစာများ အခြေခံ၍ တိကျမှန်ကန်ခိုင်မာသော သမိုင်းကြောင်းများနှင့် ရပ်တည်နိုင်ရေးအတွက် (က) သမိုင်းမချွန်၊ သမိုင်းအမှန်များ ကြိုးပမ်းဖော်ထုတ်စေခြင်းဖြင့် ပိုမိုတိကျခိုင်မာပြည့်စုံသော မြန်မာသမိုင်းဖြစ်ပေါ်ရေး၊ (ခ) အကြောင်းကြောင်းကြောင့် တိမ်မြုပ်နေသော သမိုင်းကွင်းဆက်များကို ရှာဖွေ ဖော်ထုတ် ချိတ်ဆက်ခြင်းဖြင့် အများပြည်သူတို့အား သမိုင်းဆိုင်ရာ အသိအမြင်များ ပိုမိုကြွယ်ဝလာစေရေးနှင့် (ဂ) ပြည်သူများ သမိုင်းဆိုင်ရာ အထောက်အထားများကို ပိုမိုစိတ်ဝင်စားလာမည့် ခံယူချက်များ ပေါ်ထွက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စာတမ်းများပေးပို့နိုင်ရန် ဖိတ်ခေါ်ထားသည်။

စာတမ်းဖတ်ကြားလိုသူ သုတေသီများအနေဖြင့် စာတမ်းအကျဉ်းများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်နှင့် စာတမ်းအပြည့်အစုံများကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထား၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ရုံးအမှတ် (၃၅) နေပြည်တော် ဖုန်း-၀၆၇- ၃၄၁၀၄၂၃ (သို့မဟုတ်) မြန်မာသမိုင်းအဖွဲ့ သီရိမင်္ဂလာရိပ်သာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း ရန်ကုန် ဖုန်း -၀၁ - ၆၅၀၁၅၂ တို့ကို ပေးပို့ရမည်ဖြစ်သည်။

ပေးပို့လာသည့် စာတမ်းများကို စိစစ်ရွေးချယ်၍ **သမိုင်းအထောက်အထား အရင်းအမြစ်များရှာဖွေခြင်း** ခေါင်းစဉ်ဖြင့် စာတမ်း ၁၄ စောင်ကို တစ်ရက်လျှင် စာတမ်း ခုနစ်စောင်နှုန်းဖြင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လင်းမြွေတောင်တန်းတွင် တရားမဝင်ဓာတ်သတ္တုတူးဖော်ခြင်း၊ ကျောက်ထုတ်လုပ်ခြင်းမရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ နှစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်း နှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့ သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ရာ အဆောင်သစ် ပေ (၆၀×၃၀) နှစ်ထပ်ဆောင်တစ်ဆောင်နှင့် မြို့နယ်ဦးစီးအရာရှိနေအိမ် ပေ (၄၀×၃၀)တစ်လုံးတို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ပလက်ဝမြို့နယ် သစ်တောဦးစီးဌာနတွင် အရာထမ်း၊ အမှုထမ်းများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာ အဆောင်သစ် ပေ(၆၀×၃၀) နှစ်ထပ်ဆောင် တစ်ဆောင်နှင့် မြို့နယ်ဦးစီးအရာရှိနေအိမ် ပေ(၄၀×၃၀) တစ်လုံးတို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေမှ ဆောက်လုပ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြသွားမည် ဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ဧရိယာအတွင်း ထင်ရှားသည့် တောင်တန်း၊ တောင်ကုန်းများ၊ မြစ်ချောင်းများ မရှိခဲ့ခြင်းကြောင့် ဝန်ထမ်းများမှ ဖာခါးကျေးရွာကို အစွဲပြု၍ ဖာခါးကြိုးဝိုင်းဟု အမည်ပေးခဲ့ခြင်းဖြစ်**

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ် ဖာခါးသစ်တောကြိုးဝိုင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**ကို ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဟိုပန်မြို့နယ်အတွင်းရှိ ဧရိယာအကျယ်အဝန်း ၁၈၁၁၆ ဧကအား ဝန်ကြီးဌာန၏ ၂၀၀၂ခုနှစ် ဇန်နဝါရီ ၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဖာခါးကြိုးဝိုင်းအဖြစ် ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး စတင်ဖွဲ့စည်းစဉ်က အဆိုပြုဧရိယာအတွင်း ထင်ရှားသည့် တောင်တန်း၊ တောင်ကုန်းများ၊ မြစ်ချောင်းများ မရှိခဲ့ခြင်းကြောင့် ဝန်ထမ်းများမှ ဖာခါးကျေးရွာကို အစွဲပြု၍ ဖာခါးကြိုးဝိုင်းဟု အမည်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

ဖာခါးကြိုးဝိုင်းတောကို တောတောင်ရေမြေများ ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်း စဉ်ဆက်မပြတ် ထုတ်လုပ်ရန် ရည်ရွယ်ပြီး ကြိုးဝိုင်းဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည့်အတွက် သစ်တောဥပဒေပုဒ်မ (၄၀)ပါ တားမြစ်ချက်များဖြင့် လည်းကောင်း၊ သစ်တောပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ စီးပွားရေးအရ (ကျွန်း) စိုက်ခင်းနှင့် ကျေးရွာသုံး စိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းများကို ဆောင်ရွက်ထားပါကြောင်း။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ စီမံကိန်းကိုလည်း ဖာခါးကြိုးဝိုင်းအတွင်း ၂၀၁၉ခုနှစ်နှင့် ၂၀၂၀ခုနှစ်တွင် ကျေးရွာသုံးထင်းစိုက်ခင်းဧက ၅၀ စီကိုလည်းကောင်း၊ ၂၀၂၀ - ၂၀၂၁ မှ ၂၀၂၆ - ၂၀၂၇ထိ ရေဝေရေလဲစိုက်ခင်းဧက ၅၀ စီကို လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ၁၇၇၆ ဧကကို လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ်၌ သစ်တောမြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုများအား ပြန်လည်နေရာချထားပေးရန် လမ်းညွှန်ချက်အရ ဆက်စပ်ဌာနများပါဝင်သည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကြီးကြပ်ရေးကော်မတီများဖွဲ့စည်း၍ ဒေသခံကျေးရွာပြည်သူများ ပူးပေါင်းမှု ဖြင့် ကွင်းဆင်းစာရင်းကောက်ယူချက်အရ ဖာခါးကြိုးဝိုင်းအတွင်း ရွာမြေ၊ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ နှစ်ရှည်/ စိုက်ခင်းမြေနှင့် သာသနာ/ အများပိုင်မြေများ စာရင်းကောက်ယူခဲ့ပြီး ပယ်ဖျက်ပေးခဲ့ပါကြောင်း။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။**
သတင်းစဉ်

**ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်စေပြီး ဥယျာဉ်ခြံမြေများအား နှစ်ရှည်မြေငှားရမ်း စနစ်ဖြင့် ဆက်လက်စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုမည်**

ကြိုးဝိုင်းအတွင်း စာရင်းကောက်ယူရရှိသည့် ယာမြေများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခြင်းမပြုဘဲ သီးနှံသစ်တောရောနှောစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်စေပြီး ဥယျာဉ်ခြံမြေများအား နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် ဆက်လက်စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုမည် ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖာခါးသစ်တောကြိုးဝိုင်းအတွင်းရှိ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက်နှင့် အမည်မပေါက်သော်လည်း အခိုင်အမာတည်ရှိပြီးဖြစ်သည့်ကျေးရွာမြေများအား သစ်တောမြေမှ ပယ်ဖျက်နိုင်ရေးအတွက် တင်ပြခဲ့မှုအပေါ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၁၃/၂၀၁၈)မှ သစ်တောမြေမှ ပယ်ဖျက်ပေးနိုင်မည့် မြေပြင်အခြေအနေများကို အဖွဲ့စုံဖြင့် ကွင်းဆင်း၍ ဝန်ကြီးဌာနမှ ပြန်လည်စိစစ်တင်ပြသွားရန် ဆုံးဖြတ်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ လင်းမြွေတောင်တန်းကြီးကို လုံးဝပျက်စီးဆုံးရှုံးသွားစေနိုင်သည့် ကျောက်မိုင်းခွဲကာ ကျောက်ထုတ်လုပ်နေမှုကို သက်ဆိုင်ရာမှ ရပ်တန့်စေပြီး နောင်တွင်လည်း ဤနေရာကို ကျောက်ထုတ်လုပ်ခြင်းမှ တားမြစ်ထားသော နယ်မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လင်းမြွေတောင်တန်းတွင် ကျောက်ထုတ်လုပ်တူးဖော်ခြင်းများကြောင့် ရှေးဟောင်းအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမည်ကို စိုးရိမ်မှုဖြင့် ဒေသခံပြည်သူများမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ တိုင်ကြားမှုအပေါ် ကျောက်ထုတ်လုပ်မှုကို ချက်ချင်းရပ်တန့်ပေးရန်၊ ခွင့်ပြုချက်မဲ့ ကျောက်ထုတ်လုပ်မှုများ မပြုလုပ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ကျောက်ထုတ်လုပ်နေသူများအား သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သိရှိကြောင်း လက်မှတ်ထိုးထားရန် မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြောင်းကြားထားရှိသည့်နေ့မှ ယနေ့အထိ ကျောက်ထုတ်လုပ်မှုမရှိဘဲ ရပ်တန့်ထားပါကြောင်းနှင့် ကျောက်ထုတ်လုပ်မှုများ ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မှတ်တမ်းဓာတ်ပုံများဖြင့် အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန် သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများအား အကြောင်းကြားထားရှိပါကြောင်း။

လင်းမြွေတောင်တန်းတွင် တရားမဝင် ဓာတ်သတ္တုတူးဖော်ခြင်း၊ ကျောက်ထုတ်လုပ်ခြင်း မရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး လင်းမြွေတောင်တန်းအား ကျောက်ထုတ်လုပ် ခွင့်မပြုရန် တားမြစ်ထားသော နယ်မြေအဖြစ် သတ်မှတ်သွားရန် သင့်၊ မသင့် ကိစ္စနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ကွင်းဆင်းစိစစ်သွားမည်ဖြစ်ပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် ရခိုင်ပြည်နယ်အစိုးရမှ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ စောယုဒြဖောင်အွာ တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမိုးက **ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀) မှ ဒေါက်တာမျိုးအောင်က ထောက်ခံသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြု**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

# ငြိမ်းချမ်းရေးခရီးစဉ်သင်္ဘောကြီး ပြည်မြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်

**ပြည် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ ခရစ်ယာန်မိတ်သဟာယအဖွဲ့၏ "ငြိမ်းချမ်းရေး တွဲလက်များ မြစ်ရောမှာထပ်ဆင့်ပွား "အစီအစဉ် ငြိမ်းချမ်းရေးခရီးစဉ် သင်္ဘောကြီးသည် ယနေ့နံနက် ၉ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဆိပ်ကမ်းသို့ဆိုက်ကပ်ရောက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများဖြင့် လှိုက်လှဲစွာကြိုဆိုကြပြီး ငြိမ်းချမ်းရေးသင်္ဘောပေါ်၌ပြသထားသော ငြိမ်းချမ်းရေးပိုစတာများနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် လေ့လာကြည့်ရှုသူများအား ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့က ငြိမ်းချမ်းရေးသီချင်းများဖြင့်ဖျော်ဖြေကာ လေ့လာသူများနှင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ယင်းနောက် ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့မှ ဦးဆောင်၍ မွန်းလွဲပိုင်းတွင် ပြည်မြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျောင်းသား ကျောင်းသူများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ စကားဝိုင်းပြုလုပ်ခဲ့သည်။

ဆက်လက်၍ ညပိုင်းတွင် အထက (၁) လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း၌ တေးဂီတဖျော်ဖြေပွဲ ကျင်းပခဲ့ကြောင်း၊ အဆိုပါငြိမ်းချမ်းရေးတွဲလက်များ မိတ်သဟာယအဖွဲ့သည် ပြည်မြို့တွင် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ နှစ်ရက်တာကာလအတွင်း ငြိမ်းချမ်းရေးဆိုင်းဘုတ်တင်ပွဲ၊ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲစကားဝိုင်းများနှင့် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**



# တိုင်းရင်းသားပေါင်းစုံပါဝင်သော ငြိမ်းချမ်းရေးဈေးပွဲတော်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

(၂၁)ရာစုပင်လုံညီလာခံကို ထောက်ခံဂုဏ်ပြုသောအားဖြင့် တိုင်းရင်းသားပေါင်းစုံပူးပေါင်းပါဝင်သောငြိမ်းချမ်းရေးဈေးပွဲတော်ကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြကျွန်းသာရင်ပြင်၌ ကျင်းပခဲ့သည်။

" ကျွန်တော်တို့ ကမန်တိုင်းရင်းသားတွေက ရခိုင်ပြည်နယ်ရဲ့ ဌာနေတိုင်းရင်းသားတွေလေ။ ရိုးရာအစားအစာတွေ ဘယ်လိုရှိတယ်ဆိုတာ အခြားတိုင်းရင်းသားတွေလည်း သိရှိနိုင်အောင်ပါဝင်တာပါ။ (၂၁)ရာစု ပင်လုံညီလာခံနဲ့ပတ်သက်ပြီး ငြိမ်းချမ်းရေး ရစေချင်တယ်။ ရဖို့လည်းမျှော်လင့်တယ်။ ဒီပဋိပက္ခကြောင့် အများကြီးခံစားနေရတာရှိတယ်။ ဒါကြောင့် (၂၁)ရာစု ပင်လုံညီလာခံကြီး အောင်မြင်ပါစေလို့လည်း ကျွန်တော်တို့တွေ ဆုတောင်းနေကြပါတယ်"ဟု ကမန်တိုင်းရင်းသားလူမျိုးများအဖွဲ့ ပြင်ပဆက်ဆံရေးတာဝန်ခံ ကိုရန်နိုင်စိုးက ပြောသည်။



အဆိုပါပွဲတော်တွင် ချင်းရိုးရာအစားအစာ၊ ရှမ်းရိုးရာအစားအစာ၊ မြန်မာ့ရိုးရာအစားအစာ၊ ရခိုင်အစားအစာ၊ ကချင်ရိုးရာအစားအစာ၊ ကရင်ရိုးရာအစားအစာ၊ မွန်ရိုးရာအစားအစာ၊ ကယားရိုးရာအစားအစာနှင့် အခြားတိုင်းရင်းသားတို့၏ ရိုးရာအစားအစာတို့ဖြင့် ရိုးရာဓလေ့နှင့်အညီ ပြသခဲ့ကြောင်း သိရသည်။

တိုင်းရင်းသားပေါင်းစုံရိုးရာအစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ဈေးပွဲတော်ကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက် ည ၉ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ရာ တိုင်းရင်းသားတို့၏အကပဒေသာနှင့်အတူ အနုပညာရှင်တို့ကလည်း (၂၁)ရာစုပင်လုံညီလာခံကို ပြည်သူနှင့်အတူ ကြိုဆိုထောက်ခံသောအားဖြင့် ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

# ၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့**
**ပြည်ထောင်စု ငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်စို့။**
**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**
**(၂-၁၂-၂၀၁၈)**

# ၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ★ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊
- ★ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
- ★ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

*❀ ကျောဖုံးမှ*

အားကစားသမား မောင်/မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးစီးကော်မတီနာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေအား (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများက အဖွဲ့အလိုက် မိတ်ဆက်ဂါရဝပြုကြသည်။

**သမိုင်းမှတ်တမ်းတစ်ခုဖြစ်**

ထို့နောက် ဦးစီးကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ ရက်ကြာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည် ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ဂုဏ်ယူရမည့် သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပါကြောင်း။

**အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်**

ယခုကျင်းပမည့် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမား ၂၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရှိရပြီး အားကစားနည်း ၁၇ နည်းကို ပြိုင်ပွဲပေါင်း ၂၀၁ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် အုပ်ချုပ်သူ၊ နည်းပြ ၁၀၄ ဦး၊ အားကစားသမား ၃၅၄ ဦး စုစုပေါင်း ၄၅၈ ဦး ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ပါကြောင်း၊ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာတက္ကသိုလ်အားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် တက်ညီလက်ညီနှင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြမည်ဆိုပါက မြန်မာတက္ကသိုလ်အားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုထွန်းတောက်မှတ်တမ်းတင်သွားနိုင်မည်ဖြစ်ပါကြောင်း။

အားကစားပြိုင်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ပီပြင်စွာဖော်ထုတ်ပြသနိုင်သည့် နည်းလမ်းကောင်းတစ်ခုဖြစ်သကဲ့သို့ ထိရောက်ကောင်းမွန်သည့် သံတမန်လမ်းကြောင်းတစ်ခုလည်းဖြစ်ပါကြောင်း၊ အားကစားလှုပ်ရှားမှုများမှတစ်ဆင့် အာဆီယံနိုင်ငံများအကြား အပြန်အလှန်နားလည်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးအတွက် ရည်ရွယ်ပြီး အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း **"လူငယ်နှင့် ချစ်ကြည်ရေး (Youth and Friendship)"** ဟူသည့် ဆောင်ပုဒ်ကိုချမှတ်ပြီး ပြိုင်ပွဲကြီးကို လက်ခံကျင်းပခြင်းဖြစ်ပါကြောင်း၊ **"နိုင်ငံတကာချစ်ကြည်ရေး"**ကို ယခုကဲ့သို့ အားကစားပွဲတော်များကတစ်ဆင့် အားပေးမြှင့်တင်ရာလည်း ရောက်ပါကြောင်း၊ အာဆီယံညီအစ်ကိုများအကြား နားလည်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုပေါင်းကူးတံတားတည်ဆောက်နိုင်သည့် အခွင့်အလမ်းကောင်းများလည်း ရရှိမည်ဖြစ်ပါကြောင်း။

**နိုင်ငံတော်၏ဂုဏ်သိက္ခာမြှင့်တင်**

အားကစားပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် မိမိတို့ နိုင်ငံ၏ အားကစားစိတ်ဓာတ်၊ အားကစားအရည်အသွေးနှင့် ဂုဏ်သိက္ခာများကို ဖော်ထုတ်ပြသသည့်ပွဲလည်းဖြစ်ပါကြောင်း၊ အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့ နိုင်ငံ့ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသော ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများက သတိချပ်ကြရန် လိုအပ်ပါကြောင်း။

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာတက္ကသိုလ်အားကစားအဖွဲ့ကို အပ်နှင်းလိုက်မည့် အောင်နိုင်ရေး နိုင်ငံတော်အလံသည် ဂုဏ်ဒြပ်ရော အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဆိုသည့် ခံယူချက်နှင့် ပြိုင်ပွဲတိုင်းတွင် မိမိနိုင်ငံ၏ အောင်လံတလူလူလွင့်ပျံနေအောင် ရေကုန်ရေခန်း အစွမ်းကုန်ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချပြီး ယှဉ်ပြိုင်သွားကြရန် ပြောကြားလိုပါကြောင်း။



ဦးစီးကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာတက္ကသိုလ်အားကစားအဖွဲ့ အောင်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ အပ်နှင်းစဉ်။ သတင်းစဉ်

ယနေ့ဆိုလျှင် ပြိုင်ပွဲကျင်းပရန် ကိုးရက်သာလိုတော့သည့်အတွက် နိုင်ငံ့ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ သက်လုံကောင်းမွန်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှုနှင့် စိတ်ဓာတ်ကောင်းမွန်မှု စသည့် အချက်များ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာရှိနေပြီဟု ယုံကြည်ပါကြောင်း၊ ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် အောင်နိုင်ခြင်းအားဖြင့် အမိနိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေးတာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ခြင်းဖြစ်သည့်အတွက် မြန်မာတက္ကသိုလ်အားကစားအဖွဲ့ဝင်များအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပြိုင်ပွဲစည်းကမ်းများနှင့်အညီ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားကြရန် ပြောကြားလိုပါကြောင်း။

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ယခုကဲ့သို့ လက်ခံကျင်းပနိုင်ရေးနှင့် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်က ကူညီအားပေးခဲ့ကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများနှင့် အားကစားဝါသနာရှင်များကို နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံ**

ယခုကဲ့သို့ **"အားကစားပြိုင်ပွဲများသည် နိုင်ငံတကာချစ်ကြည်ရေးကို အားမြှင့်ပေးသည့်အပြင် လူငယ်များအချင်းချင်း အားကစားမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် ယဉ်ကျေးမှုများကို အပြန်အလှန်လေ့လာဖလှယ်ခွင့်ရရှိစေမည် ဖြစ်ပါကြောင်း"**၊ မြန်မာနိုင်ငံသို့ လာရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများကို အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် ရိုင်းပင်းကူညီသွားကြရန်နှင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက်အစဉ်အလာ ကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်သွားကြရန် ပြောကြားလိုပါကြောင်း။

အထူးသဖြင့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစား မောင်/မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အောင်လံလွင့်ပျံနေအောင် **"လှေခွက်ချည်းကျန် အလံမလှဲ"** ဟူသည့် စိတ်ဓာတ်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်အနိုင်ယူသွားကြရန် တိုက်တွန်းပြောကြားသည်။

**နိုင်ငံတော်အလံကိုအပ်နှင်း**

ထို့နောက် ဦးစီးကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာတက္ကသိုလ် အားကစားအဖွဲ့ အောင်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ အပ်နှင်းသည်။

ဆက်လက်၍ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာတက္ကသိုလ်အားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ ကျင်းပရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဦးစီးကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာတက္ကသိုလ် အားကစားအဖွဲ့များမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမား မောင်/မယ်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂုဏ်ပြုမမေ့ အမျိုးသားအောင်ပွဲနေ့

* အမျိုးသားရေး ဦးတည်ချက်နဲ့
ရှေ့ဆက်စို့ သန္နိဋ္ဌာန်
ချမှတ်လမ်းမှန်။
ပြည်ထောင်စုစိတ်ဓာတ်
ထက်မြက်ရှင်သန်
စစ်မှန်တဲ့ငြိမ်းချမ်းရေး။
ပူးပေါင်းပါဝင်အတူလက်တွဲ
အောင်ပွဲနီးလေး။

* အမျိုးသားရေးအသိစိတ်ဓာတ်နဲ့
စံပြုအပ် တို့တိုင်းပြည်
တိုးတက်ခေတ်မီ။
ဘက်စုံဖွံ့ဖြိုးရေးဦးတည်
ဒီမိုကရေစီ ဖက်ဒရယ်
ပြည်ထောင်စု။
တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်အပြုံးနဲ့
စည်းလုံးအားပြု။

* ၂၀၁၈ ခု အမျိုးသားအောင်ပွဲ
အတူလက်တွဲလို့ ဂုဏ်ပြုမှန်
လွှင့်ထူအောင်လံ။
(၉၈)နှစ်ပြည့်မြောက်ပြန်
ဇာတိမာန်ဇာတိသွေး။
တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့
တို့မမေ့ကြေး။ ။

**အောင်မြင့်စိုး(ရေစကြို)**

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း

**( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**( ၂၀၁၈ ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာသမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ရှေးဟောင်းသုတေသနအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ ဘူမိဗေဒအရဖြစ်စေ၊ ဇီဝဗေဒအရဖြစ်စေ၊ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းနေရာ သို့မဟုတ် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ဆိုသည်။

(ခ) **အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုသည်။

(ဂ) **ကမ္ဘာ့အမွေအနှစ်** ဆိုသည်မှာ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာပြီး ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ဆိုင်ရာ ကွန်ဗင်းရှင်း (၁၉၇၂ - ခုနှစ်) အရ စာရင်းသွင်း သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုသည်။

(ဃ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ သို့မဟုတ် ကြားခံဒေသကို ဆိုသည်။

(င) **ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများဖြစ်စေ၊ ရှေးဟောင်းနေရာများဖြစ်စေ တည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဒေသကို ဆိုသည်။

(စ) **ကြားခံဒေသ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသကို ထိခိုက်ပျက်စီးမှုမရှိစေရန်အတွက် ဤဥပဒေအရ သတ်မှတ်သောဒေသကို ဆိုသည်။

(ဆ) **ရှေးဟောင်းနေရာ** ဆိုသည်မှာ ဦးစီးဌာနက ရှေးဟောင်းနေရာ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ နှင့် အထက်က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်းမပြုရသေးသည့်နေရာ၊ သဘာဝအရ ဖြစ်ပေါ်နေသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်လက်နက်များတွေ့ရှိရာ နေရာ၊ ရှေးခေတ် လူတို့ အခြေချနေထိုင်ခဲ့သောနေရာ သို့မဟုတ် နားခိုရာနေရာကို ဆိုသည်။

(ဇ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ** ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ အပါအဝင် လူသားတို့ နေထိုင်ပြုလုပ်သုံးစွဲတည်ဆောက်ခဲ့သည့် အောက်ပါ အဆောက်အအုံနေရာများကို ဆိုသည်-

(၁) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ် အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊

(၂) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူနေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် ရှေးဟောင်းလူများနေထိုင်ခဲ့သည့် ကုန်းဟောင်းများ၊ ယင်းတို့၏ အကြွင်းအကျန်များ၊

(၃) သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သော ဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာနေရာနှင့် ရှေးဟောင်းလူများ သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လှိုဏ်မြောင်း၊ မြစ်ကမ်းဆင့်နှင့် ပရိုင်းမိတ်များ၊ အခြားကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာ နေရာများအပါအဝင် ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ၊

(၄) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဥ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့် ဖိုများနှင့် ဆက်စပ်နေရာများ၊

(၅) ရှေးခေတ်အဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသောနေရာ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်၊ ဆည်မြောင်းနှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သောအဆောက်အအုံ၊ ဂူ၊ ပြာသာဒ်၊

(၆) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ၎င်းတို့ကိုထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ်များ၊

(၇) ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးမြင့်မား၍ နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများ၊

(၈) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်သည့် အခြားအဆောက်အအုံများ။

(ဈ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံပရဝဏ်** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ နယ်နိမိတ်ကို ဆိုသည်။

(ည) **မြို့ပြ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပြည်ထဲရေးဝန်ကြီးဌာနက ဤဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြို့မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေကို ဆိုသည်။

(ဋ) **ကျေးရွာ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပြည်ထဲရေးဝန်ကြီးဌာနက ဤဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရွာမြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေကို ဆိုသည်။

(ဌ) **ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်း** ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်တွင် ဒြပ်ရှိ ဒြပ်မဲ့ လူမှုဓလေ့များ ပေါင်းစပ်ဖွဲ့စည်းဖြစ်တည်လျက်ရှိသည့် နယ်မြေနှင့် ယင်းတို့၏ ဖြစ်တည်မှုကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်မှတ်သားနိုင်သည့် ရှုမြင်ကွင်းကို ဆိုသည်။

(ဍ) **အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ** ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသတို့အတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(ဎ) **ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ** ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသမှလွဲ၍ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသ တစ်ခုချင်းအတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် ဤဥပဒေအရ ဖွဲ့စည်းသော ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(တ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနကို ဆိုသည်။

### အခန်း (၂)

### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အခွန့်ရှည်စွာ တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို မြှင့်တင်အကောင်အထည်ဖော်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သစ်ပင် သစ်ဥကြောင့်ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့်ဖြစ်စေ၊ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏ အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဆ) ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

### အခန်း (၃)

### ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသကို လည်းကောင်း၊ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသကို လည်းကောင်း ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည် -

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က တာဝန်ပေးအပ်သောဝန်ကြီး — ဥက္ကဋ္ဌ

(၂) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်

(၈) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၉) ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(၁၀) ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းကို စိတ်ဝင်စားသည့် ဒေသခံနှစ်ဦး — အဖွဲ့ဝင်

(၁၁) သက်ဆိုင်ရာရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲ တာဝန်ခံ — အတွင်းရေးမှူး

(ခ) အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှလွဲ၍ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည် -

(၁) ခရိုင် သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သည့်ဌာနဆိုင်ရာ အရာရှိတစ်ဦး — ဥက္ကဋ္ဌ

(၂) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၃) ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၄) ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) သက်ဆိုင်ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲ တာဝန်ခံ — အတွင်းရေးမှူး

(ခ) ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

### အခန်း (၄)

### ယဉ်ကျေးမှုအမွေအနှစ်ဒေသသတ်မှတ်ခြင်း

၆။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဒေသအမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ၊

(ခ) ကြားခံဒေသ။

*ဆက်လက်ဖော်ပြပါမည်*

# ရန်ကုန်၌ စင်ကာပူပွဲတော် ၂၀၁၈ ဖွင့်ပွဲအခမ်းအနား လာရောက်ကြသူများဖြင့် စည်ကား

**ရန်ကုန်  နိုဝင်ဘာ  ၃၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (STB)နှင့် ဒို့အိမ်ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် စင်ကာပူပွဲတော် ၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြားရှိ ဘိုကလေးဈေး(အထက်လမ်း)၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms. Venessa Chan Yuen တို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

**နမူနာကောင်းတစ်ခုဖြစ်လာဖို့ အစီအစဉ်ရှိ**

ဖွင့်ပွဲအခမ်းအနား၌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကားပြောကြားရာတွင် “ဒီပွဲတော်ကနေတစ်ဆင့် ပေးချင်တဲ့ သတင်းအချက် အလက်က ရန်ကုန်မြို့ရဲ့ အနာဂတ်ပုံစံနဲ့သက်ဆိုင်တဲ့ စိတ်ကူးစိတ်သန်းလေးတွေကို ပေးဖို့လည်း ရည်ရွယ်ပါတယ်။ နောက် ရန်ကုန်မြို့ရဲ့သက်ဝင်လှုပ်ရှားနေတဲ့ လူနေမှုစရိုက်၊ ဘယ်လိုနေထိုင်ရမယ်ဆိုတဲ့ အနာဂတ်အစီအစဉ်တွေကို ပုံဖော်နိုင်ဖို့အတွက် ဒီပွဲတော်ဟာ နမူနာကောင်းတစ်ခုဖြစ်လာဖို့လည်း အစီအစဉ်ရှိပါတယ်” ဟု ထည့်သွင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms. Venessa Chan Yuen က “သမိုင်းဝင် အတွင်းဝန်ရုံးကြီး နောက်ခံတည်ရှိပြီးတော့ လမ်းတစ်လျှောက်မှာ စိတ်ဝင်စားစရာကောင်းတဲ့ အဆောက်အအုံ ဖွဲ့စည်းတည်ဆောက်ပုံတွေရှိနေတဲ့ ဘိုကလေးဈေးလမ်းဟာ ပွဲတော်ကျင်းပဖို့အတွက် အလွန်သင့်တော်ပြီး ကောင်းမွန်တဲ့ နေရာအနေအထားတစ်ခုဖြစ်ပါတယ်” ဟု ပြောကြားသည်။

**စည်ကားလျက်ရှိ**

စင်ကာပူပွဲတော် ၂၀၁၈ ကျင်းပရာ ဘိုကလေးဈေးလမ်းအတွင်း၌ ကျပ်ငါးရာတန် စင်ကာပူနှင့် မြန်မာအစားအစာများကို ရောင်းချပေးခြင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံမှ အနုပညာရှင်များဖြစ်သည့် မြန်မာနိုင်ငံမှ အဆိုတော် ဟဲလေးနှင့် စင်ကာပူနိုင်ငံ The Lion City Boy မှ အဆိုတော် A.K.A Kevin Lester တို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပန်းချီအနုပညာရှင် Bart Was Not Here၊ ဝဏ္ဏအောင်နှင့် သူမြတ်တို့ကလည်း ဘိုကလေးဈေးလမ်းရှိ တိုက်နံရံများတွင် နံရံဆေးရေးပန်းချီများ ရေးဆွဲပြသသည်။ ပွဲတော်ကျင်းပရာလမ်းတစ်လျှောက်၌ မီးအလှများ တပ်ဆင်ခြင်း၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးထားခြင်းနှင့် ကလေးကစားကွင်းနှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသော စင်ကာပူပွဲတော် ၂၀၁၈ သည် စင်ကာပူခရီးသွားဘုတ်အဖွဲ့၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံတွင် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး Outdoor Festival တစ်ခုအနေဖြင့် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ပွဲတော်ကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ညနေ ၄ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



**စင်ကာပူပွဲတော် ၂၀၁၈ ဖွင့်ပွဲအခမ်းအနားတွင် လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ - နေလင်း(သတင်းစဉ်)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပို့ကုန်/သွင်းကုန်၏ Invoice သို့မဟုတ် Sale Contract ပါ ဈေးနှုန်းများ မမှန်မကန်ဖော်ပြခြင်းကို စစ်ဆေးအရေးယူဆောင်ရွက်သွားမည့်ကိစ္စနှင့်စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ကုမ္ပဏီများအနေဖြင့် တင်ပို့ခြင်း/တင်သွင်းခြင်းကိစ္စရပ်တွင် Invoice နှင့် Sale Contract တို့အား အတုအပ ပြုလုပ်ခြင်း၊ Invoice နှင့် Sale Contract ပါ အချက်အလက်များအား မမှန်မကန်ဖော်ပြခြင်း၊ တရားမဝင်ဆောင်ရွက်ခြင်းကဲ့သို့သော Invoice နှင့် Sale Contract ပါ ဈေးနှုန်းနှင့် တန်ဖိုးများအား အခွန်ရှောင်တိမ်းရန်ရည်ရွယ်၍ မမှန်မကန် ဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါက လိုင်စင်ခွင့်ပြုမှုအတွက် တင်ပို့/တင်သွင်းခဲ့သည့် ဈေးနှုန်းများအား ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၁-၆-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းကဲ့သို့ မမှန်မကန်ဆောင်ရွက်မှုများကို ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ရန် **ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့** မှ အောက်ပါအတိုင်း စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) “ဈေးနှုန်းမမှန်မကန်ဖော်ပြလျှောက်ထားသည်ဟု စစ်ဆေးတွေ့ရှိသည့် ကုမ္ပဏီများစာရင်းကို စိစစ်ရေးအဖွဲ့များမှ တင်ပြလာပါက ၎င်းကုမ္ပဏီများ၏ ဒါရိုက်တာ (သို့) တာဝန်ရှိသူကိုခေါ်ယူ၍ အဖွဲ့ဖြင့် ထပ်မံစစ်ဆေးမေးမြန်းမှုများ (Re-Check) ပြုလုပ်ခြင်း၊


(ခ) အစစ်ဆေးခံရသည့်ကုမ္ပဏီအား အသေးစိတ်စစ်ဆေးရန် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် တောင်းယူစစ်ဆေးခြင်း၊ လိုင်စင် / ID လျှောက်ထားသည့် ဈေးနှုန်းအတိုင်း အမှန်ငွေလွှဲထားခြင်း ရှိ/မရှိ စိစစ်နိုင်ရန် ငွေလွှဲစာတမ်း၊ ဘဏ်စာရင်းစာအုပ်တို့ကို စိစစ်ခြင်းပြုလုပ်၍ မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါက အရေးယူမှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခြင်း။

(ဂ) မမှန်မကန်ဖော်ပြလျှောက်ထားသော ကုမ္ပဏီများအား ဥပဒေအရ ကွာဟအခွန်ငွေများ ပြန်လည်ပေးသွင်းစေပြီး ထိုက်သင့်သော ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ခြင်း။

(ဃ) ကုမ္ပဏီများ၏ မမှန်မကန်ဖော်ပြလျှောက်ထားမှုများကို စိစစ်တွေ့ရှိရပါက လိမ်လည်တင်ပြခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၄၆၃၊ ပုဒ်မ ၄၆၄၊ ပုဒ်မ ၄၆၈ တို့ဖြင့် အရေးယူခြင်း သို့မဟုတ် ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူခြင်းအပြင် အခွန်တိမ်းရှောင်မှုအတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ပုဒ်မ ၂၂ (ခ) နှင့် ပုဒ်မ ၂၇ (က)များဖြင့်လည်း အရေးယူသွားမည်ဖြစ်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ပို့ကုန်/သွင်းကုန်၏ Invoice သို့မဟုတ် Sale Contract ပါ ဈေးနှုန်းများ မမှန်မကန်ဖော်ပြခြင်းကို စစ်ဆေးတွေ့ရှိပါက ယင်းသို့ မရိုးမသားဆောင်ရွက်မှုများအတွက် ကိစ္စရပ်တစ်ခုအပေါ်မူတည်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၂၃) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၅)၊ အမှတ်(၂၃)ကို ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

၁-၁၂-၂၀၁၈ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၂၃)တွင် ဆောင်းသီးနှံအထွက်တိုးရေး စိုက်ပျိုးချိန်နှင့် အစိုဓာတ်၏ အရေးပါမှု၊ မတ်ပဲအစားထိုးနေရာ စိုက်ပျိုးသင့်တာ ဆီထွက်နေကြာ စသည့် စိုက်ပျိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ငါးမွေးမြူရေးလုပ်ငန်းအတွက် စရိတ်ကုန်ကျမှု သက်သာသော အစာစိမ်း (ဗေဒါ)ပြုလုပ်ခြင်း၊ ကြက်နှင့် ဝက်မွေးမြူရေးလုပ်ငန်းများတွင် ပဋိဇီဝဆေးများကို လွဲမှားစွာအသုံးပြုလျက်ရှိ စသည့် မွေးမြူရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်၊ ဆင်ကြီးနဲ့ပုရွက်ဆိတ်များပုံပြင်၊ အိမ်ထောင်မပြုမီ HIV/AIDS ရောဂါကို သတိထားစေချင်၊ အပူကြောင့်ဖြစ်သော နားအူနားကိုက်ရောဂါသက်သာစေရန်၊ ကျန်းမာရေးဗဟုသုတ နည်းပါးခဲ့၍ စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဈေးကွက်သေချာမှုရှိပြီး နည်းပညာအထောက်အပံ့များ ရရှိသည့် အကျိုးတူဟင်းသီးဟင်းရွက်စိုက်ပျိုးရေး လုပ်ကိုင်သူများ၏ စကားသံများ၊ ရေနက်ကွင်း စိုက်ပျိုးမွေးမြူရေး (ငါးစပါး၊ သဘာဝငါး)လုပ်ငန်းအကြောင်း စသည့် အင်တာဗျူး၊ ဖန်တီးမှုအသစ်များဖြင့် ဈေးကွက်ရရှိလာသော




ယွန်းထည်ပစ္စည်းများ၊ မြန်မာ့ရေထွက်ကုန်ပစ္စည်းများကိုရီးယားသို့ တင်ပို့ခွင့်ရရှိ စသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက် ရေးရာသတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကိုသုတ၊ ရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် တင်းနစ်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း တံခွန်စိုက်ဆုဖလားဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၆/၁၊ ၃/၆၊ ၇/၆ ဖြင့် အနိုင်ရရှိပြီး တံခွန်စိုက်ဆုဖလား ရရှိသွားသည်။ ပြိုင်ပွဲများအပြီး အမျိုးသမီး၊ အမျိုးသားတစ်ဦးချင်း၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီးအသင်းလိုက်၊ အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားဆုရရှိကြသူများကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းလွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ထိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြပြီး အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ချင်းပြည်နယ်မှ မောင်ကျော်လျှန်းမန်+မကျိန်တူးပ်မာန်တို့ကို ချင်းပြည်နယ်အစိုးရမှ ငွေကျပ်သုံးသိန်းကို ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇိုပါမောင်က ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသား အမျိုးသမီး ပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေနှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က ချီးမြှင့်သည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်မှ အားကစားသမား ၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အေကေလင်း**




ဓာတ်ပုံ-ဗလစိုး

✳ *ကျောဖုံးမှ*

ဦးကိုကိုအေးက ပြိုင်ပွဲကို အဓိက ကူညီပံ့ပိုးပေးသော အင်းဝဘဏ်လီမိတက်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးက လက်ခံရယူသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ၂၀၁၈ ခုနှစ်မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အဓိကကူညီပံ့ပိုးပေးသော ကုမ္ပဏီများကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ဖြိုးစည်သူကျွန်းအထူးစိုက်ခင်းနှင့် ပဲခူးရိုးမ အပန်းဖြေဥယျာဉ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအေး၊ မြဝတီဘဏ်လီမိတက်မှ အထွေထွေမန်နေဂျာ ဦးဘဦး၊ မြန်မာ့ဖွဲ့မာန်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်၊ မုတ္တမဟိုးဒင်းကုမ္ပဏီလီမိတက်မှ ဦးရန်ဟော်၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အသီးသီးလက်ခံရယူသည်။

ထို့နောက် ဆုရကစားသမားများကို ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးက ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၃၅ ချက်ဖြင့် ဒုတိယရရှိခဲ့သော ပြုံးပြုံးထွေးနှင့် စုစုပေါင်းရိုက်ချက် ၂၂၆ ချက်ဖြင့် ပထမရရှိခဲ့သော ကေရီဝင်းထွန်းတို့ကို ဆုများချီးမြှင့်သည်။ ဆက်လက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးအုံ့ဇော်က ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် ဒုတိယရရှိခဲ့သော ဇော်ဇော်ထွန်းနှင့် စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် ပထမရရှိခဲ့သော ကျော်ဇင်ထွန်းတို့ကို ဆုများပေးအပ်သည်။

ယင်းနောက် ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက် လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၆၆ ချက်ဖြင့် ပထမဆုရရှိသွားသော ဟိန်းစည်သူ (ဖြိုးစည်သူကျွန်းအထူးစိုက်ခင်းနှင့် ပဲခူးရိုးမအပန်းဖြေဥယျာဉ်)အား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ဆုချီးမြှင့်ပြီး ဆုကြေးငွေဂုဏ်ပြုချက်လက်မှတ်ကို အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးက ချီးမြှင့်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**ဖိုးသော်ဇင်**

**ဓာတ်ပုံ-မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS
ISO 9001: 2015 CERTIFIED

VICTORIA UNIVERSITY COLLEGE
ENJOY LEARNING ● ENJOY SUCCESS
အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၉ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။



အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူများအတွက်
(၃)နှစ်အတွင်း BTEC HND နှင့် အင်္ဂလန်အစိုးရပိုင် တက္ကသိုလ်မှ
- BA (Hons) Business Management
- BE (Hons) Electronics & Communications Engineering
- BE (Hons) Mechatronics
- BE (Hons) Civil Engineering
- BSc (Hons) Computer Science
- BSc (Hons) Public Health

ဒီဂရီဘွဲ့ ရရှိမည့် အခွင့်အရေး

ရန်ကုန် နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်မည့် ၂၀၁၉ခုနှစ် ဇန်နဝါရီ တန်းခွဲသစ်အတွက် သင်တန်းသားများ စတင်လက်ခံပြီ။

ကျောင်းသားရေးရာဌာန –
ရန်ကုန် – အမှတ် (၁၆၆)၊ MMB Tower၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း ၀၁–၃၈၃၁၃၂၂၊ ၃၈၃၁၃၃၃
မန္တလေး – အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၆ နှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ ဖုန်း ၀၂၄၀ – ၃၁၁၅၄၊ ၃၉၆၃၃

## မြန်မာ့ရုပ်မြင်သံကြား

၁-၁၂-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၃၀ - မြစ်မခမီဒီယာ (သဘာဝ ပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း )
၁၁း၂၀ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး "ရာသီဥတုနှင့် လျော်ညီစွာ ဆောင်းရာသီမှာ စားသင့်တဲ့အစားအစာ"
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၂၉)

**ညပိုင်း**

၁၆း၃၅ - "မျှော်လင့်ချက်နှင့် ရှင်သန်ခြင်း" (ရဲမွန်၊ ဘေဘီမောင်)
၁၇း၀၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၃၅ - Tasty Trip
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၄၄)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း အစီအစဉ်"
- "လပတ်မိုးလေဝသ အခြေအနေ"
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ (အပိုင်း-၁၂)
- "ရေဆန်စီးတဲ့မြစ်" (နေမင်း၊ မယ်လိုဒီ၊ မေဇင်အောင်) ဒါရိုက်တာ-မောင်ဇေဒါ

# ဦးကိုနီ လုပ်ကြံခံရမှု ရုံးချိန်းပေါင်း ၉၀ ၌ တရားခံပြသက်သေအဖြစ် နှစ်ဦးအား ရုံးချိန်ကုန်ဆုံးထိတိုင်စစ်ဆေး၊ တရားခံပြသက်သေစစ်ဆေးရန် ၂၂ ဦးသာကျန်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ နှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်းအကြိမ် (၉၀) မြောက်အဖြစ် ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိပြီး တရာခံပြသက်သေ နှစ်ဦး ရုံးချိန်ကုန်ဆုံးထိတိုင် စစ်ဆေးမှုပြုလုပ်ခဲ့ရကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဒုတိယခရိုင်တရားသူကြီး-၆- ဦးရဲလွင်က "၄၅/ ၂၀၁၇ (လူသတ်မှု)နဲ့စစ်ဆေးနေတဲ့အမှုက အမှုမြန်ဆန်ရေးအတွက် တရားခံဇေယျာဖြိုးတင်ပြထားတဲ့ ခံပြသက်သေထဲက သုံးဦးစစ်ဆေးရန် ခေါ်လာပေးဖို့ ရုံးတော်က မှာကြားထားပါတယ်။ ဒါပေမယ့် နှစ်ဦးသာလာတဲ့အတွက် နှစ်ဦးပဲစစ်ဆေးနိုင်ခဲ့တယ်။ ဒီနေ့လည်း နှစ်ဦးစစ်နေရင်းနဲ့ပဲ ရုံးချိန်ကုန်သွားတယ်။ နောက်ရုံးချိန်းကိုတော့ ဒီဇင်ဘာ ၆ ရက်ကြာသပတေးနေ့ကို ဇေယျာဖြိုး ခံပြသက်သေ သုံးဦးကို မပျက်မကွက်ခေါ်လာပေးဖို့ ခုံရုံးတရားသူကြီးများက မှာကြားလိုက်ပါတယ်" ဟုပြောသည်။

မြောက်ပိုင်းခရိုင်တရားရုံးက စစ်ဆေးနေတဲ့ လူသတ်အမှုနှင့်ပတ်သက်ပြီး ကြည်လင်း တင်ပြထားသည့် တရားခံပြသက်သေ ၁၀ ဦးထဲမှ ရှစ်ဦးပယ်ပြီး နှစ်ဦးစစ်ပြီး ကြည်လင်း(ခ)ဖိုးထူးက သက်သေမကျန်တော့ကြောင်း၊ အောင်ဝင်းဇော်က တရားခံပြသက်သေ ၁၂ ဦးတင်ပြထားရာက လေးဦးပယ် ခုနစ်ဦးစစ်ပြီး တစ်ဦးသာ ကျန်တော့ကြောင်း၊ ဇေယျာဖြိုးက တရားခံပြသက်သေ ၂၈ ဦး တင်ထားရာက ခုနစ်ဦးစစ်ပြီး ၂၁ ဦးသာ ကျန်ရှိတော့ကြောင်း၊ အောင်ဝင်းထွန်းက ၂၂ ဦး တင်ပြထားရာက ရှစ်ဦးပယ် ၁၄ ဦး စစ်ပြီးသည့်အတွက် သက်သေကျန်ရှိခြင်းမရှိတော့ကြောင်း၊ တရားခံပြသက်သေစစ်ဆေးမှုကို ခြုံငုံကြည့်မယ်ဆိုရင်ဖြင့် စုစုပေါင်း ခံပြသက်သေ ၇၂ ဦး တင်ပြထားရာမှ စစ်ပြီးသည်မှာ ၃၀ ရှိ၍ ၂၀ ပယ်ထားသည့်အတွက် ခံပြသက်သေ ၂၂ ဦးသာ ကျန်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မိန်းကလေးများအား တရုတ်နိုင်ငံသို့ လူကုန်ကူးသူများအား စုစုပေါင်း ထောင်ဒဏ် နှစ် ၄၀ ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော် ပျဉ်းမနားမြို့နေ မိန်းကလေးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် လူကုန်ကူးမှုကျူးလွန်သူ မျိုးမင်းအောင်(ခ) ဉူးဝရသာမိ( ၂၄ နှစ်) ပျဉ်းမနားမြို့နယ် နေပြည်တော်၊ ဒေါ်စန်းမြင့် (၄၇ နှစ်) ရွာသစ်ရွာ ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီးတို့အား နေပြည်တော် ဒက္ခိဏခရိုင်တရားရုံးက ရာကြီးအမှုအမှတ် ၇၅/ ၂၀၁၇၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်၊ ရာကြီးအမှုအမှတ် ၈၅/ ၂၀၁၇၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်၊ ရာကြီးအမှုအမှတ် ၈၄/ ၂၀၁၇၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်၊ ရာကြီးအမှုအမှတ် ၈၀/ ၂၀၁၇၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် စုစုပေါင်း ထောင်ဒဏ် နှစ် ၄၀ အား နိုဝင်ဘာ ၂၈ ရက်တွင် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### အင်းတော်မြို့နယ်၌ ကျောက်စိမ်း အရိုင်းတုံး ၁၁၃၃ ပိဿာကျော် ဖမ်းမိ

**အင်းတော် နိုဝင်ဘာ ၃၀-** စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန်းမကျိုင်းလမ်းဆုံနေရာမှ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများကို နိုဝင်ဘာ ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အင်းတော်မြို့နယ် နဘားနယ်မြေရဲကင်းစခန်းမှူး ဒုရဲအုပ် မျိုးသက်နိုင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်း နန်းမကျိုင်းလမ်းဆုံနေရာတွင် စောင့်ဆိုင်းနေစဉ် ရီဝေထွန်းဆိုသူ မောင်းနှင်လာသော ခြောက်ဘီးယာဉ်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင်ကျောက်စိမ်းအရိုင်းတုံး အလေးချိန် ၁၁၃၃ ပိဿာနှင့် ၄၈ ကျပ်သား စစ်ဆေးတွေ့ရှိရသဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးရာမှ ပိတောက်ခွဲသားနှင့် ကျောက်စိမ်းဖြတ်စများစစ်ဆေးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃ ဒသမ ၁၈၁ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားစီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၅၉၄ သန်း စုစုပေါင်း တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃ ဒသမ ၇၇၅ သန်းကို ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီး၊ Honda CRV ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်၏အောက်ဘက် ခရီးသည်ပစ္စည်းတင်ဆောင်ရာနေရာနှင့် အောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေ ၁ ဒသမ ၂၆၈ တန်၊ ပိတောက်ခွဲသား အပိုင်းအစများ ၀ ဒသမ ၅၅၇၀ တန်၊ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံ၊ လက်ကောက် ၅၂၉ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၃ ဒသမ ၄၈၁ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အဇော့ဗ်ပင်လယ်ပြင်သို့ နေတိုးစစ်သင်္ဘောများ စေလွှတ်ပေးရန် ယူကရိန်းသမ္မတ တောင်းဆို



နေတိုးစစ်သင်္ဘောများကို တွေ့ရစဉ်။

**ကီယက်ဗ် နိုဝင်ဘာ ၃၀**

ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံ တင်းမာမှုမြင့်တက်နေချိန်တွင် ယူကရိန်းသမ္မတသည် ယူကရိန်းနိုင်ငံလုံခြုံရေးအတွက် အဇော့ဗ်ပင်လယ်ပြင်သို့ နေတိုးစစ်သင်္ဘောများ စေလွှတ်ပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

ယူကရိန်း သမ္မတ ပီဒရိုဆန်ချက်၏ တောင်းဆိုမှုကို ဂျာမန်သတင်းစာဖြစ်သော ဘိုင်းလ်တွင်ဖော်ပြခဲ့ခြင်း ဖြစ်သည်။

ထို့အတူ တူရကီ သမ္မတ ရီဆက်ပ် တေရစ် အာဒိုဂန်က ယူကရိန်းနှင့် ရုရှားတို့ကြား ကြားဝင်စေ့စပ်မှုလုပ်ဆောင်ပေးရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပမည့် ဂျီ-၂၀ အစည်းအဝေးတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆက်လက်ဆွေးနွေးသွားနိုင်ကြောင်း တူရကီသမ္မတက ဆက်လက်ပြောခဲ့သည်။

ထို့အပြင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ သီးခြားတွေ့ဆုံပွဲတွင် ရုရှားနှင့် အမေရိကန် သမ္မတနှစ်ဦးတို့သည် နှစ်နိုင်ငံ ကိစ္စရပ်များအပြင် ဒေသတွင်းပဋိပက္ခများ၊ လက်နက်ဖျက်သိမ်းရေးနှင့် အခြားကိစ္စရပ်များကိုလည်း ဆွေးနွေးသွားဖွယ်ရှိကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်ခ်ကော့ဗ်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# သမ္မတပူတင်နှင့် တွေ့ဆုံမည့် အစီအစဉ် ထရမ့်ဖျက်သိမ်း

**ဝါရှင်တန် နိုဝင်ဘာ ၃၀**

ရုရှားနှင့် ယူကရိန်းတို့ကြား ထိပ်တိုက်ရင်ဆိုင်တွေ့မှုများ ဖြေရှင်းမရသေး၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံရန်အစီအစဉ်ကိုဖျက်သိမ်းလိုက်ခြင်းက အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်ကြောင်း အာဂျင်တီးနားသို့ သွားရောက်သည့် ခရီးစဉ်အတွင်း ထရမ့်က တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

ယူကရိန်းသင်္ဘော နှင့်သင်္ဘောသားများ ရုရှားမှ ယူကရိန်းသို့ ပြန်မရောက်သေးကြောင်း၊ ထို့ကြောင့် ယခင်အစီအစဉ်ဖြစ်သည့် အာဂျင်တီးနားတွင် သမ္မတပူတင်နှင့် တွေ့ဆုံမည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ခြင်းက အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

အခြေအနေများအားလုံး ဖြေရှင်းပြီးချိန်တွင် အဓိပ္ပာယ်ပြည့်စုံသည့်ဆွေးနွေးမှုမျိုး ပြုလုပ်ရန် မျှော်လင့်လျက်ရှိသည်ဟု ထရမ့်က ပြောခဲ့သည်။


ဗျူနိုအေရိစ်မြို့သို့ မထွက်ခွာမီသတင်းထောက်များနှင့် တွေ့ဆုံစဉ် ထရမ့်သည် ယူကရိန်း - ရုရှားထိပ်တိုက်ရင်ဆိုင်တွေ့မှုများကြောင့် ပူတင်နှင့်တွေ့ဆုံရန် အစီအစဉ်ကို ဖျက်သိမ်းရန် ဖိအားများရှိနေသော်လည်း အာဂျင်တီးနားတွင် ရုရှားသမ္မတ ပူတင်နှင့်တွေ့ဆုံကောင်း တွေ့ဆုံနိုင်သည်ဟု သတင်းထောက်များကို ပြောခဲ့သည်။

ယခုအချိန်သည် သမ္မတ ပူတင်နှင့်တွေ့ဆုံရန် အချိန်ကောင်းဖြစ်ကြောင်း တွေ့ဆုံမှုမှ ယူကရိန်း - ရုရှားအခြေအနေတင်းမာမှု၏ နောက်ဆုံးအစီရင်ခံစာလည်း ရကောင်းရနိုင်သည်ဟု ပြောခဲ့သည်။

ထို့ပြင်ထရမ့်သည် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်နှင့်လည်း တွေ့ဆုံရန် အစီအစဉ်ရှိသည်ဟု ပြောခဲ့သည်။ သို့သော် တွေ့ဆုံမည့်နေ့ရက်ကိုမူ အတည်အကျ မပြောခဲ့ပေ။ ရုရှားတပ်ဖွဲ့သည် ပင်လယ်နက်ရေလက်ကြားအနီး ယူကရိန်းသင်္ဘောသုံးစင်းအား ပစ်ခတ်သိမ်းပိုက်ခဲ့ကြောင်း ယူကရိန်းသင်္ဘောသားခြောက်ဦးမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းရေတပ်က ပြောသည်။

**ဆင်ဟွာ**

# ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အမေရိကန်သမ္မတ အာဂျင်တီးနားသို့ ရောက်ရှိ




**ဗျူနိုအေရိစ် နိုဝင်ဘာ ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် သောကြာနေ့အစောပိုင်းက အာဂျင်တီးနားနိုင်ငံသို့ ရောက်ရှိလာကြောင်း၊ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်လည်းတွေ့ဆုံပြီး ကမ္ဘာ့စီးပွားရေးအင်အားကြီး နှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် တရုတ်တို့ကြား ကုန်သွယ်ရေးတင်းမာမှုများ အဆင်ပြေစေရေး ဆွေးနွေးသွားဖွယ်ရှိသည်။

နှစ်ရက်တာ ကျင်းပမည့်အစည်းအဝေးတွင် ထရမ့်သည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်လည်း တွေ့ဆုံသွားဖွယ်ရှိသည်။ သမ္မတထရမ့်နှင့်ရှီကျင့်ဖျင်တို့ တွေ့ဆုံမှုသည် လာမည့်ဇန်နဝါရီလအတွင်း ၂၀၀ ဘီလီယံတန် တရုတ်ကုန်ပစ္စည်းများအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှု ၁၀ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်သွားမည့်အပေါ် အလေးထားသွားမည်ဟု ခန့်မှန်းထားကြသည်။ ထရမ့်သည် အိမ်ဖြူတော်မှ အာဂျင်တီးနားသို့မသွားမီ အမေရိကန်အနေဖြင့် တရုတ်နှင့် သဘောတူညီမှုရရန် နီးကပ်နေပြီဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ယီမင်သူပုန်များ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပြန်လာမည်ဖြစ်သော်လည်း ကုလအကြီးအကဲ မျှော်လင့်ချက်သိပ်မထား

**အေဒင် နိုဝင်ဘာ ၃၀**

ယီမင်နိုင်ငံ၏ စစ်ပွဲအဆုံးသတ်စေရေး အခြေအနေကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က အများကြီးမျှော်လင့်မထားကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် ဆွေးနွေးမှုကို စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ဆော်ဒီဦးဆောင်သည့် မဟာမိတ်များကို ခုခံတိုက်ခိုက်နေသော ဟူသီသူပုန်များသည် ၎င်းတို့အနေဖြင့် ကုလသမဂ္ဂက စီစဉ်ထားသော လာမည့်သီတင်းပတ်အတွင်း ဆွီဒင်နိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးရန် စီစဉ်ထားမှုတွင် ပါဝင်ရန်အသင့်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ဟူသီသူပုန်ခေါင်းဆောင် အလီအယ်ဟူသီ။

သို့သော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဆွေးနွေးပွဲကျင်းပမည့်အချိန်ကို မျှော်လင့်ချက်နည်းပါးကြောင်း၊ ယီမင်နိုင်ငံသား သန်းနှင့်ချီ၍ ငတ်ပြတ်တော့မည့်ဘေး ရင်ဆိုင်ရမည်ကို ကြောက်ရွံ့လျက်ရှိကြောင်း ပြောခဲ့သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အများကြီးမျှော်လင့်မထားကြောင်း၊ သို့သော် ယခုနှစ်အတွင်း ငြိမ်းချမ်းရေးစကားဝိုင်း စနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ဂျီ- ၂၀ အစည်းအဝေးသို့ တက်ရောက်ရန် ဗျူနိုအေရိစ်မြို့သို့ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ပြောသည်။

ယီမင်နိုင်ငံသည် ဆော်ဒီ၏ ပိတ်ဆို့မှုနှင့်ဗုံးကြဲမှုများ ခံနေရသောနေရာဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် စစ်ပွဲစတင်သည့်အချိန်မှစ၍ လူပေါင်းတစ်သောင်းခန့် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်ကြောင်း ကုလသမဂ္ဂက ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂူတာရက်စ်တို့သည် ဗျူနိုအေရိစ်မြို့သို့ ရောက်ရှိစဉ်အတွင်း ဆော်ဒီအိမ်ရှေ့မင်းသားနှင့်တွေ့ဆုံရန် အစီအစဉ်ရှိသည်။

**အေအက်ဖ်ပီ**

# ဂျီ-၂၀ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာလာသော ဂျာမနီဝန်ကြီးချုပ်၏လေယာဉ် အရေးပေါ်ရပ်နားခဲ့ရ

**ဘာလင် နိုဝင်ဘာ ၃၀**

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ ဦးတည်ပျံသန်းနေသော ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ်၏ လေယာဉ်သည် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး ခရီးစဉ်ရပ်နားခဲ့ရကြောင်း မကြာသေးမီက သိရသည်။

ဂျာမနီဝန်ကြီးချုပ် စီးနင်းလိုက်ပါလာသော အဲယားဘတ်စ်အေ- ၃၄၀ အမျိုးအစားလေယာဉ်သည် နိုဝင်ဘာ ၃၀ ရက်တွင် ဗျူနိုအေရိစ်မြို့တွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ သွားရောက်ရန် ဘာလင်မြို့မှ ထွက်ခွာလာခဲ့ကြောင်း သိရသည်။

ယင်းလေယာဉ်သည် ပျံသန်းနေစဉ် လျှပ်စစ်စနစ်ချွတ်ယွင်းခဲ့သောကြောင့် နယ်သာလန်နိုင်ငံအပေါ် လှည့်ပတ်ပျံသန်းနေခဲ့ရပြီးနောက်ပိုင်းတွင် ဂျာမနီနိုင်ငံ ကိုလုံးမြို့ ဘွန်းလေဆိပ်သို့ ပြန်လှည့်ခဲ့ရကြောင်း သိရသည်။

ခက်ခဲစွာဆင်းသက်ခဲ့ရသော အဆိုပါလေယာဉ်ကို ကယ်ဆယ်နိုင်ရေး မီးသတ်ကားများက အသင့်စောင့်ဆိုင်းနေကြောင်း ပြည်တွင်းသတင်းတစ်ခုဖြစ်သော ကိုနာစတက်အန်ဇီကာက ဖော်ပြခဲ့သည်။

မာကယ်သည် ဂျာမနီဘဏ္ဍာရေးဝန်ကြီးနှင့် သတင်းစာဆရာများနှင့်အတူ ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ခရီးစဉ်ကို အခြားလေယာဉ်တစ်စင်းဖြင့် ပြောင်းလဲပျံသန်းခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ခရီးစဉ်နှောင့်နှေးခဲ့ရကာ ဂျီ-၂၀ အစည်းအဝေးကို အချိန်မီတက်နိုင်ခြင်း ရှိ မရှိ မကျိန်းသေကြောင်း သိရသည်။

**ဆင်ဟွာ**



စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုဖြစ်ပွားခဲ့သည့် ဂျာမနီဝန်ကြီးချုပ် စီးနင်းလာသော လေယာဉ်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့်အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# အလုပ်သမားရေးရာ အငြင်းပွားမှုများဖြေရှင်းရေး ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပေး

ခင်ရတနာ

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ယခုအခါဒီမိုကရေစီနိုင်ငံသို့ အသွင်ကူးပြောင်းလျက်ရှိရာ နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဝန်ကြီးဌာန(၂၅) ခု ဖွဲ့စည်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရှိန်အဟုန်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် များစွာအထောက်အကူပြုလျက်ရှိသည်ကို တွေ့မြင်ရပါသည်။

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း၊ ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ခြင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့နေရပါသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့်လည်း အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းသော ကိစ္စရပ်များအပေါ် စိစစ်သုံးသပ်၍ လိုအပ်သည့်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်လျက်ရှိပြီး ထိုကဲ့သို့ဆောင်ရွက်ရာတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ဆွေးနွေး၍ ပြင်ဆင်အတည်ပြုခြင်းများကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယခင်ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီကို ဖျက်သိမ်း၍ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအား ၁-၃-၂၀၁၂ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။

အလုပ်ရှင်၊ အလုပ်သမားအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကိုဖြေရှင်းနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သည် အလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂ ခုနှစ်)ကို ပြဋ္ဌာန်းခဲ့ပြီး အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ စည်းကြပ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယခင်က The Trade Dispute Act,1929 (၁၉၂၉ ခုနှစ် ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေ)ဖြင့် အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ယနေ့ပြောင်းလဲလာသော အလုပ်သမားရေးရာအခြေအနေများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဥပဒေစံနှုန်းများ၊ နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမူဝါဒများနှင့်အညီ ကျင့်သုံးနိုင်စေရန်အတွက် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

### အငြင်းပွားမှုဖြေရှင်းပုံအဆင့်ဆင့်

၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ အလုပ်ရှင်နှင့်အလုပ်သမား အငြင်းပွားမှုများ ဖြစ်ပွားပါက ဖြေရှင်းနိုင်မည့် နည်းလမ်းများကို လေ့လာရာ လုပ်ငန်းစဉ်အဆင့် (၄) ဆင့်ဖြင့် အောက်ဖော်ပြပါအတိုင်း ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်-

(က) အလုပ်သမားရေးရာအငြင်းပွားမှုများကို စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအဆင့်၌ ဆွေးနွေးညှိနှိုင်းနိုင်ရန် အလုပ်သမား ၃၀ နှင့်အထက်ရှိသော လုပ်ငန်းများတွင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ကို ဥပဒေနှင့်အညီ ဖွဲ့စည်း၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်း၊

(ခ) ၎င်းအဆင့်တွင် ပြေငြိမ်းမှုမရရှိပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး သက်ဆိုင်ရာ အလုပ်သမားရုံး တာဝန်ခံအရာရှိများက အတွင်းရေးမှူးအဖြစ်ပါဝင်သော သုံးပွင့်ဆိုင်စနစ်ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ဝင်(၁၁)ဦးပါ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ညှိနှိုင်းဖျန်ဖြေခြင်း၊

(ဂ) ၎င်းအဆင့်တွင် ပြေငြိမ်းမှုမရရှိပါက တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံအရာရှိများက အတွင်းရေးမှူးအဖြစ်ပါဝင်သော အဖွဲ့ဝင် ၁၁ ဦးပါ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ခုံသမာဓိအဖွဲ့မှစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ပေးခြင်း၊

(ဃ) ၎င်းအဖွဲ့၏ ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိသူသည် ဤဥပဒေအရ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် အဖွဲ့ဝင် ၁၅ ဦးပါ ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်း၊

အထက်ပါအခြေအနေများတွင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)သည် အလုပ်ရှင်၊ အလုပ်သမားအကြားဖြစ်ပွားသည့် အငြင်းပွားမှုများကို လုပ်ငန်းခွင်အတွင်း ကနဦးဖြေရှင်းသည့် Bipartite အဆင့်ဖြစ်ပြီး မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီသည် အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ အစိုးရကိုယ်စားလှယ်များပါဝင်သည့် Tripartite အဖွဲ့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဦးစီးဌာနမှအရာထမ်းများသည် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်ခုံသမာဓိအဖွဲ့တွင် အတွင်းရေးမှူးတာဝန်ကိုထမ်းဆောင်၍ အငြင်းပွားမှုများ ဖျန်ဖြေစစ်ဆေးရာတွင် ဥပဒေနှင့်အညီဖြစ်စေရေးအတွက် အထောက်အကူပြုခြင်းဖြင့် အငြင်းပွားမှုလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့နေရပါသည်။

### ဖြေရှင်းဆောင်ရွက်လျက်ရှိသောအခြေအနေများ

ထို့ပြင် လုပ်ငန်းခွင်အတွင်း အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံမှုအားကောင်းစေရေး၊ အလုပ်လုပ်ကိုင်မှုနှင့် စည်းမျဉ်း၊ စည်းကမ်းများ ဆွေးနွေးညှိနှိုင်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းရေးကော်မတီတွင် ဆွေးနွေးညှိနှိုင်းခြင်းသည် အငြင်းပွားမှုလျော့နည်းစေရေးအတွက် အခြေခံကျသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်လျက်ရှိကြောင်း သုံးသပ်ရပါသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေတွင် အဆိုပါအဖွဲ့အစည်း ဖွဲ့စည်းခြင်းမရှိပါက အရေးယူဆောင်ရွက်ရမည့် ပြစ်ဒဏ်များမပါရှိသဖြင့် ဖွဲ့စည်းမှုအားကောင်းလာစေရေးအတွက် ဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန စည်းကြပ်နယ်မြေအတွင်း၌ လုပ်ငန်းညှိနှိုင်းရေးကော်မတီများကို စက်ရုံ၊ အလုပ်ရုံ အရေအတွက် ၈၈၃ ရုံ၌ ဖွဲ့စည်းနိုင်သည်အထိ တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး ဆက်လက်ဖွဲ့စည်းနိုင်ရေးအတွက် အသိပညာပေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များအနေဖြင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ ၇၃၇၄ မှု လက်ခံရရှိပြီး ၆၄၆၂ မှုကို ပြေလည်မှုရရန် ဖြေရှင်းနိုင်ခဲ့သောကြောင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အငြင်းပွားမှုများကို ၈၈ ရာခိုင်နှုန်းအထိ အောင်မြင်စွာ ဖြေရှင်းဆုံးဖြတ်ပေးလျက်ရှိကြောင်း တွေ့ရှိရပြီးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များအနေဖြင့် ဒီမိုကရေစီအစိုးရသစ်တာဝန်ယူသည့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိကာလတွင် လက်ခံရရှိသည့်အမှုပေါင်း ၃၆၃၇ မှု၌ ၃၁၄၈ မှု ဖြေရှင်းနိုင်ခဲ့သောကြောင့် အစိုးရသစ်လက်ထက်တွင် ၈၇ ရာခိုင်နှုန်းအထိ ဖြေရှင်းနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

| စဉ် | ခုနှစ် | ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ | | ခုံသမာဓိအဖွဲ့ | | ခုံသမာဓိကောင်စီ | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | လက်ခံရရှိမှု | ဖြေရှင်းပြီးစီးမှု | လက်ခံရရှိမှု | ဆုံးဖြတ်ပြီးစီးမှု | လက်ခံရရှိမှု | ဆုံးဖြတ်ပြီးစီးမှု | |
| ၁ | ၂၀၁၂ | ၉၆၅ | ၉၄၉ | ၅၇ | ၄၇ | ၁၉ | ၁၆ | |
| ၂ | ၂၀၁၃ | ၉၀၂ | ၇၉၇ | ၁၃၂ | ၁၂၄ | ၅၅ | ၅၄ | |
| ၃ | ၂၀၁၄ | ၈၅၂ | ၇၁၅ | ၁၂၂ | ၁၁၁ | ၄၂ | ၄၂ | |
| ၄ | ၂၀၁၅ | ၁၀၁၈ | ၈၅၃ | ၁၆၇ | ၁၄၉ | ၇၅ | ၆၃ | |
| ၅ | ၂၀၁၆ | ၁၂၃၈ | ၁၀၆၁ | ၁၉၁ | ၁၇၂ | ၁၁၀ | ၁၀၂ | |
| ၆ | ၂၀၁၇ | ၁၁၄၂ | ၉၅၁ | ၂၁၉ | ၂၀၅ | ၉၆ | ၉၂ | |
| ၇ | ၂၀၁၈ | ၁၂၅၇ | ၁၁၃၆ | ၁၃၁ | ၁၃၀ | ၆၇ | ၆၆ | |
| | စုစုပေါင်း | ၇၃၇၄ | ၆၄၆၂ | ၁၀၁၉ | ၉၃၈ | ၄၆၄ | ၄၃၅ | |

အလားတူ အလုပ်ရှင်၊ အလုပ်သမားများမှ အလုပ်သမားရေးရာဥပဒေများ ပိုမိုသိရှိနားလည်ခြင်းဖြင့် ၎င်းတို့၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များကို ပိုမိုနားလည်နိုင်ခြင်း၊ အငြင်းပွားမှုလျော့ကျနိုင်ခြင်း၊ လုပ်ငန်းခွင်အေးချမ်းသာယာမှုရရှိစေနိုင်ခြင်း ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလုပ်သမားရုံးများမှ တာဝန်ခံအရာရှိများက ပေါင်းစပ်အဖွဲ့ဖြင့် အလုပ်သမားရေးရာဥပဒေများ အသိပညာပေးဆွေးနွေးပွဲများကို စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ သင်တန်းကျောင်းများတွင် ၂၀၁၇ ခုနှစ် မေလမှစ၍ လစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ စက်ရုံ၊ အလုပ်ရုံ ၁၀၄၄ ရုံ၊ ဆိုင်၊ အလုပ်ဌာန ၄၄၈ ရုံ၊ သင်တန်းကျောင်း ၁၁ ကျောင်း တို့တွင် အလုပ်ရှင်၊ အလုပ်သမား ၂၃၁၃၄ ဦးတို့အား အသိပညာပေးဆွေးနွေးခဲ့မှုများ ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

### ပဋိပက္ခအသွင်ဆောင်သော အငြင်းပွားမှုများနှင့် ဆောင်ရွက်ပေးမှုများ

ထို့ပြင် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရာတွင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီသာ ဖြေရှင်းဆောင်ရွက်ပေးရသဖြင့် အချို့အငြင်းပွားမှုများတွင် အလုပ်သမားများတောင်းဆိုမှု၊ တောင်းဆိုချက်များအား အလုပ်ရှင်က လိုက်လျောမပေးနိုင်ခြင်း၊ အလုပ်သမားအင်အားလျှော့ချသည့် ကိစ္စများ၊ အလုပ်ရှင်က အလုပ်မှထုတ်ပယ်သည့် ကိစ္စရပ်များကြောင့် ပဋိပက္ခအသွင်ဆောင်သော အငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းအငြင်းပွားမှုများကို ဝန်ကြီးဌာန၏ မြို့နယ်အဆင့် တာဝန်ခံအရာရှိနှင့် သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များဖြင့် ဖြေရှင်းပေးသည်သာမက အလုပ်သမားများက ဥပဒေပါရပိုင်ခွင့်ထက် ကျော်လွန်တောင်းဆိုသည့်ကိစ္စများတွင် အလုပ်ရှင်က မလိုက်လျောနိုင်သောကြောင့် ပြေငြိမ်းမှုမရနိုင်သည့် အငြင်းပွားမှုများကိုပါ ဦးစီးဌာန အရာထမ်းများမှ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးယန္တရားနှင့်အညီ အားသွန်ခွန်စိုက် ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ဖုယွင်အထည်ချုပ်စက်ရုံအငြင်းပွားမှုများနှင့် သရပါဟိုတယ်အငြင်းပွားမှုများကဲ့သို့သော မြို့နယ်အဆင့်ဖြင့် ပြေလည်မှုမရသော ကိစ္စရပ်များတွင် ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများကိုယ်တိုင် ပြဿနာများ အမြန်ဆုံးပြေလည်ရန် ရည်ရွယ်၍ မြေပြင်သို့ အကြိမ်ကြိမ်ကွင်းဆင်း၍ အငြင်းပွားမှုများကို သီးသန့်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်များလည်းရှိကြောင်း တွေ့ရှိရပါသည်။

### အလုပ်ရှင်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်တာဝန်များ

ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ၏ ဥပဒေပါအခွင့်အရေးဖြစ်သည့် လုပ်ခလစာ၊ အလုပ်ချိန်၊ နားရက်၊ အလုပ်ပိတ်ရက်၊ ခွင့်ခံစားခွင့်များ၊ အချိန်ပိုလုပ်ကိုင်ခြင်း၊ ဆေးဝါးကုသခြင်းဆိုင်ရာ ကိစ္စရပ်များကိုအပြည့်အဝရရှိရန် အကာအကွယ်ပေး၍ရနိုင်သော်လည်း အလုပ်ထုတ်ပယ်ခြင်း၊ လုပ်သားအင်အားလျှော့ချခြင်း စသည့်ကိစ္စရပ်များသည် တစ်ဦးချင်း၏ ရပိုင်ခွင့်ကိစ္စရပ်များဖြစ်၍ သက်ဆိုင်ရာ အလုပ်ရှင်၏ စီမံခန့်ခွဲမှုနည်းလမ်းအရသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

အလုပ်ရှင်များအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများကို လိုက်နာခြင်း၊ အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်ခြင်းကြောင့် ခွဲခြားဆက်ဆံခြင်း၊ အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များနှင့်ပတ်သက်၍ မိမိတို့အလုပ်သမားများအား ပွင့်လင်းစွာအသိပေးခြင်း၊ အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များကို အပြည့်အဝခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်လိုခြင်း၊ လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းများ ချမှတ်သည့်အခါတွင်လည်း နှစ်ဖက်ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ခြင်းများကို လုပ်ဆောင်ပေးရန် တာဝန်ရှိပါသည်။ ထို့ပြင် အလုပ်ရှင်များအနေဖြင့် အလုပ်ခန့်အပ်ရာတွင် အလလခ (ပုံစံ-၂) အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် အလလခ (ပုံစံ-၇) အလုပ်ခန့်ထားရေးကတ်ပြားများ ပြည့်စုံစွာပါရှိမှသာ အလုပ်ခန့်ထားရန် ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရပါသည်။

အလုပ်သမားများအနေဖြင့် မိမိတို့၏ ဥပဒေပါအခွင့်အရေးများကို အပြည့်အဝခံစားပိုင်ခွင့်ရှိပြီး ခံစားခွင့်များမရရှိပါက ဥပဒေနှင့်အညီ တောင်းဆိုနိုင်သကဲ့သို့ အလုပ်ရှင်များအနေဖြင့်လည်း အလုပ်ခန့်အပ်ခြင်း၊ လုပ်သားအင်အား လျှော့ချခြင်းကဲ့သို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ အလုပ်ရှင်မှ ခန့်မှန်းတွက်ချက် ဆောင်ရွက်ခွင့်ရှိရမည်ဖြစ်ပါသည်။ ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းဆုံးဖြတ်ပေးသော်လည်း အလုပ်ရှင်၏စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် လုပ်သားအင်အားတိုးခြင်း၊ လျှော့ချခြင်းကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်ရှင်များ၏ လုပ်ငန်းလိုအပ်ချက်အရ လုပ်သားအင်အားလျှော့ချသည့်ကိစ္စရပ်များသည် ၎င်းတို့၏ စီမံခန့်ခွဲပိုင်ခွင့်ဖြစ်၍ ဝန်ကြီးဌာနမှ ဝင်ရောက်စွက်ဖက်၍မရဘဲ ထိုသို့အင်အားလျှော့ခံရပါက အလုပ်သမားများ၏ ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသော အလုပ်ရပ်စဲမှုနစ်နာကြေးပေးအပ်ရမည့် ရပိုင်ခွင့်အခွင့်အရေးကို သိရှိစေရန်နှင့် ဥပဒေနှင့်အညီဖြစ်စေရန် နည်းပေးညွှန်ကြားရမည် ဖြစ်ပါသည်။

### နစ်နာကြေးပေးချေနိုင်သည့်နည်းလမ်းများ

အလုပ်မှထုတ်ပယ်ခြင်း၊ အင်အားလျှော့ချသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ နစ်နာကြေးပေးအပ်ရမည့် ပြဋ္ဌာန်းချက်များကို လေ့လာရာ-

(က) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ၅(ဃ)အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်အရ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးဆုံးခြင်း၊ မမျှော်လင့်သောအကြောင်းကြောင့် လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေရပ်စဲခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲရန် ကိစ္စပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊

(ခ) အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ ၃၅ တွင် အလုပ်ရှင်က လုပ်ငန်းတစ်ခုခုကို ဆက်လက်လည်ပတ်လုပ်ကိုင်နိုင်ခြင်းမရှိသဖြင့် လုပ်ငန်းရပ်ဆိုင်းခြင်း၊ အလုပ်သမားအား အကြောင်းမဲ့အလုပ်ထုတ်ခြင်းကိစ္စပေါ်ပေါက်လာလျှင်သော်လည်းကောင်း ဥပဒေနှင့်အညီ နစ်နာကြေးပေးချေရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ရာတွင် အလုပ်ရှင်များအနေဖြင့် မမျှော်လင့်သော စီးပွားရေးအခြေအနေကြောင့် လုပ်သားအင်အားလျှော့ချသည့်ကိစ္စရပ်များတွင် မည်သို့မည်ပုံ လုပ်သားအင်အားလျှော့ချမည်ဆိုသည့် မူတစ်ခုချမှတ်နိုင်ရန် အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက် ဆွေးနွေးညှိနှိုင်းသင့်ပြီး လုပ်ငန်းအခြေအနေအရ လုပ်သားအင်အားလျှော့ချလိုပါက အဆိုပါမူနှင့်အညီ လုပ်ဆောင်ခြင်းဖြင့် အငြင်းပွားမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

### ဆန္ဒပြမှု/သပိတ်မှောက်မှုများ

အလုပ်သမားများအနေဖြင့် right to strike လုပ်ဆောင်ခွင့်ရှိသော်လည်း ဥပဒေနှင့်အညီ ဆန္ဒပြတောင်းဆိုရန် လိုအပ်ပါသည်။ စက်ရုံပြင်ပတွင် ဖြစ်ပွားသော သပိတ်စခန်းဖွင့်လှစ်မှုများ၊ ဆန္ဒပြမှုများသည် အလုပ်သမားဥပဒေ လုပ်ထုံးလုပ်နည်းနှင့်သက်ဆိုင်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအရသာ ခွင့်ပြုဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရပါသည်။ ထို့ပြင် ဥပဒေနှင့်မညီသော သပိတ်မှောက်ဆန္ဒပြတောင်းဆိုမှုများကို ဖြေရှင်းရန်မှာ အလုပ်သမားအရာရှိများတွင် လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားခြင်းမရှိကြောင်းလည်း လေ့လာသိရှိရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကမ္ဘာ့ အေ့ဒ်စ်ရောဂါနေ့ ၂၀၁၈ ခုနှစ်

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)






ကမ္ဘာ့အေ့ဒ်စ်ရောဂါနေ့ဟူ၍ နှစ်စဉ် ဒီဇင်ဘာလ ၁ ရက်နေ့ကို သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းထိုရောဂါဆိုးကြီးကို လက်တွဲကာကွယ်တိုက်ဖျက်ဆောင်ရွက်ကြရန်၊ ရောဂါခံစားနေရသူများနှင့် ရောဂါပိုးရှိနေသူတို့ကို ဝိုင်းဝန်းကူညီဖေးမဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်သည့်အနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ Global Health Days ခေါ် ကျန်းမာရေးဆိုင်ရာအထိမ်းအမှတ်ပြုနေ့များတွင် အရေးပါသောနေ့တစ်နေ့ဖြစ်ပြီး ၁၉၈၈ ခုနှစ်မှ စတင်သတ်မှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုရောဂါသည် HIV Virus( Human Immunodeficiency Virus ခေါ် လူ့ကိုယ်ခံစနစ်ကို ထိခိုက်ပျက်စီးစေသည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး AIDS ဆိုသည်မှာ ထိုဗိုင်းရပ်စ်ပိုးကြောင့် လူ့ခန္ဓာကိုယ်တစ်ခုလုံး ခုခံအားကင်းမဲ့ပျက်စီးကာ နောက်ဆုံးသေဆုံးရသည်အထိ ဖြစ်စေခဲ့သော ကူးစက်ရောဂါဆိုးကြီး ဖြစ်သည်။ “ကုရာနတ္ထိဆေးမရှိ၊ AIDS ရောဂါဖြစ်လျှင် မုချသေရမည်” ဟူ၍ ကုရာဆေးလည်းမရှိ၊သေရမည်သာ ဖြစ်သည့်ရောဂါအဖြစ် ထိတ်လန့်ခြောက်ခြားဖွယ်ဖြစ်ခဲ့ပါသည်။ ၁၉၈၄ ခုနှစ်က ထိုရောဂါပိုးကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ထိုရောဂါကြောင့် လူပေါင်း ၃၅ သန်းခန့်တို့ သေဆုံးခဲ့ရပြီး ယခုအခါ ထိုရောဂါပိုးရှိနေသူပေါင်းမှာ ၃၄ သန်းရှိနေဆဲ ဖြစ်သည်ဟု သိရသည်။ ထို့ကြောင့် ထိုရောဂါကို အလေးပေးသတိထားကြဖို့ အထူးလိုအပ်နေသည်ကို သတိချပ်ကြဖို့ လိုပါသည်။

**HIVသမိုင်းအစ**

HIV ဆိုသည်မှာ လင်န်တီးအမည်ရှိ ဗိုင်းရပ်စ်ပိုးတစ်မျိုးဖြစ်ပြီး သူ့သဘာဝက သတ္တဝါတို့၏ ခုခံအားစနစ်ကို ဖျက်ဆီးတတ်ခြင်း ဖြစ်သည်။ လင်န်တီးဗိုင်းရပ်စ်သည် ရီထရိုဗိုင်းရပ်စ်ခေါ် ဗိုင်းရပ်စ်ပိုးအုပ်စုဝင်လည်း ဖြစ်သည်။ လင်န်တီးဗိုင်းရပ်စ်သည် ဆိုသည်မှာ slow virus ဟု အဓိပ္ပာယ်ရသည်။ ထိုဗိုင်းရပ်စ်ပိုးတို့သည် ကြောင်များ (feline immunodeficiency virus)၊ မြင်းများ (equine immunodeficiency virus)၊ ကျွဲနွားများ (bovine immunodeficiency virus) စသည်တို့တွင် ကူးစက်နေထိုင်လေ့ရှိသည်။ ယင်း၏မူလအစမှာ Simian Immunodef iciencyVirus(SIV) ဖြစ်ပြီး မျောက်များတွင် စတင်တွေ့ရှိရကြောင်း သိရသည်။

HIV-2 ဟူ၍လည်း မျိုးကွဲတွေ့ရပြီး ယင်းသည် SIVsm ခေါ်သည့် SIV ပိုးမျိုးနှင့်ဆင်တူသည်။ ထိုပိုးတို့ကို အနောက်အာဖရိကတိုက်တွင် နေထိုင်ကြသည့် မျောက်စိမ်း-(sootymangabey) တွင် တွေ့ရသည်။ HIV ပိုးတို့တွင် HIV-1 သည် ကူးစက်လွယ်ပြင်းထန်သော ပိုးမျိုးဖြစ်ပြီး ၁၉၉၉ခု နှစ်အထိ ချင်ပင်ဇီမျောက်ဝံတို့တွင် တွေ့ရသည့် SIVcpz အမည်ရပိုးနှင့်ဆင်တူကြောင်း သိရသည်။ သို့သော်ကွဲပြားမှုများရှိနေသည်ကို တွေ့ရသည်။ ၁၉၉၉ ခုနှစ်တွင် အလာဘားမားတက္ကသိုလ်မှ ပညာရှင်တို့က လူသားတို့ကို ကူးစက်နေသော ဗိုင်းရပ်စ်ပိုးသည် SIVcpz မျိုးတစ်မျိုးဖြစ်သော HIV-1 ဖြစ်ပြီး ချင်ပင်ဇီမျိုးကွဲတစ်ခုဖြစ်သည့် Pantroglodytes troglodytes ခေါ် အာဖရိကတိုက်အနောက်အလယ်ပိုင်းတွင်နေသည့် ချင်ပင်ဇီတို့တွင် တွေ့ရပြီး လူကိုကူးစက်စေနိုင်ကြောင်း ဖော်ပြကြသည်။ တစ်ဖန်ချင်ပင်ဇီအရိုင်းကောင်တို့တွင် SIV ပိုးနှစ်မျိုးပေါင်းစပ်ကာ တတိယပိုးမျိုးဖြစ်ထွန်းလာပြီး ယင်းသည် လူသားများကို AIDS ရောဂါဖြစ်စေသည့် တရားခံဖြစ်ကြောင်း တွေ့ရှိချက်ကို အတည်ပြုပြောကြားကြသည်။ Red-capped mangabeys၊ spot-nosed monkeys ဟူသည့် မျောက်စိမ်းမျိုးတို့တွင် HIV-1 ပိုးတို့ကို ရှာဖွေတွေ့ရှိရသဖြင့် ထိုမှတစ်ဆင့် ကူးစက်ပျံ့နှံ့ခြင်းဖြစ်မည်ဟု ခန့်မှန်းကြပါသည်။ HIV ပိုးကို အစောဆုံးတွေ့ရသူမှာ အာဖရိကတိုက်ရှိ ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံတွင် နေထိုင်သည့် အမျိုးသားတစ်ဦးဖြစ်ပြီး ၁၉၅၉ ခုနှစ်က တွေ့ရှိခဲ့ကြောင်း သိရသည်။ တောရိုင်းတိရစ္ဆာန်များကို သတ်ဖြတ်စားသောက်ကြခြင်း၊ ကမ္ဘာအနှံ့ ကူးလူးဆက်ဆံမှုများလာခြင်း၊ နေထိုင်မှုပုံစံများ ပြောင်းလာခြင်း၊ လိင်အပျော်အပါးဆက်ဆံမှုများလာခြင်း၊ မူးယစ်ဆေးဝါးများ ထိုးသွင်းလာကြခြင်း၊ မသန့်ရှင်းသည့် သုံးပြီးသားဆေးထိုးအပ် ဆေးထိုးပြွန်များသုံးကြခြင်း၊ မသန့်ရှင်းသည့်သွေးသွင်းကုသကြခြင်း၊ လိင်တူဆက်ဆံမှုများလာခြင်း စသည့်အကြောင်းများကြောင့် ၂၀ ရာစုအလယ်ပိုင်းကာလများမှ စတင်ကာ ကြီးမားသော ကူးစက်ရောဂါကြီးတစ်ခုအသွင် ဖြစ်လာပါသည်။ အစပိုင်းတွင် လိင်တူဆက်ဆံသူများမှ အများအပြားစတင်တွေ့လာရပြီး လိင်အပျော်လိုက်စားသူများ၊ သွေးသွင်းကုသမှုခံယူရသည့် သွေးရောဂါရှင်များ၊ မိခင်မှကလေးသို့ ကူးစက်လာခြင်းများ စသည်တို့ ဖြစ်ပွားပျံ့နှံ့လာပါသည်။ AIDS ရောဂါ ပထမဆုံးတွေ့ရသူမှာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သားတစ်ဦးဖြစ်ပြီး ၁၉၈၁ ခုနှစ်က တွေ့ရှိခြင်းဖြစ်သည်။

HIV-1ပိုးကို LucMontagnier( France)နှင့် Robert Gallo(United States) တို့က ၁၉၈၁ ခုနှစ်တွင် တွေ့ရှိဖော်ထုတ်နိုင်ခဲ့ပါသည်။ HIV-2 ပိုးသည် အနောက်အာဖရိကတိုက်တွင်သာ တွေ့ရလေ့ရှိပြီး ပြန့်ပွားမှုနှေးကွေးနည်းပါးပါသည်။ ရောဂါဖြစ်ပွားလျှင်လည်း ပြင်းထန်မှုမတွေ့ရဟု သိရသည်။ အဓိကမှာ HIV-1 သာဖြစ်ပါသည်။

HIV ပိုးသည် တစ်နာရီလျှင်လူ ၂၀၀ နှုန်း၊ တစ်နေ့လျှင် လူပေါင်း ၅၀၀ နှုန်းဖြင့် ကူးစက်ခဲ့သည်။ ART ခေါ် HIV ဗိုင်းရပ်စ်ပိုးများ မပွားနိုင်သည့်ဆေးဖြစ်သည့် AZT ကို ၁၉၈၇ ခုနှစ်က စတင်ဖော်ထုတ်နိုင်ခဲ့ပြီး HARRT Highly Active AntiRetroviral Therapy ခေါ် ဗိုင်းရပ်စ်ပိုး၏ life cycle ပြန့်ပွားမှုဖြစ်စဉ်ကို ထိရောက်စွာဟန့်တားနိုင်သည့် အစွမ်းထက်လှသောဆေးများကို ၁၉၉၅ ခုနှစ် ဧပြီလက Merk and the National Institute of Allergy and Infectious Diseases ရှိ ပညာရှင်များက အစပြုကာ ဆက်တိုက်ဖော်ထုတ်နိုင်ခဲ့ပါသည်။ ထိုဆေးများကြောင့် ဗိုင်းရပ်စ်ပိုးများ ခန္ဓာကိုယ်တွင်းမပြန့်ပွား ဆက်လက်မပေါက်ဖွားနိုင်တော့ဘဲ AIDS ရောဂါဆိုးကြီးကိုလည်း အောင်မြင်စွာဟန့်တားနိုင်ခဲ့ပါသည်။ လူပေါင်းသန်းပေါင်းများစွာ အသက်ရှင်သန်ခွင့်ရခဲ့ပါသည်။ သို့သော် ထိုဆေးဖြင့် အောင်မြင်စွာ တိုက်ခိုက်ဟန့်တားနိုင်ခဲ့သော်လည်း ၂၀၀၇ ခုနှစ်ထဲမှာပင် ကမ္ဘာတစ်ဝန်းလူပေါင်းနှစ်သန်းခန့် (ကလေးငယ်ပေါင်း ၂၇၀၀၀၀ ခန့်) ကူးစက်ခံနေခဲ့ရပါသည်။ ယခုအချိန်အထိ လူပေါင်း ၃၄ သန်းတို့မှာ ဗိုင်းရပ်စ်ပိုးရှိနေသူများ ဖြစ်နေကြသည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ထိုရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိများ၊ လက်တွေ့လုပ်ဆောင်မှုများ လူတစ်ဦးချင်းစီ တစ်ကိုယ်ရေတည်းသာမက အသင်းအဖွဲ့များအားလုံးတို့က လက်တွဲဆောင်ရွက်ကြရန်World AIDS Day ကိုအထူးဂရုပြုဆောင်ရွက်ခြင်းဖြစ်ပါသည်။

၁၉၈၈ ခုနှစ် စတင်ဆောင်ရွက်စဉ်ကပင် “Communication” အမည်ရှိဆောင်ပုဒ်နှင့် နှစ်အလိုက်နှိုးဆော်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် အတွက်မှာ Know your status ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအေ့ဒ်စ်အဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ လူပေါင်း ၉ ဒသမ ၄ သန်းတို့သည် သူတို့မှာHIV ပိုးရှိ မရှိဆိုသည့် အခြေအနေ status ကို မသိကြဟု သိရသည်။ မိမိကိုယ်မှာ ထိုပိုးရှိနေ မနေကိုမသိ၊ မစစ်ဆေးမိကြခြင်းဖြစ်သည်။ ယခု ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့သည် နှစ် (၃၀) မြောက် World AIDS Day ဖြစ်သည်။ HIV/AIDS ရောဂါနှင့်ပတ်သက်၍ကုသမှု၊ ကာကွယ်မှုမှအစပြု၍ ဆေးပညာအပါအဝင် လူထုလှုပ်ရှားမှုစသည်တို့တွင် အားရစရာကောင်းလောက်အောင် တိုးတက်လာပါသည်။ သို့သော် လူအများစုတို့သည် မိမိမှာထိုရောဂါပိုးရှိ မရှိကို အလေးထား စိတ်ဝင်စားစွာစစ်ဆေးခြင်းဆိုင်ရာတွင် အားနည်းနေသည်ကို တွေ့ရသည်။ အချို့က မိမိမှာ HIV ပိုးရှိနေသည်ကိုသိရလျှင် ကြီးစွာသော စိတ်ဆင်းရဲနေရမည်ကို တွေးပြီး ထိတ်လန့်ကြသဖြင့် မစစ်ဆေးဘဲနေကြသည်ကိုလည်းတွေ့ရသည်။ အမှန်မှာ HIV Testing သည် ၊ ရောဂါပိုးကို ပိုမိုထိရောက်စွာ ကုသမှုအတွက် ၉၀-၉၀-၉၀ targets ထိရောက်သည့် ဆောင်ရွက်နိုင်မှုဖြစ်သည်။ လူတစ်ယောက်သည် မိမိမှာ HIV ပိုးမရှိဟု သိရသည်နှင့် မိမိကိုယ်ကို စိတ်သန့်ရှင်းစွာ ယုံကြည်မှုရစေနိုင်ခြင်း၊ မိမိမှတစ်ဆင့်မိသားစုဝင်များအပါအဝင် အခြားသူများထံသို့လည်း၊ပိုးမကူးစက်စေနိုင်သည့် အခြေအနေကောင်းရရှိစေနိုင်ပါသည်။ လူပေါင်း ၉ ဒသမ ၄ သန်းခန့်တို့က မိမိတို့မှာ HIV ပိုးရှိ မရှိမစစ်ဆေးကြ၊ မသိရှိကြပေ။ စစ်ဆေးခြင်းဖြင့် မလိုအပ်သော စိတ်အနှောင့်အယှက်ဖြစ်မှုများ တွေ့ကြုံလာရမည်၊ စစ်ဆေးသည်ဟုအများက သိသည်နှင့် မိမိတို့ကို မသင်္ကာဖြစ်မည်လားဆိုသည့်အတွေးမှား၊ အယူအဆမှားများ စစ်ခံရသူတို့အား ခွဲခြားဆက်ဆံမှုများဖြစ်လာတတ်ခြင်းစသည့် အကြောင်းများကြောင့် HIV ပိုးစစ်ဆေးခြင်းကိစ္စကိုရှောင်ရှားနေလေ့ရှိကြသည်။အမှန်မှာ မိမိဆန္ဒအလျောက်သာ စစ်ဆေးလေ့ရှိကြပြီး စစ်ဆေးမှုဆိုင်ရာအချက်တို့ကိုလည်း လျှို့ဝှက်ထားရပါသည်။

ယခုအခါ အများစုတို့သည် ဖျားနာမှု၊ နာမကျန်းမှုတစ်ခုခုဖြစ်မှသာ စစ်ဆေးလေ့ရှိကြပါသည်။ HIV ရောဂါပိုးကူးစက်နိုင်သည့် အန္တရာယ်ရှိအပြုအမူများ(မသန့်ရှင်းသည့်သွေးသွင်းမိခြင်း၊ အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊ မူးယစ်ဆေးဝါးတစ်မျိုးမျိုးသွေးကြောအတွင်းသွင်းမိခြင်း၊ မသန့်ရှင်းသည့် ဆေးထိုးအပ်၊ ဆေးထိုးပြွန်များသုံးမိခြင်း၊ မသန့်ရှင်းသည့် ခွဲစိတ်ကုသမှုခံယူမိခဲ့ခြင်း၊ ရောဂါရှင်မိခင်က ကိုယ်ဝန်ဆောင်မိခြင်း စသည်များ)နှင့် ဆက်စပ်မိသည့်တိုင် စစ်ဆေးရန်ဝန်လေးနေတတ်ကြပါသည်။ ရောဂါလက္ခဏာများဖြစ်သော ကာလတာရှည်ဖျားခြင်း၊ ဝမ်းလျှောခြင်း၊ ကိုယ်အလေးချိန်ကျဆင်းခြင်း၊ ရေယုန်များပေါက်ခြင်းစသည်တို့ဖြစ်မှသာ မဖြစ်မနေစစ်ဆေးကြသဖြင့် ဆေးကုသမှုအတွက်မှာ အဆင်မပြေမှုများ ကြုံလာရနိုင်ပါ သည်။ မိမိမှတစ်ဆင့် မိမိ၏ရင်သွေးအပါအဝင် အခြားသူများ ထံသို့ပါကူးစက်နိုင်ပါတော့သည်။ ထို့ကြောင့် Self-testing, community-based testing services, multi-disease testing ခေါ် မိမိဆုံးဖြတ်မှုဖြင့် ဖြစ်စေ၊ အများစုဖြင့် စစ်ဆေးခြင်းဖြစ်စေ၊ အခြားရောဂါများ စစ်ဆေးရာတွင် ထည့်သွင်း၍ဖြစ်စေ စစ်ဆေးသင့်ပါသည်။ ထိုသို့ စစ်ဆေးခြင်းသည် မိမိနှင့်မိမိ၏ မိသားစုအဖွဲ့အစည်းအတွက် အထူးအရေးပါလှသည်ကို သတိပြုသင့်ပါသည်။ HIV စစ်ဆေးခြင်းအစီအမံများကိုလည်း ပိုမိုတိုးချဲ့ အကူအညီများပေးသွားမည်ဖြစ်သည်။

World AIDS Day အစီအစဉ်များတွင် ဘာသာရေးအဖွဲ့အစည်းများ၊ အစိုးရများ၏ ကျန်းမာရေးဌာနများ၊ အနုပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အခြားအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျောင်းများ၊ တက္ကသိုလ်များ စသည်တို့က World AIDS Day အခမ်းအနားများ ကျင်းပကြခြင်း၊ ဟောပြောကြခြင်း၊ စာစောင်များဝေငှခြင်း၊ ဖဲကြိုးနီလှုပ်ရှားမှုများ လုပ်ကြခြင်း၊ candlelight celebration ဖယောင်းတိုင်ထွန်း ဆုတောင်းအခမ်းအနားများ ကျင်းပခြင်း စသည့်အစီအစဉ်များဖြင့် လှုပ်ရှားဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ထူးခြားသည်က Know your status ဆိုသည့်အတိုင်း HIV ပိုး စစ်ဆေးမှုအစီအစဉ်များကိုလည်း တိုးချဲ့ဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။ စစ်ဆေးမှု၏ တွေ့ရှိမှုပေါ် မူတည်ပြီး လိုအပ်သော ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားခြင်းဖြင့် လူတိုင်း HIV ပိုးကင်းစင်၍ သာယာအေးချမ်းသော လူ့ဘောင်အဖွဲ့ဆီ မျှော်မှန်းနိုင်မည်ဖြစ်ပါသည်။

> “လူအများစုတို့သည် မိမိမှာထိုရောဂါပိုးရှိ မရှိကို အလေးထားစိတ်ဝင်စားစွာ စစ်ဆေးခြင်းဆိုင်ရာတွင် အားနည်းနေသည်ကို တွေ့ရသည်။ အချို့က မိမိမှာ HIV ပိုးရှိနေသည်ကိုသိရလျှင် ကြီးစွာသော စိတ်ဆင်းရဲနေရမည်ကို တွေးပြီး ထိတ်လန့်ကြသဖြင့် မစစ်ဆေးဘဲနေကြသည်”

“HIV Testing.”

အများအားဖြင့် သွေးကိုစစ်ဆေးပြီး HIV antibody ပဋိပစ္စည်းကို စစ်ဆေးကြပါသည်။ ကိုယ်တွင်းမှာ HIV ပိုးတို့ကို ခုခံနေရသော ခုခံပဋိပစ္စည်းကို စစ်ဆေးတွေ့ရှိရလျှင် HIV ဝင်ရောက်နေပြီဟု ယေဘုယျလက်ခံကြပါသည်။ ယင်းတွင်-

1. Simple/rapid tests
2. ELISA(Enzyme Linked Immuno-Sorbent Assay).
3. Western Blot စသည့်စစ်ဆေးခြင်းများ ပါဝင်ပါသည်။

ထိုသို့ သွေးစစ်ဆေးရာတွင် window period ခေါ် ခုခံအား ပဋိပစ္စည်းသည် ရောဂါပိုးဝင်ရောက်ပြီး ရက်သတ္တလေးပတ်အကြာမှထွက်လာလေ့ရှိရာ ထိုကာလတွင်သာ စစ်ဆေးရမှာဖြစ်ပါသည်။ ထိုကာလကို window period (4th Generation antigen/antibody test) ဟုခေါ်ခြင်းဖြစ်သည်။ ထိုကာလအတွင်းစစ်ဆေးလျှင် ရောဂါပိုးရှိ မရှိမသိနိုင်သည့်အပြင် ထိုကာလအတွင်း ရောဂါအလွန်ကူးစက်လွယ်ပါသည်။ ရောဂါပိုးဝင်ရောက်ပြီး သုံးလကြာကာလကို three month window period ဟုလည်း ခေါ်ပါသည်။ (သွေးအပြင် ဆီး၊ တံတွေးစသည်တို့ကိုလည်း စစ်ဆေးနိုင်ကြောင်း သိရပါသည်)။

HIV antigen tests ဟူ၍လည်းရှိပါသည်။

1.P24 antigen test
2.Nucleic Acid Testing(NAT)

ထိုစစ်ဆေးမှုတို့သည် ဖော်ပြခဲ့ပြီးသော ခုခံအား မထွက်မီကာလ window period တို့တွင် antigen ပိုးကို တိုက်ရိုက်ရှာဖွေနိုင်ခြင်း ဖြစ်သည်။

ထို့ကြောင့် ယခု ၂၀၁၈ ခုနှစ်အတွက် World AIDS Day ၏အထိမ်းအမှတ်မှာ Know Your Status ဆိုသည့်အတိုင်း လူတိုင်းကိုယ်စီတို့က စိတ်ဝင်စားစွာ မိမိတို့ခန္ဓာကိုယ်ထဲတွင် HIV ပိုးရှိမရှိစစ်ဆေးခံကြရန် အထူးတိုက်တွန်းထားခြင်းဖြစ်သည်ကို တွေ့နိုင်ပါသည်။အမှန်လည်း လူတိုင်းစစ်ဆေးထားသင့်သည့် စစ်ဆေးမှုဖြစ်ပါသည်။ တစ်ကမ္ဘာလုံးကိုထိတ်လန့်ခြောက်ခြားစေခဲ့သည့်အပြင် လူသန်းပေါင်းများစွာတို့၏ အသက်များကို ဆုံးရှုံးစေခဲ့ခြင်း၊ ကမ္ဘာသူ ကမ္ဘာသားအများစု၏ နှလုံးသည်းအိမ်ကိုကိုင်လှုပ်နာကျင်စေခဲ့သည့် ရောဂါဆိုးကြီး ဤကမ္ဘာမြေမှ အပြီးတိုင်ကွယ်ပျောက်သွားသည်အထိ ဝိုင်းဝန်းကူညီလက်တွဲဆောင်ရွက်ကြပါစို့ဟုတိုက်တွန်းလျက် ဤနေ့ကြီးကို ကြိုဆိုလိုက်ရပေသည်။ ။



# စကားလုံးနှင့် အနက်အဓိပ္ပာယ်(၁၁)

## မောင်ခင်မင် (ဓနုဖြူ)

“ ‘ခွေး’ တို့၊ ‘တိရစ္ဆာန်’ တို့ဆိုတဲ့ အကောင်တွေကို စကားလုံးတွေနဲ့ ရည်ညွှန်းခေါ်ရလို့ ‘အညွှန်းခံ’ လို့ ခေါ်တယ်။ အညွှန်းခံအနေနဲ့ဆိုရင် တိရစ္ဆာန်ကကျယ်ပြီး ခွေးကကျဉ်းတယ်။ တိရစ္ဆာန်ထဲမှာ ခွေးပါနေတယ်။ အဲ... ခုနပြောသလို အနက်အဓိပ္ပာယ်အနေနဲ့ ဆိုရင်တော့ ‘ခွေး’ ရဲ့အနက်အဓိပ္ပာယ်ထဲမှာ ‘တိရစ္ဆာန်’ ပါနေတဲ့အတွက် ‘ခွေး’ က ကျယ်ပြီး ‘တိရစ္ဆာန်’ က ကျဉ်းတယ်။ ခွေးထဲမှာ တိရစ္ဆာန်ပါနေတယ်။ ဒါကြောင့် အနက်အဓိပ္ပာယ် အကျုံးဝင်မှုမှာ အညွှန်းခံအကျုံးဝင်တာ။ အနက်အဓိပ္ပာယ် အကျုံးဝင်တာမှာ နှစ်မျိုးကွဲနေတာမို့ ဘယ်ဟာကို ဆိုလိုတာလဲဆိုတာ ကွဲကွဲပြားပြား ခွဲခြားဖို့ လိုအပ်တာပေါ့”

“သမီးကို တစ်ခုမေးမယ်။ ‘အဖြူ၊ အနီ၊ အပြာ၊ အဝါ၊ အစိမ်း’ ဆိုတဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ်အားလုံးခြုံမိတဲ့စကားလုံးက ဘာလဲလို့မေးရင် သမီးဘယ်လိုဖြေမလဲ”

“အားလုံးခြုံမိတဲ့ စကားလုံးဆိုတော့ အဲ... ‘အရောင်’ ပေါ့ ဘဘ။ အရောင်လို့ ပြောရင် အားလုံးခြုံမိမယ်ထင်ပါတယ်”

“ဟုတ်ပဲ့။ သမီးပြောတာမှန်ပါတယ်။ ကဲ... အဲဒီ ‘အရောင်’ဆိုတဲ့စကားလုံးနဲ့ ‘အဖြူ’၊ ‘အနီ’ စတဲ့ စကားလုံးတစ်လုံးစီနဲ့ ဘယ်လိုဆက်သွယ်မှုရှိတယ်ထင်သလဲ”

“ ‘အနီ’ က ‘အရောင်’ ထဲမှာ ပါဝင်နေပြီးသားလို့တော့ ထင်ပါတယ် ဘဘ”

“ဟုတ်ပါတယ်။ အနီ၊ အဖြူ၊ အစိမ်း စတဲ့ စကားလုံးတစ်လုံးစီရဲ့အဓိပ္ပာယ်ဟာ အရောင်ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ထဲမှာ ပါဝင်ပြီးသားဖြစ်နေတယ်လို့ ဆိုနိုင်တာပေါ့။ အဲဒီလိုဆက်သွယ်မှုကို အနက်အကျုံးဝင်ခြင်းလို့ ခေါ်ကြတယ်ကွဲ့။ အင်္ဂလိပ်စကားနဲ့ဆိုရင်တော့ hyponymy ပေါ့”

“ဩော်... ဟုတ်ကဲ့ပါ။ တခြားစကားလုံးတွေရော သိချင်ပါတယ်ဘဘ”

“အများကြီးရှိမှာပါ။ ‘စံပယ်၊ သဇင်၊ နှင်းဆီ၊ ပိတောက်’ ဆိုတဲ့ စကားလုံးတွေနဲ့ ‘ပန်း’ ဆိုတဲ့ စကားလုံးနဲ့ အနက်အဓိပ္ပာယ်ချင်း ဆက်သွယ်ပုံ၊ ‘ခွေး၊ နွား၊ မြင်း၊ ဆင်’ ဆိုတဲ့ စကားလုံးတွေနဲ့ ‘တိရစ္ဆာန်’ ဆိုတဲ့ စကားလုံးနဲ့ အဓိပ္ပာယ်ချင်းဆက်သွယ်ပုံတွေဟာလည်း အနက်အကျုံးဝင်မှုတွေပဲပေါ့ .... ။ သမီးလည်း စဉ်းစားပြီး ပြောကြည့်ပါလား”

“ဟုတ်ကဲ့၊ ‘ခါး၊ လုံ့၊ သေနတ်၊ လေး၊ မြား’ နဲ့ ‘လက်နက်’၊ ‘စိန်၊ ပတ္တမြား၊ နီလာ၊ မြ’ နဲ့ ‘ကျောက်မျက်’ ၊ ‘ညီ၊ အစ်ကို၊ မောင်၊ နှမ၊ ဦးလေး၊ တူ၊ အဒေါ်၊ တူမ’ ဆိုတဲ့ စကားလုံးတွေနဲ့ ‘ဆွေမျိုး’ဆိုတဲ့ စကားလုံး ပြီးတော့...”

“တော်ပါပြီ။ ဒီလောက်ဆိုရင် လုံလောက်ပါပြီကွယ်။ သမီးကိုချီးကျူးပါတယ်။ အဲဒီဆက်သွယ်ပုံက ‘အနက်အကျုံးဝင်’ ဆက်သွယ်ပုံပေါ့။ အဲဒီမှာ မှတ်သားစရာကလေးတွေ ရှိတယ်ကွဲ့။ အဲ... တစ်ခုမှတ်ထားဖို့က ‘ခွေး၊ နွား၊ သဇင်၊ ဂမုန်း၊ အဖြူ၊ အဝါ’ စသည်ဖြင့် တစ်ခုချင်းသီးသန့်ဖော်ပြတဲ့ စကားလုံးတွေကို ‘အကျုံးဝင်ပုဒ်’ လို့ ခေါ်တယ်။ ‘တိရစ္ဆာန်၊ အရောင်၊ ပန်း’ စသည်ဖြင့် အားလုံးအကျုံးဝင်တဲ့ ယေဘုယျစကားလုံးတွေကိုတော့ ‘အကျုံးဝင်ခံပုဒ်’ လို့ ခေါ်တာပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီမှာ မှတ်သားစရာက တစ်ခုချင်းဖြစ်တဲ့ အကျုံးဝင်ပုဒ်ကမှန်ရင် ယေဘုယျဖြစ်တဲ့ အကျုံးဝင်ခံပုဒ်လည်း မှန်တယ်ဆိုတဲ့ အချက်ပဲ။ ဆိုလိုတာက ‘ဒီဟာနွားပါ’ ဆိုတဲ့စကားက မှန်တယ်ဆိုရင် ‘ဒီဟာ တိရစ္ဆာန်ပါ’ ဆိုတဲ့စကားလည်း မှန်တယ်လို့ ဆိုလိုတာ”

“ဘဘ၊ ဒီလိုဆိုရင် ဒီဟာ သေနတ်ပါဆိုတဲ့ စကားက မှန်ရင် ဒီဟာ လက်နက်ပါ ဆိုတဲ့ စကားလည်း မှန်တာပေါ့နော်”

“မှန်တာပေါ့။ ကဲ... နောက်တစ်ဆင့်ပြောရအောင်။ ယေဘုယျဖြစ်တဲ့ အကျုံးဝင်ခံပုဒ်က မှန်တယ်ဆိုရုံနဲ့တော့ တစ်ခုချင်းဖြစ်တဲ့ အဲဒီအကျုံးဝင်ပုဒ်က မှန် မမှန် အသေအချာမပြောနိုင်ဘူးကွဲ့”

“သမီးသဘောပေါက်သွားပါပြီ။ ‘ဒီဟာတိရစ္ဆာန်ပါ’ ဆိုတာ မှန်တယ်ဆိုရုံနဲ့တော့ ‘ဒီဟာ နွားပါ’ ဆိုတာ မှန်တယ်လို့ မပြောနိုင်ဘူးလို့ ဆိုလိုတာမဟုတ်လား ဘဘ။ တိရစ္ဆာန်ဆိုရုံနဲ့ နွားဟုတ်ချင်မှ ဟုတ်မှာပေါ့။ တခြားအကောင်ဖြစ်ချင်လည်း ဖြစ်မှာပေါ့”

“ဟုတ်ပါပြီ။ အဲဒီအပြန်အလှန် အမှန် အမှား သဘောကို သိထားဖို့ ပြောတာပါ။ နောက်တစ်ခုက တချို့စကားလုံးတွေက သီးသန့်အနက်ရော ယေဘုယျအနက်ရော ရှိနေတတ်တယ်။ အဲဒီလိုစကားလုံးမျိုးမှာ ဒီစကားလုံးတစ်လုံးတည်းက အကျုံးဝင်ပုဒ်ရော၊ အကျုံးဝင်ခံပုဒ်ရော ဖြစ်နေတာပေါ့”

“ဘယ်လိုပါလဲ ဘဘ”

“ဘဘ တစ်ခါပြောပြီးပါပြီ။ ‘ဆရာ’ ဆိုတဲ့ စကားလုံးဟာ ဆရာတွေရော ဆရာမတွေရောကိုပါဝင်တဲ့ ယေဘုယျအနက်ရှိသလို ယောကျ်ားတွေပဲ ပါဝင်တဲ့ သီးသန့်အနက်လည်း ရှိတယ်လေ။ အဲဒီလိုပဲ ‘ကျောင်းသား’တို့၊ ‘အမျိုးသား’ တို့ ဆိုတဲ့ စကားလုံးတွေလည်း အဲဒီသဘောရှိတာမို့ ယေဘုယျသုံးတဲ့ ‘ဆရာ’ ဆိုတဲ့ အဓိပ္ပာယ်ထဲမှာ သီးသန့်သုံးတဲ့ ‘ဆရာ’ ဆိုတဲ့ စကားလုံးက အကျုံးဝင်နေတယ်လို့ ဆိုရမှာပေါ့”

“ဟုတ်ကဲ့ပါ။ နားလည်ပါပြီ”

“နောက်ပြဿနာတစ်ခုရှိသေးတယ်ကွဲ့ ... အနက်အကျုံးဝင်ခြင်း ဆိုတဲ့ အသုံးကို တချို့ပညာရှင်တွေက သဘောမကျကြဘူး။ အကျုံးဝင်ပုံ နှစ်မျိုးရှိနေလို့ တိတိကျကျပြောဖို့လိုတယ်လို့ ဆိုကြတယ် ”

“ ဘယ်လိုနှစ်မျိုးလဲ ဘဘ ”

“ ‘ ခွေး ’နဲ့ ‘တိရစ္ဆာန် ’ကို သာဓက ယူရအောင်။ တိရစ္ဆာန်ဆိုတဲ့ အကောင်တွေထဲမှာ ခွေးရော၊ နွားရော၊ တခြားအကောင်တွေရော ပါနေတယ်မဟုတ်လား။ အဲဒီတော့ တိရစ္ဆာန်ကကျယ်ပြီး ခွေးကကျဉ်းတယ်၊ ဒါကြောင့် တိရစ္ဆာန်ထဲမှာ ခွေးပါဝင်နေတယ် လို့ ဆိုရမှာပေါ့ ”

“ ဟုတ်ကဲ့ပါ ”

“ ကဲ...‘ခွေး ’ ဆိုတဲ့စကားလုံးကို ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲ၊ သမီးသတိထားမိ သလား ”

“ ဟုတ်ကဲ့၊ ခွေးဆိုတာ ‘ ကိုက်တတ် ဟောင်တတ်တဲ့ တိရစ္ဆာန် ’လို့ ဖွင့်မယ်ထင်ပါတယ် ”

“ ဟုတ်ပြီ။ ဒီတော့ အဲဒီ ‘ခွေး’ ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကိုကြည့်ရင် အခုဖွင့်ထားတဲ့အတိုင်း ကိုက်တတ်တာရယ်၊ ဟောင်တတ်တာရယ်၊ တိရစ္ဆာန်ဖြစ်တာရယ် အစိတ်အပိုင်းဘယ်နှခုပါသလဲ ”

“ အစိတ်အပိုင်း သုံးခုပါပါတယ် ဘဘ ”

“ ‘ခွေး ’ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ်အစိတ်အပိုင်းသုံးခုထဲမှာ ‘ တိရစ္ဆာန် ’ က အစိတ်အပိုင်း တစ်ပိုင်းသာဖြစ်နေလို့ အဓိပ္ပာယ်အရဆိုရင် ‘ ခွေး ’ နဲ့ ‘ တိရစ္ဆာန်’ နဲ့ ဘယ်ဟာကကျယ်ပြီး ဘယ်ဟာကကျဉ်းသလဲ ”

“ ဟာ... ဒီလိုဆိုတော့ အဓိပ္ပာယ်အနေနဲ့ ‘ ခွေး ’ ကကျယ်ပြီး ‘ တိရစ္ဆာန် ’ က ကျဉ်းနေပါတယ်ဘဘ။ ‘ ခွေး ’ ရဲ့ အဓိပ္ပာယ်ထဲ မှာ ‘တိရစ္ဆာန် ’က အစိတ်အပိုင်းတစ်ခုသာ ဖြစ်နေတာကိုး ”

“ ဟုတ်ပါတယ်။ အကျုံးဝင်ပုံနှစ်မျိုးဆိုတာ အဲဒါပါပဲ။ ‘ ခွေး ’ တို့ ၊ ‘ တိရစ္ဆာန်’ တို့ဆိုတဲ့ အကောင်တွေကို စကားလုံးတွေနဲ့ ရည်ညွှန်းခေါ်ရလို့ ‘အညွှန်းခံ ’ လို့ခေါ်တယ်။ အညွှန်းခံအနေနဲ့ဆိုရင် တိရစ္ဆာန်ကကျယ်ပြီး ခွေးကကျဉ်းတယ်။ တိရစ္ဆာန်ထဲမှာ ခွေးပါနေတယ်။ အဲ... ခုနပြောသလို အနက်အဓိပ္ပာယ်အနေနဲ့ ဆိုရင်တော့ ‘ ခွေး ’ ရဲ့အနက်အဓိပ္ပာယ်ထဲမှာ ‘ တိရစ္ဆာန် ’ ပါနေတဲ့အတွက် ‘ခွေး’ က ကျယ်ပြီး ‘ တိရစ္ဆာန် ’ က ကျဉ်းတယ်။ ခွေးထဲမှာ တိရစ္ဆာန်ပါနေတယ်။ ဒါကြောင့် အနက်အဓိပ္ပာယ် အကျုံးဝင်မှုမှာ အညွှန်းခံအကျုံးဝင်တာ။ အနက်အဓိပ္ပာယ် အကျုံးဝင်တာမှာ နှစ်မျိုးကွဲနေတာမို့ ဘယ်ဟာကို ဆိုလိုတာလဲဆိုတာ ကွဲကွဲပြားပြား ခွဲခြားဖို့ လိုအပ်တာပေါ့ ”

“ နားလည်ပါပြီ ဘဘ။ ‘ လှံ ’ ကို ‘ ထိုးရသောလက်နက် ’ လို့ ဖွင့်ရင် ‘ လှံ ’ ရဲ့အနက်ထဲမှာ ‘ လက်နက် ’ က အစိတ်အပိုင်း တစ်ခုပဲ ဖြစ်တာမို့‘လှံ ’ က ကျယ်ပြီး ‘ လက်နက် ’ ကကျဉ်းတယ်။ ဒါပေမယ့် ‘ လက်နက် ’ ဆိုတဲ့အညွှန်းခံထဲမှာ လှံရော၊ ဓားရော၊ သေနတ်ရော ပါနေတာမို့ အညွှန်းခံအနေနဲ့ဆိုရင်တော့ ‘ လက်နက် ’ ကကျယ်ပြီး ‘ လှံ ’ ကကျဉ်းနေတာပေါ့။ စိတ်ဝင်စားစရာ ကောင်းပါတယ် ဘဘ”

“ နောက်တစ်ချက်က အနက်အကျုံးဝင်မှုဟာ အကျဉ်းအကျယ်အရ အဆင့်ဆင့်ရှိနိုင်တယ်ဆိုတဲ့အချက်ပဲ။ အညွှန်းခံအကျုံးဝင်မှုကိုပဲ သာဓကယူရအောင်။ ‘ တိရစ္ဆာန် ’ နဲ့ ‘ ခွေး ’ နဲ့ယှဉ်ရင် ‘ တိရစ္ဆာန် ’ ကကျယ်လို့ အကျုံးဝင်ခံပုဒ်ဖြစ်ပေးမယ့် ‘ သတ္တဝါ ’ နဲ့ ‘ တိရစ္ဆာန် ’ ယှဉ်ရင်တော့ ‘ သတ္တဝါ ’ က ‘ တိရစ္ဆာန်’ ထက် ပိုကျယ်တယ်မဟုတ်လား။ တိရစ္ဆာန်တွေသာမက လူတွေ၊ နတ်တွေပါ ပါနေတာလေ ”

“ ဟုတ်ပါတယ် ဘဘ ”

“ တစ်ခါ ‘ တိရစ္ဆာန် ’ နဲ့ ယှဉ်ရင် ‘ ခွေး ’ က ကျဉ်းပေမယ့် ‘ ခွေး ’ နဲ့ ‘ အယ်ဇေးရှင်း ’ နဲ့ယှဉ်ရင် ‘ ခွေး ’ က ပိုကျယ်တာလား ‘ခွေး’ ထဲမှာ ‘ အယ်ဇေးရှင်း’ က အကျုံးဝင်တာပေါ့။ အဲဒီလိုပဲ၊ ‘ အဝတ်-ဘောင်းဘီ-ဘောင်းဘီတို၊ အနီရောင်ဘောင်းဘီတို’ ဆိုတဲ့စကားလုံးတွေ ‘ကောင်းမှု-အလှူ- ရှင်ပြုအလှူ ’ ဆိုတဲ့ စကားလုံးတွေ အကျဉ်းအကျယ် အဆင့်ဆင့်ကွဲပြားတာမို့ စကားလုံး တစ်လုံးဟာပိုပြီး ကျဉ်းတဲ့စကားလုံးနဲ့ယှဉ်ရင် အကျုံးဝင်ခံသူ ဖြစ်နေပေမယ့် ပိုပြီးကျယ်တဲ့စကားလုံးနှင့် ယှဉ်ရင်တော့ အကျုံးဝင်ပုဒ်ဖြစ်နေမှာပဲလေ ”

“ဟုတ်ကဲ့ပါ။ စကားလုံးတွေရဲ့ အနက်အဓိပ္ပာယ်သဘောတွေတော်တော် နားလည်သွားပါပြီ ဘဘ ”

“ တကယ်တော့ ခုပြောတဲ့စကားလုံးတွေက နေ့စဉ်သုံးနေတဲ့ စကားလုံးတွေမို့ ဘာမှမထူးခြားသလို ထင်ရပေမယ့် အာရုံစိုက်ပြီး လေ့လာကြည့်ရင် သိစရာ တွေးစရာတွေ အများကြီးပါပဲကွယ် ”

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၁၁-၂၀၁၈

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၂၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၀/၁၀၃၅ ကျပ် | ၁၀၅၀/၁၀၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၅/၈၆၅ ကျပ် | ၉၁၅/၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၉၅/၉၄၅ ကျပ် | ၁၀၀၀/၁၀၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၂ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၈ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၀ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၇ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၅၂ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၅၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၅၄၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၀ · ၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ · ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၉၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခါတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# သမီးသမက် ခမည်းခမက် ဇာတ်ကားကြီး ဒီဇင်ဘာ ၇ ရက်နေ့ ရုံတင်ပြသမည်



ယောက္ခမချစ်နည်းနှင့် ယောက္ခမတွေ တည့်နည်းများကိုပါ ကြည့်ရှုသူမြင်တွေ့စေရမယ့် အချစ်ဟာသဇာတ်ကားကောင်း တစ်ကားဖြစ်သည့် သမီးသမက် ခမည်းခမက်ရုပ်ရှင်ဇာတ်ကား ကို လာမည့် ဒီဇင်ဘာ ၇ ရက်တွင် မြန်မာပြည်အနှံ့ ရုံတင်ပြသမည်ဟု သိရသည်။

ယင်းဇာတ်ကားကိုလပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးထားပြီး ဇာတ်လမ်း ညာလက်တော်၊ ဇာတ်ညွှန်း ရာဇဝင်ကိုက ရေးသားကာ ဒါရိုက်တာကိုဇော် (အရုဏ်ဦး) က ပေါကားမဟုတ်သော သရုပ်ဆောင်ချက်များဖြင့် ဖန်တီးပုံဖော်ရိုက်ကူးထားပြီး ပြေတီဦး၊ မိုးအောင်ရင်၊ ခိုင်သင်းကြည်၊ တက္ကသိုလ်ဂွမ်းပုံ၊ ဗေလုဝ၊ အောင်ခိုင်၊ ဝါဝါအောင်၊ အရိုင်းနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြသည် ။

**ပြေတီဦး**

ဒီဇာတ်ကားလေးက ပရိသတ်အတွက်ရယ်မောပျော်ရွှင်ရမယ့် ဇာတ်ကားလေးပါ။ ပရိသတ်တွေကိုလည်း လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်။ နောက်ပြီး ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ညီလေးမိုးအောင်ရင်က သိပ်ကို စိတ်ထားကောင်းတဲ့ သရုပ်ဆောင်တစ်ယောက်ပါ။ သူကလူတွေအားလုံးနဲ့လည်း တည့်အောင်နေနိုင်တယ်။ စိတ်သဘောထားလည်း ကောင်းတယ်။ ချစ်စရာကောင်းတဲ့ သရုပ်ဆောင်တစ်ယောက်ပါ။ သူ့ကိုသတိရနေမှာပါ။

**သရုပ်ဆောင်ခိုင်သင်းကြည်**

မခိုင်လေးအနေနဲ့ မောင်လေးမိုးအောင်ရင်ကို အနုပညာလောကထဲ မြန်မြန်ပြန်လာနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ သူ့ကိုလည်းကြိုဆိုနေပါတယ်။ သူက တကယ်ကို အေးဆေးတဲ့ ကလေးပါ၊ စိတ်ထားလေးလည်းကောင်းတယ်။ ပြန်ထွက်လာရင်လည်း အသက်ငယ်သေးတော့ အနုပညာအလုပ်တွေ ပြန်ပြီးကြိုးစားလုပ်ဆောင်လို့ရပါသေးတယ်ဟု ဆိုသည်။

**ကိုလင်း**

# နောက်ပိုင်းရုပ်ရှင်ကားတွေကောင်းလာဟု ဒါရိုက်တာညီညီထွန်းလွင်ပြော

ကျန်းမာရေးအရ ဒါရိုက်တာအလုပ်မှ နှစ်နှစ်ကျော်အနားယူထားပြီး ယခုအချိန်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (ဗဟို)၏ အမှုဆောင်တစ်ဦးအဖြစ် တာဝန်ယူထားသူ ဒါရိုက်တာညီညီထွန်းလွင်က ဒါရိုက်တာအလုပ်ကို လုပ်ကိုင်စဉ်က တွေ့ကြုံခံစားခဲ့ရသည့် အတွေ့အကြုံအချို့နှင့် အနာဂတ်မြန်မာ့ရုပ်ရှင်လောက ရပ်တည်မှုအပေါ် ယခုလို ပြောဆိုလာသည်။



**မေး - အခုဆိုဇာတ်အိမ်ခိုင်မာပြီး ဇာတ်လမ်းကောင်းတွေ တွေ့လာရပြီဆိုတော့ နောင်မြန်မာ့ရုပ်ရှင်ဟာ တစ်ခေတ်ပြန်ဆန်းသစ်လာမယ်လို့ထင်ပါလားဆရာ။**

ဖြေ - နောက်ပိုင်းကားတွေကတော့ အင်မတန်ကို ကောင်းလာတာတွေ့နေရတာပဲလေ ၊ မုန်းစွဲလိုကားမျိုးဆိုအခု စင်ကာပူနိုင်ငံမှာသွားပြတာနဲ့တင် အရင်းကျေနေလောက်ပြီ။ အခုအထိ ရုံပေါ်ကကိုမဆင်းရသေးဘူး။ ရိုက်ကူးထားတာကလည်း အင်မတန်ကို ကောင်းမွန်တဲ့ကားတစ်ကားပါ။ ဒီလိုပဲ ပိုင်ဖြိုးသုတို့ရိုက်ထားတဲ့ မီဇာတ်ကားဆိုလည်း တကယ်ကို ရိုက်ထားတာအဆင့်မြင့်လာတယ်။ ပြီးတော့ သမ္မတကြီးထံပေးစာ ကားမျိုးတွေ ၊ ဉပါဒါန် စသဖြင့် ကားကောင်းတွေကို ထုတ်လုပ်သူတွေဘက်ကလည်း ငွေကုန်ကြေးကျခံပြီး ရိုက်လာတယ်။ အဲ့တော့ကြည့်တဲ့ပရိသတ်ကလည်း တကယ်ကို အားပေးလာတယ်၊ နောက်ပိုင်း ကျွန်တော်ထင်တယ် ထုတ်လုပ်သူတွေ တဖြည်းဖြည်းငွေကြေးထက် ဇာတ်ကားတစ်ကားရဲ့အရည်အသွေးကိုပိုကြည့်လာကြမယ်။ ပြီးတော့ထုတ်လုပ်သူတွေအနေနဲ့လည်း အရင်ကလို အရှုံးခံရိုက်ရတာမျိုးထက် အရည်အသွေးကောင်းကို ကြည့်တဲ့အတွက် အရှုံးဆိုတာ သိပ်မရှိသလောက်ဖြစ်လာမှာပါ။

**မေး - ထုတ်လုပ်သူတွေပိုင်းက ဇာတ်ကားကောင်းတွေဖန်တီးနေတဲ့အချိန်၊ သရုပ်ဆောင်တွေပိုင်းကရော ပြောင်းလဲလာတာမျိုးတွေရှိလား။**

ဖြေ - ထုတ်လုပ်သူတွေကလည်း အခုဆို သူ့ထက်ငါ ပိုပြီးကြိုးစားနေကြတဲ့အချိန်မှာ သရုပ်ဆောင်ပိုင်းတွေအနေနဲ့ အရင်ကလို ဖြစ်သလိုနေတာမျိုးတွေ မလုပ်သင့်တော့ဘူးလို့ ထင်ပါတယ်၊ အရင်ကဆိုမင်းသားတွေကပဲ ရိုက်ကွင်းနောက်ကျတာနဲ့၊ အချိန်မလေးစားတာနဲ့ ၊ ရိုက်ကွင်းရိုက်နေရင်းကနေ အိမ်ပြန်သွားတာနဲ့ အမျိုးမျိုးကြုံရတယ်။ ဒါရိုက်တာတွေ၊ စက်အဖွဲ့တွေ၊ ထုတ်လုပ်သူတွေ ခံစားခဲ့ရတယ်။ အခုတော့ နာမည်ကြီးမင်းသားတွေက ဒီလိုမျိုးမလုပ်တော့ဘူး။ အချိန်လေးစားတယ်၊ အားလုံးကို လေးလေးစားစားတွေဖြစ်လာတယ်။ အခုဖြစ်နေတာက ကျွန်တော်တို့ဆီမှာ မင်းသား၊ မင်းသမီးကောင်းတွေဆိုတာ လက်ချိုးရေတွက်လို့ရတယ်လေ။ နာမည်ကြီးနေတဲ့ မင်းသမီးငယ်တွေဖြစ်နေတာက နာမည်ပျက်လေးတွေကြားနေရတယ်၊ အချိန်ကိုမလေးစားဘူး။ ရိုက်ကွင်းက မနက်လုပ်ထားတယ်၊ မွန်းတည့် ၁၂ နာရီလောက်မှာ ရောက်လာတာမျိုးတွေ၊ နယ်မှာရိုက်ကူးရေးလုပ်နေတာကနေ အိမ်ကိုချက်ချင်းထပြန်သွားတာမျိုးတွေလည်း ကြုံခဲ့ရတယ်။ စူပါမင်းသားတွေဖြစ်နေတဲ့ သူတွေကတော့ ယနေ့ခေတ်မှာ တကယ့်ကိုလေးစားစရာတွေလည်းရှိတယ်။ ကျွန်တော်တို့ ခေတ်တုန်းကဆို မင်းသားတွေက ဘုန်းကြီးဝတ်ရမယ့်အခန်းဆို ခေါင်းတုံးမတုံးချင်ကြဘူးလေ ၊အခု စူပါမင်းသားတွေက နိုင်ငံတကာဆန်လာပြီလို့ ပြောလို့ရပါတယ်၊ ခေါင်းတုံးဆိုလည်း ဆံပင်ကို မနှမြောဘူး တုံးလိုက်တာပဲ။ မတွေ့ဘူးလေ အဲ့တော့ကျွန်တော် ပြောချင်တာ နာမည်ရ စူပါမင်းသမီးတွေ ပြုပြင်သင့်ပြီလို့ထင်ပါတယ်။

**မေး - မအောင်မြင်ခင်က ကြိုးစားရုန်းကန်ခဲ့ရတဲ့ ဘဝကို မေ့သွားတယ်လို့ ဆိုမလား၊ ဘယ်လို အချက်တွေကြောင့်လို့ထင်လဲ။**

ဖြေ - ကျွန်တော်ထင်တယ်၊ သူတို့စာမဖတ်တာနေမယ်။ ပြီးတော့ ပညာမတတ်တာလည်းပါမယ်၊ အမှန်အတိုင်းပြောရင် မြန်မာပြည်မှာဘွဲ့ရပြီး စာမတတ်တဲ့သူတွေက အများကြီးလို့ ပြောလို့ရတယ်၊ ကျွန်တော်မြင်တာကတော့ သူ့ဟာသူဘွဲ့ရရ မရရ ပညာမတတ်လို့သာ အဲ့လိုအလုပ်ပေါ် မလေးစားတာတွေ၊ အသိုင်းအဝိုင်းအပေါ် လေးစားမှုမရှိတာတွေဟာ ပညာမတတ်လို့ဘဲ ထင်ပါတယ်။

**မေး - ဒါရိုက်တာဆိုတာ ရိုက်ကွင်းရဲ့ဘုရင်ဆိုပြီး အရင်က ပြောကြတယ်နော်။အခုခေတ်မှာရော မင်းသားက ဒါရိုက်တာဖြစ်နေကြတယ် အဲ့တော့ ဒါရိုက်တာဆိုတာ ဘာလို့ ဆရာမြင်လဲ။**

ဖြေ - စောစောက အစ်ကိုပြောသလိုပေါ့နော်၊ ရိုက်ကွင်းမှာ ဒါရိုက်တာဟာ ဘုရင်ပဲ သူ့ပြောတာမှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ သူ့သာအဓိကကျတာပါ ၊ ကားတစ်ကား အရည်အသွေးကောင်းတာ မကောင်းတာကအစ သူနဲ့ပဲဆိုင်တယ်။ မင်းသမီးက ငါလည်း စူပါမင်းသမီး ငါသိတယ်။ ငါတတ်တယ်ဆိုတာမျိုး ပညာမဲ့လုပ်ရပ်တွေပေါ့နော်။ ဒါတွေကြောင့်ပါပဲ။

**ကိုလင်း**

# ဆွေမျိုးတွေကို ဆွေမျိုးပါမေ့အောင် ဒီဇင်ဘာ ၁ ရက်မှာ ချပြမယ့် နေဝင်း ( SNARE)

Hip Hop Vibration ၊ Rap Game၊ ဘကြီးဖြိုးနဲ့ ဦးနေဝင်း၊ ပူးတွဲချန်ပီယံ၊ ဆိုသည့် တေးစီးရီးများထွက်ရှိခဲ့ပြီး ၂၀၀၅ ခုနှစ်မှ စတင်ကာ ဂီတအလုပ်တွေ လုပ်ကိုင်ခဲ့သည့် အဆိုတော် နေဝင်း (SNARE) ဟာ ယခုဆိုလျှင် ဆွေမျိုးပါမေ့ စီးရီးကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"ကျွန်တော် သူငယ်ချင်းတွေနဲ့ အမှတ်တရလည်းဖြစ်ချင်လို့ ဒီအခွေလေးကို ဖန်တီးဖြစ်တာပါ၊ ကျွန်တော် အခုခွေကို ဘာနဲ့နှိုင်းရမလဲဆို အိမ်တစ်အိမ်မှာ ဟင်းကောင်းတစ်ခွက်ကို ချက်သလိုမျိုးပါပဲ။ ကိုယ်တိုင်ချက်တဲ့ဟင်းတွေကို အရသာရှိရှိနဲ့ စားစေချင်တဲ့ စိတ်နဲ့လုပ်တာဆိုလည်း မမှားပါဘူး။ အရင်တုန်းကတော့ နှစ်ယောက်ပေါင်းချက်မှ ဟင်းတစ်ခွက် ဖြစ်တာမျိုး၊ အခုတော့ တစ်ယောက်တည်းချက်တဲ့ ဟင်းပေါ့နော်၊ စားလိုက်ရင် ဆွေမျိုးပါမေ့သွားမယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးကို ပုံဖော်ထားတာပါ၊ သီချင်းတွေအကုန်လုံးကို ကျွန်တော်ကိုယ်တိုင်ပဲရေးသားထားတာပါ။ ကျွန်တော် SNARE အဖွဲ့မှာ မဆိုခဲ့ဖူးတဲ့ပုံစံတွေ တွေ့ရမှာပါ။ ပြီးတော့ ကျွန်တော် မဖန်တီးနိုင်ခဲ့တဲ့ MUSIC တွေ ဒီအခွေမှာ ပရိသတ်နားထောင်ရမှာပါ၊ ဒါပေမယ့် SNARE ရဲ့အငွေ့အသက်လေးတွေ တွေ့ရမယ်၊ အနည်းငယ်ပေါ့နော်။ ဘာလို့လဲဆို ကျွန်တော်တို့က ဒီအဖွဲ့ကနေ ထွက်ခဲ့ကြတာကိုး၊ အများဆုံးကတော့ ကျွန်တော့်ရဲ့ သီးသန့်ပုံစံမျိုးကို မြင်ရမှာပါ။"

အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၃ ပုဒ် ပါဝင်မည်ဖြစ်ပြီး အခွေထွက်ရှိခြင်း အမှတ်တရအဖြစ် ဒီဇင်ဘာ ၁ ရက် ညနေ ၃ နာရီမှ ၆ နာရီအထိ လှည်းတန်းစင်တာတွင်လည်းကောင်း၊ ဒီဇင်ဘာ ၂ ရက်တွင် ညနေ ၄ နာရီမှ ၇ နာရီအထိ မန္တလေးမြို့ Central Point တွင် လည်းကောင်း ပါဝင်ကြသော အဆိုတော်များနှင့် တေးသီချင်းများသီဆိုပြီး ပရိသတ်များနှင့် တွေ့ဆုံသွားမည်ဟုသိရသည်။ **ကိုလင်း**




# Voice of The Youth Music Festival 2018 ပွဲတော် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်မည်



လူငယ်များရဲ့အသံဂီတပွဲတော်၂၀၁၈ အမည်ဖြင့် လာမည့် ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီမှ ည ၁၁ နာရီအထိ ရန်ကုန်မြို့ ဗိုလ်တထောင်ကမ်းနား ဉပစာလမ်းမတွင် ဝင်ကြေးအခမဲ့အဖြစ် ကျင်းပမည်ဟု သိရသည်။

"ဒီပွဲရဲ့အဓိကထူးခြားမှုက ဘာလဲဆို ဂီတကိုဝါသနာပါတဲ့ လူငယ်တွေအတွက် နှစ်အလိုက် Voy Workshop များဖွင့်လှစ်ခြင်း ၊ Voy Song Album များ ထုတ်လုပ်ပေးခြင်း၊Voy Song Contest များစီစဉ်ပေးခြင်းကို ပြုလုပ်ပေးခဲ့ပါတယ်၊ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်ကစခဲ့တာဆို အခုဆို သုံးနှစ်ကျော်အတွင်းကို ရောက်ရှိခဲ့ပါပြီ၊ ဒီပွဲတော်ကြီးကနေတစ်ဆင့် ဂီတလောကထဲမှာ အခြေချနေထိုင်နေတဲ့ ဂီတသမားတွေလည်း အများကြီးရှိနေပါပြီ၊ ပြီးတော့ ဒီပွဲကနေ လူငယ်တွေအတွက် ဘာတွေရရှိစေလဲဆို ကွဲပြားခြားနားမှုများကို ဂီတနဲ့ ချိတ်ဆက်ပြီး ပိုမိုသဟဇာတ ဖြစ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖော်ဆောင်ရာလည်းရောက်ပါတယ်"ဟု ကိုစောမျိုးနွယ်က ဆိုသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် Side Effect /Bigg- Y / LAN BAR / Last Days of Beethoven / Fever 109 /The Myth / Skunx / T-Zin / Jimmy Jacobs / Mr. Luffie / Big Zee/ Floke Rose / Maze Of Mara /the Resonabilists / Louz Xa Lone / SGL / TU / Myat Thitsar / Nway Nway တို့အပြင် ဒီဂျေပညာရှင် Zaw Gyi တို့ ပါဝင်ဖျော်ဖြေမည်ဟု သိရသည်။

**ကိုလင်း**

## မန်ယူအသင်းတွင်သာ ဒီဂီယာ ဆက်ရှိနေမည်ဟု မန်နေဂျာ မော်ရင်ညို ပြောဆို



မန်ယူအသင်း၏ ဂိုးသမား ဖြစ်သူ ဒေးဗစ်ဒီဂီယာသည် မန်ယူအသင်းတွင်ပင် ဆက်ရှိနေမည် ဖြစ်ကြောင်း မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုက အတည်ပြု ပြောဆိုလိုက်သည်။

မန်ယူအသင်းနှင့် စပိန်ဂိုးသမား ဒီဂီယာတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၉-၂၀၂၀ ပြည့်နှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည် ဖြစ်သည်။ လက်ရှိအချိန်တွင် မန်ယူအသင်းနှင့် ဂိုးသမား ဒီဂီယာတို့ စာချုပ်သစ်ချုပ်ဆိုရေးအတွက် သဘောတူညီမှု ရရှိခြင်းမရှိသေး။ အကယ်၍ မန်ယူအသင်းအနေဖြင့် ဂိုးသမား ဒီဂီယာနှင့် စာချုပ်သစ် ချုပ်ဆိုနိုင်ခြင်း မရှိခဲ့ပါက မြင့်မားသည့် ပြောင်းရွှေ့ကြေးရရှိစေရန်အတွက် လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ရောင်းထုတ်ရန် လိုအပ်မည် ဖြစ်သည်။

ဒီဂီယာနှင့်ပတ်သက်၍ မန်နေဂျာ မော်ရင်ညိုက "ဒီဂီယာအနေနဲ့ မန်ယူမှာပဲ ဆက်နေဖို့ ဆန္ဒရှိနေတာကို ကျွန်တော် သိပါတယ်။ သူ့ရဲ့အေးဂျင့်ကလည်း ဒီဂီယာရဲ့ဆန္ဒအတိုင်း လုပ်ဆောင်ပေးဖို့ အဆင်သင့်ရှိနေပါတယ်။ မန်ယူအသင်းဘုတ်အဖွဲ့ကလည်း ဒီဂီယာကို အသင်းမှာ ဆက်ရှိနေစေဖို့ လိုလားမှုရှိတယ်။ ဒါကြောင့် ဒီဂီယာနဲ့ စာချုပ်သစ် ချုပ်ဆိုရေးက အနေးနဲ့အမြန်ဆိုသလို အဆုံးသတ်နိုင်မှာပါ" ဟု ပြောဆိုခဲ့သည်။

မန်နေဂျာ မော်ရင်ညိုက ယန်းဘွိုင်းစ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်တွင် ဂိုးသမား ဒီဂီယာ လက်စွမ်းပြကာကွယ်နိုင်ခဲ့မှုများအတွက်လည်း ချီးကျူးပြောဆိုခဲ့သည်။

"ဒီဂီယာဟာ ကမ္ဘာ့အဆင့် ဂိုးသမားတစ်ဦး၊ ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတစ်ဦးဖြစ်တယ်ဆိုတာကို အားလုံးသိကြပါတယ်။ အောင်မြင်တဲ့ အသင်းတစ်သင်းကို တည်ဆောက်ချင်တယ်ဆိုရင် အသင်းမှာ ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတစ်ဦးရှိဖို့ လိုအပ်ပါတယ်။ နောက်ပြီး အခြားနေရာတွေအတွက်လည်း ကမ္ဘာ့အဆင့်ကစားသမားတွေ ရှိဖို့လိုပါတယ်"ဟု မန်နေဂျာ မော်ရင်ညိုက ဆက်လက်ပြောဆိုခဲ့သည်။

> **ဒီဂီယာအနေနဲ့ မန်ယူမှာပဲ ဆက်နေဖို့ ဆန္ဒရှိနေတာကို ကျွန်တော် သိပါတယ်။ သူ့ရဲ့အေးဂျင့်ကလည်း ဒီဂီယာရဲ့ဆန္ဒအတိုင်း လုပ်ဆောင်ပေးဖို့ အဆင်သင့်ရှိနေပါတယ်။ မန်ယူအသင်းဘုတ်အဖွဲ့ကလည်း ဒီဂီယာကို အသင်းမှာ ဆက်ရှိနေစေဖို့ လိုလားမှုရှိတယ်။**

အသက် (၂၈နှစ်)အရွယ်ရှိ ဂိုးသမား ဒီဂီယာသည် ၂၀၁၁ ခုနှစ် နွေရာသီအတွင်း အက်သလက်တီကိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး မန်ယူအသင်းအတွက် စုစုပေါင်း ၃၃၃ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။ **ထက်အောင်**

## ဒေါ့မွန်အသင်း ဘတ်စ်ကား ဗုံးခွဲတိုက်ခိုက်ခဲ့သူကို ပြစ်ဒဏ်ချမှတ်



ဂျာမနီ ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်း ကစားသမားများ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားကို ဗုံးခွဲတိုက်ခိုက်ခဲ့သော တရားခံအား ဒေါ့မွန်ပြည်နယ်တရားရုံးက စီရင်ချက်ချမှတ်လိုက်ပြီ ဖြစ်သည်။

ဒေါ့မွန် အသင်း၏ ဘတ်စ်ကားကို ဗုံးခွဲတိုက်ခိုက်ခဲ့သူ ဆာဂျီဒဗလျူအား တရားရုံးက ထောင်ဒဏ် ၁၄ နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် ဧပြီလ ၁၁ ရက်တွင် ဒေါ့မွန်အသင်းသည် အိမ်ကွင်း၌ မိုနာကိုအသင်းနှင့် ချန်ပီယံလိဂ်ပွဲ ယှဉ်ပြိုင်ကစားရန်အတွက် တည်းခိုနေသည့် ဟိုတယ်မှ ဘတ်စ်ကားဖြင့် ထွက်ခွာလာချိန်တွင် ဘတ်စ်ကားအနီး၌ ပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါပေါက်ကွဲမှုကြောင့် ဒေါ့မွန်အသင်း ခံစစ်မှူး ဘာထရာနှင့် ရဲအရာရှိတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အစိုးရရှေ့နေများက ဆာဂျီဒဗလျူသည် ဒေါ့မွန်အသင်း၏ ရှယ်ယာတန်ဖိုးများ ကျဆင်းလာမည်ဟု အလောင်းအစားတစ်ခုပြုလုပ်ခဲ့ပြီးနောက် ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတိုက်ခိုက်မှုအား အစွန်းရောက်အဖွဲ့များက စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု ထင်မြင်စေရန် လုပ်ဆောင်ခဲ့ကြောင်း စွဲဆိုခဲ့ကြသည်။ ဒေါ့မွန်အသင်းသည် စတော့ရှယ်ယာဈေးကွက်တွင် ရှယ်ယာများ တင်ထားသည့် တစ်ခုတည်းသော ဂျာမနီကလပ်ဖြစ်သည်။

ဆာဂျီဒဗလျူအား တိုက်ခိုက်မှုဖြစ်ပွားပြီး ၁၀ ရက်အကြာတွင် ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။ အသက် (၂၉နှစ်) အရွယ်ရှိ ဆာဂျီဒဗလျူသည် အသက် ၁၃ နှစ်အရွယ်တွင် ရုရှားနိုင်ငံမှ ဂျာမနီနိုင်ငံသို့ ကူးပြောင်းလာခဲ့သူဖြစ်ပြီး ဂျာမနီနိုင်ငံသားအဖြစ် ခံယူထားသူဖြစ်သည်။

တိုက်ခိုက်မှု၏ မျက်မြင်သက်သေများဖြစ်သော ဒေါ့မွန်အသင်းကစားသမားများနှင့် ထိုစဉ်က ဒေါ့မွန်အသင်း နည်းပြအဖြစ် တာဝန်ယူနေသူ တူချယ်တို့အား တရားရုံးမှ ၁၁ လကြာ စစ်ဆေးခဲ့ပြီးနောက် ယခုကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်မှု၏ တရားခံဖြစ်သူ ဆာဂျီဒဗလျူက အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကို မိမိစီစဉ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း တစ်စုံတစ်ဦးအား သေကျေဒဏ်ရာရရှိစေလိုသည့် ရည်ရွယ်ချက်မျိုးမရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက အစစ်ခံထွက်ဆိုခဲ့သည်။ အစိုးရရှေ့နေများက ဆာဂျီဒဗလျူအား ရာသက်ပန်ထောင်ဒဏ်ချမှတ်စေရန် တောင်းဆိုခဲ့ကြသော်လည်း ဆာဂျီဒဗလျူ၏ ရှေ့နေများက ဆာဂျီဒဗလျူသည် ဗုံးခွဲတိုက်ခိုက်မှုကိုသာ စီစဉ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သောကြောင့် နည်းပါးသည့် ထောင်ဒဏ်သာ ချမှတ်သင့်ကြောင်း လျှောက်လဲခဲ့ကြသည်။ **ထက်အောင်**

# ဘာစီလိုနာပြန်ရေး မလွယ်သေးတဲ့ နေမာ

**အောင်က**

ဘာစီလိုနာအသင်းအတွက် နေမာရဲ့ အသင်းကို ကျောခိုင်းပြီး ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပီအက်စ်ဂျီအသင်းကို စွန့်ခွာသွားခြင်းဟာ ကြီးမားတဲ့နစ်နာဆုံးရှုံးမှုတစ်ခုဖြစ်ခဲ့တယ်လို့ ဆိုရမှာပါ။ သူဟာ ဘာစီလိုနာအသင်းမှာ အကျော်ကြားဆုံးကစားသမားတွေထဲက တစ်ဦးလည်းဖြစ်တယ်။ ဒါပေမယ့် ပီအက်စ်ဂျီအသင်းက နေမာရဲ့စာချုပ်သက်တမ်းထဲမှာ ထည့်သွင်း ချုပ်ဆိုထားတဲ့ လျော်ကြေး ယူရို ၂၂၂ သန်းနဲ့ အရခေါ်ယူသွားခဲ့တယ်။

နေမာဟာ ပီအက်စ်ဂျီအသင်းကို စတင်ရောက်ရှိခဲ့တဲ့နှစ်မှာပဲ အသားကျအောင်ကစားနိုင်ခဲ့တယ်။ ခြေစွမ်းပြ ဂိုးတွေသွင်းပြီး ဆုဖလားတွေလည်း ရယူနိုင်ခဲ့တယ်။ ဒါပေမယ့် လက်ရှိအချိန်အထိ နေမာရဲ့ အသင်းဟောင်း ဘာစီလိုနာရှိရာ လာလီဂါကို ပြောင်းရွှေ့ရေးနဲ့ ပတ်သက်ပြီး ကောလာဟလတွေက ဆက်တိုက်ဆိုသလို ကြားနေရဆဲဖြစ်တယ်။ အနာဂတ်မှာ ပြောင်းရွှေ့နိုင်မှာလား။ လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေနဲ့ ဖြစ်နိုင်ခြေတွေအရတော့ မဖြစ်နိုင်းဘူးလို့ ဆိုရမယ်။ ဘာကြောင့်လဲ။

### ပြောင်းရွှေ့ကြေး

နေမာဟာ ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းကို ထွက်ခွာသွားခဲ့တဲ့ ပြောင်းရွှေ့ကြေးဟာ ယူရို ၂၂၂ သန်းဖြစ်ပြီး လက်ရှိဘောလုံးသမိုင်းမှာ ကမ္ဘာ့စံချိန်တင် အမြင့်ဆုံး ပြောင်းရွှေ့ကြေး ဖြစ်ပါတယ်။ သူ့အနေနဲ့ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာခဲ့မယ်ဆိုရင်လည်း ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ထပ်မံထွက်ခွာရဖို့ရှိနေပါတယ်။

ပီအက်စ်ဂျီအသင်းအနေနဲ့ကလည်း စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားတဲ့ နေမာကိုတော့ လွယ်လွယ်ကူကူနဲ့ ရောင်းထုတ်မှာ မဟုတ်ပါဘူး။ တကယ်လို့ မဖြစ်မနေသာ ရောင်းထုတ်ရမယ်ဆိုရင်တော့ ပြောင်းရွှေ့ကြေးဟာ ဘာစီလိုနာအသင်းအနေနဲ့ မတတ်နိုင်တဲ့ အခြေအနေအထိ တောင်းဆိုသွားဖို့လည်း ရှိနိုင်ပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ ကော်တင်ညို (ပေါင် ၁၄၂ သန်း)၊ ဒမ်ဘီလီ (၁၀၅ သန်း) တို့ကို ခေါ်ယူထားတာကြောင့် ပြောင်းရွှေ့ကြေးအနေနဲ့ ပြီးခဲ့တဲ့ နှစ်ပိုင်းအတွင်း ပေါင်သန်း ၂၅၀ နီးပါး အသုံးပြုထားရတာကြောင့် နေမာကို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ထပ်မံခေါ်ယူဖို့က မဖြစ်နိုင်ဘူးလို့ ဆိုရမှာပါ။ ဒါကြောင့်လည်း လက်ရှိအခြေအနေတွေအရတော့ နေမာရဲ့ဘာစီလိုနာပြန်ရေးဟာ ခပ်ရေးရေးလို့သာဆိုရမှာပါ။

### ဘာစီလိုနာနဲ့ နေမာရဲ့ဆက်ဆံရေး

နေမာဟာ လာမယ့်နွေရာသီမှာ ဘာစီလိုနာအသင်းကို ပြန်ဖို့ရှိနေတယ်ဆိုတဲ့ ပြောဆိုမှုတွေဟာ တကယ်တမ်းတော့ ရယ်စရာတစ်ခုလို့ဆိုရမယ်။ အခုလို ပြောရတာကလည်း ပြီးခဲ့တဲ့နှစ် နွေရာသီက အသင်းကို စုံကန်ပြီး ပီအက်စ်ဂျီအသင်းကို ထွက်ခွာသွားရတဲ့အတွက် ဘာစီလိုနာအသင်းအနေနဲ့ လက်ရှိအချိန်အထိ အကျိတ်အခဲအနေနဲ့ရှိနေသေးတယ်။

နေမာရဲ့ဘာစီလိုနာအသင်းကို ရုတ်တရက်စွန့်ခွာသွားခြင်းအပေါ် အသင်းအနေနဲ့ အံ့ဩမင်သက်ခဲ့တယ်။ ပရိသတ်တော်တော်များများကလည်း သူ့ရဲ့ထွက်ခွာသွားခဲ့မှုအပေါ် မကျေမနပ်ဖြစ်ခဲ့ကြတယ်။ ဒါကြောင့်လည်း နေမာနဲ့ ဘာစီလိုနာအသင်းရဲ့ကြားက ဆက်ဆံရေးဟာ အေးစက်စက် ဖြစ်သွားခဲ့တာ သေချာတယ်။

ဒါ့အပြင် သူ့ရဲ့ထွက်ခွာသွားခြင်းကြောင့် ဘာစီလိုနာနဲ့ ပီအက်စ်ဂျီကြားမှာ တရားဝင်သဘောတူညီမှုတွေ အများကြီးရှိခဲ့ပေမယ့် နေမာကတော့ ဘာစီလိုနာအသင်းကနေ သူရမယ့်သစ္စာရှိမှုအတွက် အပိုဆုကြေး ပေါင် ၂၃ သန်းကို မယူဘူးလို့ငြင်းဆိုထားတယ်။ ဘာစီလိုနာက နေမာဟာ အသင်းအတွက် သစ္စာဖောက်သလိုခံစားနေရတာကြောင့် အဲဒီဆုကြေးကိုမပေးဘူး။ ဒါကိုကြည့်တာနဲ့ နေမာနဲ့ ဘာစီလိုနာအသင်းတို့ရဲ့ဆက်ဆံရေးဟာ အေးစက်စက်နိုင်လွန်းတာက ရှင်းပြစရာတောင် မလိုဘူးလို့ ပြောရမယ်။

### နေရာအတွက်ယှဉ်ပြိုင်မှုတွေ

နေမာအနေနဲ့ ဘာစီလိုနာအသင်းကို ပြန်ဖို့မဖြစ်နိုင်တဲ့နောက်ထပ်အကြောင်းအရာတစ်ခုက နေရာအတွက် ယှဉ်ပြိုင်မှုဖြစ်တယ်။ ဘာစီလိုနာအသင်းမှာက လက်ရှိအချိန်မှာ အရည်အသွေးမြင့်တဲ့ကစားသမားတွေ ချည်းပဲရှိနေတာကြောင့် အသင်းကို ပြန်မယ်ဆိုရင်တော့ နေရာအတွက် မဖြစ်မနေ ယှဉ်ပြိုင်ရတော့မယ်။

ဘာစီလိုနာအသင်းဟာ လက်ရှိအချိန်မှာတော့ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေ ရှိနေပြီး အင်အားအတောင့်တင်းဆုံးအသင်းအဖြစ် ရှိနေတယ်။ နေရာတိုင်းမှာက ကစားသမားကောင်းတွေရှိနေပြီး အရန်ခုံမှာ ထိုင်နေတာတောင် ထိပ်တန်းကစားသမား ဖြစ်တယ်။

နေမာဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးဖြစ်တယ်ဆိုတာ သံသယဖြစ်စရာတောင် မလိုဘူး။ ဒါပေမယ့် ဘာစီလိုနာအသင်းမှာက



ကော်တင်ညို၊ ဒမ်ဘီလီ၊ မယ်လ်ကွန်၊ အယ်ကန်တာရာတို့လို ကစားသမားတွေရှိနေတာကြောင့် နေရာအတွက်ကတော့ စဉ်းစားစရာရှိတယ်လို့ ဆိုရမှာပါ။

### ဘာစီလိုနာနဲ့ ပီအက်စ်ဂျီအသင်း ဆက်ဆံရေး

ဘာစီလိုနာအသင်းနဲ့ပီအက်စ်ဂျီအသင်းတို့ရဲ့ကြားက ဆက်ဆံရေး မကောင်းခြင်းကလည်း နေမာအနေနဲ့ ဘာစီလိုနာကိုပြန်ရေးအခက်အခဲတစ်ခုလို့ ဆိုရမှာပါ။ ဘာစီလိုနာအသင်းက ပီအက်စ်ဂျီအသင်းကွင်းလယ်ကစားသမားဗာရက်တီကို ခေါ်ယူဖို့ ကြိုးစားခဲ့ခြင်းကြောင့် အဲဒီနှစ်သင်းရဲ့ကြားမှာ ကတောက်ကဆ ရှိခဲ့ဖူးတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့နှစ်နွေရာသီက ပီအက်စ်ဂျီအသင်းအနေနဲ့ နေမာကို ယူရို ၂၂၂ သန်းနဲ့အရခေါ်ယူခဲ့ခြင်းကလည်း ဘာစီလိုနာအသင်းအနေနဲ့ ပီအက်စ်ဂျီအသင်းအပေါ် အခဲမကြေနိုင်အောင်ဖြစ်နေသေးတယ်။

ဒါကြောင့်လည်း ဒီလိုဆက်ဆံရေးမှာ အဖုအထစ်ဖြစ်နေတာတွေကြောင့် ပီအက်စ်ဂျီအသင်းအနေနဲ့ သူတို့ရဲ့အကောင်းဆုံးကစားသမားတစ်ဦးကိုတော့ ဘာစီလိုနာအသင်းကို ပြန်ရောင်းထုတ်ဖို့ဟာ မဖြစ်နိုင်ဘူးလို့သာ ဆိုလိုက်ချင်ပါတယ်။ ॥

> **ပြီးခဲ့တဲ့နှစ် နွေရာသီက အသင်းကို စုံကန်ပြီး ပီအက်စ်ဂျီအသင်းကို ထွက်ခွာသွားရတဲ့အတွက် ဘာစီလိုနာအသင်းအနေနဲ့ လက်ရှိအချိန်အထိ အကျိတ်အခဲအနေနဲ့ ရှိနေသေးတယ်။**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအား သတ်မှတ်ထားသည့် Lot အလိုက် လုပ်ငန်းတစ်ခုချင်းစီအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၁၂-၂၀၁၈ရက် (တနင်္လာနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတိတိ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ကျိုင်းတုံမြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့**
**ဖုန်း-၀၈၄-၂၁၅၆၃၊ ၀၈၄-၂၁၀၇၆**

## အသိပေးကြေညာချက်

တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်သော မြောင်းမြတံတားအသစ်စီမံကိန်း၏ ပင်မတံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများကို ၁၀-၁၂-၂၀၁၈ရက်မှစတင်၍ ၃၁-၁၂-၂၀၁၈ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် Tom (1000) Capacity Barge ကြီးပေါ်တွင် Ton(120)Crane တင်၍ လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ရာ ငြိမ်သက်စွာစီးဆင်းနေသော ရေလမ်းကြောင်းရရှိရန် လိုအပ်မည်ဖြစ်ပါသည်။

သို့ပါ၍ မြောင်းမြတံတားအသစ်စီမံကိန်းလုပ်ငန်းခွင်တည်ရှိရာ ရွှေးမြစ်(မြောင်းမြ)အတွင်း မြစ်ကြောင်းအသုံးပြု၍ မောင်းနှင်ကြသော စက်လှေအကြီး အသေးနှင့် တွဲသင်္ဘောတို့သည် လုပ်ငန်းဆောင်ရွက်မည့် ၁၀-၁၂-၂၀၁၈ရက်မှ ၃၁-၁၂-၂၀၁၈ရက်အတွင်း အရှိန်လျှော့၍ မောင်းနှင်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**တည်ဆောက်ရေးအဖွဲ့(၁)**
**တံတားဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါ(Open Tender)စာအိတ်များ လက်ခံ/စစ်ဆေး/ဖွင့်လှစ်မည့်ရက်အား ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ် (Main Bugdet)အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း(၁၆)မြို့တွင် ဆောင်ရွက်မည့် ဝန်ထမ်းအိမ်ရာ ၂၀ လုံး တည်ဆောက်ရန်အတွက် ၈-၁၀-၂၀၁၈ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၈-၁၀-၂၀၁၈ ရက်နှင့် ၉-၁၀-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခဲ့ပြီး ၁၆-၁၁-၂၀၁၈ ရက်တွင် တင်ဒါတင်သွင်းမှုအာမခံ (PO Cheque) များအား လက်ခံခဲ့ပြီးဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်တင်သွင်းလာသည့် ဆောက်လုပ်ရေးကုမ္ပဏီများ၏ တင်ဒါတင်သွင်းမှု(A+B)စာအိတ်များကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)၌ ၁၀-၁၂-၂၀၁၈ ရက်တွင် (၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီအထိ) လက်ခံပေးသွားမည်ဖြစ်ပြီး ၁၁-၁၂-၂၀၁၈ရက်မှ ၁၄-၁၂-၂၀၁၈ရက်အထိ စစ်ဆေး/ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရခိုင်ပြည်နယ်၊ စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူးရုံး**

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူးရုံးမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူအပ်ပါသည်။

**ဆောင်ရွက်လိုသည့်လုပ်ငန်းများ**

(က) (၈၀'×၂၄'×၁၁') (၄)ခန်းတွဲဝန်ထမ်းနေအိမ်(၁)လုံး (RC ၁ထပ် ၊ရေ၊ မီး၊ Septic Tank)ပါ
(ခ) (၈၀'×၂၄'×၁၃')ရုံး၊ အလုပ်ရုံ၊ စတိုး (၁)လုံး RC (၁)ထပ် မီးပါ
— မောင်တောမြို့

(ဂ) (၈၀'×၂၄'×၁၁') (၄)ခန်းတွဲဝန်ထမ်းနေအိမ်(၁)လုံး (RC (၁)ထပ် (ရေ၊ မီး၊ Septic Tank)ပါ
(ဃ) (၈၀'×၂၄'×၁၃')ရုံး၊ အလုပ်ရုံ၊ စတိုး(၁)လုံး RC (၁)ထပ်မီးပါ
— မင်းပြားမြို့

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချပေးမည့်ရက်** - ၁-၁၂-၂၀၁၈ရက်
၃။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၁၆-၁၂-၂၀၁၈ရက်
၄။ **တင်ဒါလျှောက်လွှာနောက်ဆုံးပြန်လည်တင်သွင်းရမည့်ရက်၊ အချိန်နှင့်နေရာ** - ၂၈-၁၂-၂၀၁၈ရက် ညနေ ၄:၃၀နာရီ စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးဌာနမှူးရုံး
၅။ **တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။
၆။ တင်ဒါလျှောက်လွှာများကို စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူးရုံး၊ စစ်တွေမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်ဦးစီးဌာနမှူးရုံး၊ စစ်တွေမြို့ ဖုန်း-၀၄၃-၂၃၄၀၂ သို့လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပဲခူးတိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် သတ်မှတ်ချက်များနှင့်အညီ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တိုင်းဒေသကြီးကုသရေးဦးစီးဌာနအတွက် တည်ဆောက်ရေးလုပ်ငန်းစုစုပေါင်း - ၅၁ခု
(ခ) တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် တည်ဆောက်ရေးလုပ်ငန်းစုစုပေါင်း - ၃၇ခု

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၃-၁၂-၂၀၁၈ရက် မှ ၂၄-၁၂-၂၀၁၈ရက်အထိ
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၃-၁-၂၀၁၉ရက် ညနေ ၄နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးလိပ်စာ (ပဲခူးဆေးရုံကြီးဝင်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့) ဖုန်း-၀၅၂-၂၂၀၁၇၃၉/ ၀၅၂-၂၂၀၁၇၅၉ နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးလိပ်စာ (သမိန်ဗရမ်းလမ်း၊ ရပ်ကွက်ကြီး(၆)၊ ဥသာမြို့သစ်၊ ပဲခူးမြို့) ဖုန်း-၀၅၂-၂၂၂၁၂၁၇ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## Invitation for Request for Proposal (RfP)

Ministry of Transport and Communications (MoTC) now invites eligible consulting firm to submit the Financial and Technical proposals for " Provision of Consulting services to verify the Network Performance of the Mobile Operators' Networks as part of the Telecom Sector Reform Project supported by the World Bank's Loan . The deadline for submission of RfP is December 28, 2018 by 2:00 PM Myanmar Standard Time.

Attn ;
Mr. Than Htun Aung, Project Director, Telecom Sector Reform Project
Building Number 2, Ministry of Transport and Communications, Nay Pyi Taw, Myanmar.
Tel :+95 67 3407435, Fax: +9567 3407539
E-mail : thanhtunaung@ptdmyanmar.com , tsrproject2014@gmail.com

The detailed information and requirements can be seen in the Terms of Reference (ToR) and it can be downloaded at PTD Website : https://www.ptd.gov.mm

**ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ရန်ကင်းမြို့နယ် မီးသတ်စခန်း ဝန်ထမ်းနေအိမ်ပါ (၆)ထပ်(၄၅×၃၀×၆၅) ပေအား မြေဖို့ခြင်း၊ တံတားပြုလုပ်ခြင်း၊ ဂါလန် (၅၀၀၀)ဆံ့ ပြင်ပရေနှင့် လျှပ်စစ်မီးပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ အမှတ် ၁၂၉၊ ဆူးလေဘုရားလမ်းတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၁၁-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၃-၁၂-၂၀၁၈ ရက်
**အိတ်ဖွင့်ဖောက်ရက်** - ၁၇-၁၂-၂၀၁၈ ရက်

**တင်ဒါလုပ်ငန်းခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၁-၃၈၄၄၂၀၊ ၀၁-၃၇၀၃၄၈**

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဒေါ်ခင်သူသူအောင် ၉/ခအဇ(နိုင်)၀၁၃၁၈၁ (Facebook Name- Moe Satt)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်ခင်သူသူအောင်သည် လူမှုကွန်ရက်စာမျက်နှာ Facebook တွင် "Moe Satt" အမည်ဖြင့် အကောင့်အသုံးပြုသူဖြစ်ပြီး လွန်ခဲ့သော ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလမှစ၍ လေလံမဲစုခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး လေလံမဲရောင်းရာတွင် တစ်ဆင့်ခံဝယ်ယူ၍ ပြန်လည်ရောင်းချခြင်းဖြစ်ပါသည်။ ဒေါ်ခင်သူသူအောင်အား ရောင်းချသည့်သူများ၊ လေလံမဲထုတ်မပေးသူများဖြစ်သည့် ဒေါ်မျိုးမျိုးသက် (Facebook Name- Myo Myo Thet )ထံတွင် ငွေကျပ် ၅၀၀၉၀၀၀၀၊ (Facebook Name- Pinky PK)ထံတွင် ငွေကျပ် ၁၀၀၀၀၀၊ လင်းလက်နန္ဒာထွန်း(Facebook Name- Lin Latt Nander Tun)ထံတွင် ငွေကျပ် ၃၉၀၀၀၀၊ ဂျူးဂျူးမြတ်သွယ်ထံတွင် ငွေကျပ် ၈၀၀၀၀၀ တို့အပြင် အခြားညှိနှိုင်းထားသူများထံတွင်လည်း ငွေကျပ် ၉၈၅၀၀၀၀ စုစုပေါင်းရရန်ရှိသည့် ငွေရင်းမှာ ငွေကျပ် ၆၁၂၃၀၀၀၀ (ငွေကျပ်ခြောက်ရာတစ်ဆယ့်နှစ်သိန်းသုံးသောင်း တိတိ)ရှိပါသည်။

ဒေါ်ခင်သူသူအောင်အနေဖြင့် ညှိနှိုင်းထားသူများထံမှ အချိန်စောင့်ဆိုင်းတောင်းခံနေရသည့်အပြင် အထက်တွင် အမည်ဖော်ပြထားသူများထံမှ ငွေများပြန်လည်မရရှိသောကြောင့် အခက်အခဲများစွာဖြစ်ပေါ်နေရကြောင်းကိုလည်း သက်ဆိုင်သူများအနေဖြင့် သိရှိပြီးဖြစ်ပါသည်။ ထို့ပြင် ဒေါ်ခင်သူသူအောင်မှ ၎င်းပေးဆပ်ရန်ရှိသူများကို တတ်နိုင်သည့်ပမာဏများဖြင့် ပေးဆပ်ထားသည်ကိုလည်း သက်သေခံအထောက်အထားများအရ သိရှိရပါသည်။ ထိုကဲ့သို့ ပေးဆပ်ထားပြီးဖြစ်ပါလျက်နှင့် ဒေါ်ခင်သူသူအောင်အား ၎င်း၏မိသားစုနှင့် ကလေးကို ပို့စ်တင်ခြင်းပြုလုပ်မည်ဖြစ်ကြောင်း၊ ဂုဏ်သိက္ခာထိခိုက်အောင်ပြုလုပ်မည်ဖြစ်ကြောင်း စသည်အားဖြင့် အမျိုးမျိုးခြိမ်းခြောက်ပြောဆိုနေကြောင်းလည်း ထပ်မံသိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ခင်သူသူအောင်မှ ၁-၆-၂၀၁၈ရက်မှစ၍ ရှင်းရန်ကျန်ရှိသည့် ငွေများကို တစ်ဖက်မှရသည်နှင့် ပြန်လည်ရှင်းလင်းပေးမည်ဖြစ်ကြောင်း အသိပေးတောင်းပန်အပ်ပါသည်။ ထိုကဲ့သို့ တရားဝင်တောင်းပန်ထားပါလျက်နှင့် ဒေါ်ခင်သူသူအောင်ထံမှ ငွေရရန်ရှိသူများက ၎င်းထံသို့လာရောက်ပြီး အတင်းအကျပ်ဖိအားပေးကာ ဟန်ဆောင်စာချုပ် ချုပ်ဆိုခိုင်းခြင်း၊ ဒေါ်ခင်သူသူအောင်၏ ခွင့်ပြုချက်မရှိဘဲ နေအိမ်သို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ကြောက်လန့်စေရန် ခြိမ်းခြောက်ခြင်း၊ မလျော်ညီဇာသုံးခြင်းတို့အပြင် ဒေါ်ခင်သူသူအောင်နှင့် ပြုလုပ်ထားသည့်ကိစ္စရပ်များကို လုံးဝသက်ဆိုင်ခြင်းမရှိသည့် ၎င်း၏မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား ဂုဏ်သိက္ခာထိခိုက်စေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊ ဒေါ်ခင်သူသူအောင်ထံမှ ငွေတချို့တစ်ဝက်ရရှိပြီးပါလျက်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ ရာဇဝတ်ကြောင်းဖြင့် မဟုတ်မမှန် လီဆယ်စွဲဆိုပါက ဒေါ်ခင်သူသူအောင်ဘက်မှ တည်ဆဲဥပဒေများနှင့်အညီ မလွှဲမရှောင်သာ ပြန်လည်တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်းလည်း အသိပေးကြေညာအပ်ပါသည်။ (**မှတ်ချက်။** ။သတင်းစာပါအကြောင်းအရာအပေါ် သက်ဆိုင်သူများမှ တစ်စုံတစ်ရာသိရှိလိုပါက ဒေါ်ခင်သူသူအောင်ထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါကြောင်း ထပ်လောင်း အသိပေးအပ်ပါသည်။)

**လွှဲအပ်ချက်အရ-**
**ဦးနေစည်သူဇော်**
**(LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၄၇၃၄၆)**
**ရန်ကုန်ရုံးခန်း-အမှတ်(၃၁၀/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ကျောက်ဆည်ရုံးခန်း-အမှတ်(ဆက-၆၃)၊ အိမ်တော်လမ်းကြား၊ ဆူးကုန်းရပ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၅၀၂၅၂၁၉၊ ၀၉-၇၇၀၆၉၆၈၆၉**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၈ခ/၄၁၁၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ဦးမျိုးဇော်ထွန်း ၁၀/မလမ(နိုင်)၀၀၂၈၂၇ နှင့်တကွ အများသိစေရန် သတိပေးတားမြစ်ကြေညာချက်

တော်ဝင်မိသားစုကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌဖြစ်သူ ဦးကိုကိုထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ကြေညာအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီလီမိတက်နှင့် တော်ဝင်မိသားစုဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့သည် ဦးကိုကိုထွေး တစ်ဦးတည်းပိုင်ဆိုင်သော ကုမ္ပဏီများဖြစ်ပါသည်။

ကုမ္ပဏီ၏ရှယ်ယာရှင် ဒါရိုက်တာများဆိုသည်မှာ မိသားစုဝင်များကိုသာ ပေးအပ်သည့် ရှယ်ယာတန်ဖိုးပေးသွင်းရန်မလိုသော ဒါရိုက်တာများဖြစ်ပါသည်။

ယခုအခါ ဦးမျိုးဇော်ထွန်းသည် မိသားစုဝင်မဟုတ်တော့သည့်အတွက် ဒါရိုက်တာအဖြစ်မှ ထုတ်ပယ်လိုက်သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်ပါသည်။

ဦးကိုကိုထွေးသည် သမီးနှင့် မြေးတို့အတွက် မိသားစုမပြိုကွဲစေလိုသောကြောင့် ကြော်ငြာခြင်း မပြုခဲ့သော်လည်း ဦးမျိုးဇော်ထွန်းသည် ၎င်း၏ကိုယ်ကျိုးအတွက် ဆောင်ရွက်မှုများကြောင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို ထိခိုက်လာနိုင်သည့်အတွက် ဦးမျိုးဇော်ထွန်းနှင့်တကွ ပတ်သက်ဆက်နွှယ်သူများအားလုံးသည် ဤကြော်ငြာပါသည့်ရက်မှစ၍ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်နှင့် ပတ်သက်သမျှအားလုံးကို ကိုယ်ကျိုးအတွက် အသုံးချခြင်းအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လုပ်ဆောင်ခြင်းမပြုပါရန်နှင့် ကျူးလွန်ဖောက်ဖျက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၆၇၀၂**
**ယူနိုက်တက်ကွန်ဒို၊ အခန်း ၁၁၁၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံ(၁)ကျောင်းရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## ပြည်တက္ကသိုလ် (၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်တက္ကသိုလ် (၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ **ဘွဲ့နှင်းသဘင် ပထမနေ့ (၁၂-၁-၂၀၁၉) အစီအစဉ်**
**ပထမနေ့၊ နံနက်ပိုင်း၊ နံနက် (၉း၀၀) နာရီ**

မဟာသုတေသနဘွဲ့ - ဓာတုဗေဒ အထူးပြု
မဟာဝိဇ္ဇာဘွဲ့ - မြန်မာစာ အထူးပြု
မဟာသိပ္ပံဘွဲ့ - သတ္တဗေဒ အထူးပြု
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - အင်္ဂလိပ်စာ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ရူပဗေဒ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ရုက္ခဗေဒ အထူးပြု
ဥပဒေဘွဲ့ - ဥပဒေပညာ အထူးပြု
ဝိဇ္ဇာဘွဲ့ - သမိုင်း အထူးပြု
သိပ္ပံဘွဲ့ - သင်္ချာ အထူးပြု (၄သခ-၁မှ ၈၂ အထိ)
သိပ္ပံဘွဲ့ - ဘူမိဗေဒ အထူးပြု

**ဘွဲ့နှင်းသဘင် ပထမနေ့ (၁၂-၁-၂၀၁၉) အစီအစဉ်**
**ပထမနေ့၊ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂း၀၀) နာရီ**

မဟာသုတေသနဘွဲ့ - ရူပဗေဒ အထူးပြု
မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ အထူးပြု
မဟာသိပ္ပံဘွဲ့ - ရုက္ခဗေဒ အထူးပြု
မဟာသိပ္ပံဘွဲ့ - ဘူမိဗေဒ အထူးပြု
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - ဒဿနိကဗေဒ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - သင်္ချာ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - သတ္တဗေဒ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဇီဝဓာတုဗေဒ အထူးပြု
ဝိဇ္ဇာဘွဲ့ - မြန်မာစာ အထူးပြု
ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ အထူးပြု
သိပ္ပံဘွဲ့ - ဓာတုဗေဒ အထူးပြု
သိပ္ပံဘွဲ့ - သင်္ချာ အထူးပြု (၄သခ-၈၃မှ ၁၅၅အထိ)
ဒီပလိုမာဘွဲ့ - ကွန်ပျူတာ

**ပထမနေ့ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၁၀-၁-၂၀၁၉) နံနက် (၉း၀၀) နာရီ**

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၁၃-၁-၂၀၁၉) အစီအစဉ်**
**ဒုတိယနေ့၊ နံနက်ပိုင်း၊ နံနက် (၉း၀၀) နာရီ**

မဟာဥပဒေဘွဲ့ - ဥပဒေပညာ အထူးပြု
မဟာသိပ္ပံဘွဲ့ - ရူပဗေဒ အထူးပြု
မဟာသိပ္ပံဘွဲ့ - သင်္ချာ အထူးပြု
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - မြန်မာစာ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဘူမိဗေဒ အထူးပြု
ဝိဇ္ဇာဘွဲ့ - ပထဝီဝင် အထူးပြု
ဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒ အထူးပြု
သိပ္ပံဘွဲ့ - ရူပဗေဒအထူးပြု (၄ရပ-၁ မှ ၈၇ အထိ)
သိပ္ပံဘွဲ့ - ရုက္ခဗေဒ အထူးပြု
သိပ္ပံဘွဲ့ - ဇီဝဓာတုဗေဒ အထူးပြု

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၁၃-၁-၂၀၁၉) အစီအစဉ်**
**ဒုတိယနေ့၊ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂း၀၀) နာရီ**

မဟာဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒ အထူးပြု
မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒ အထူးပြု
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - သမိုင်း အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဓာတုဗေဒ အထူးပြု
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ အထူးပြု
သိပ္ပံဘွဲ့ - ရူပဗေဒ အထူးပြု (၄ရပ-၈၈မှ ၄ရပ-၁၄၇(ပြင်ပ)အထိ)
သိပ္ပံဘွဲ့ - သတ္တဗေဒ အထူးပြု

**ဒုတိယနေ့ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၁၀-၁-၂၀၁၉) မွန်းလွဲ (၂း၀၀) နာရီ**

၃။ ပြည်တက္ကသိုလ် (၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါသင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။
(က) ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ၂၀၁၈ခုနှစ် မေလတွင် အောင်မြင်ခဲ့သော မဟာဘွဲ့သင်တန်း၊ မဟာသုတေသနသင်တန်းနှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင်ကျင်းပခဲ့သော စတုတ္ထနှစ်သင်တန်း၊ ပဉ္စမနှစ် (ဥပဒေပညာ)၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာဘွဲ့သင်တန်းနှင့် ကွန်ပျူတာ ဒီပလိုမာ (၁၅/၂၀၁၇-၂၀၁၈) သင်တန်းအောင်မြင်ပြီးသူများ။

၄။ ယခင်ဘွဲ့သဘင်များတွင် ဘွဲ့တက်ရောက်ယူခွင့်/အဝေးရောက်ဘွဲ့လျှောက်ထားခြင်းမရှိသူများသည် ယခု (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ယူခွင့်သာ လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင်တက်ရောက်/အဝေးရောက်လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ပြည်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားတင်ပြလျက် ပတ်စ်ပို့ဓာတ်ပုံ (၂"×၁½") အရွယ် (၃)ပုံ ပူးတွဲကာ ဘွဲ့တက်ရောက်ယူလိုသူများသည် ၁၅၀၀ိ/-(တစ်ထောင့်ငါးရာကျပ်တိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ကို ပြည်တက္ကသိုလ်ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို ၃-၁၂-၂၀၁၈ရက်မှ ၁၄-၁၂-၂၀၁၈ရက်ထိသာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၇။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူသူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများ၊ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်နှင့် ဧည့်လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ပြည်တက္ကသိုလ်တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း One Stop Service System ဖြင့် ထုတ်ပေးမည်ဖြစ်သည်။

**နေ့ရက်** - ၇-၁-၂၀၁၉ ရက်မှ ၈-၁-၂၀၁၉ ရက်အထိ
**အချိန်** - နံနက် ၁၀း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ တစ်ကြိမ်
မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ တစ်ကြိမ်
**နေရာ** - စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ပြည်တက္ကသိုလ်။

၈။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများသည် ဆံပင်အရောင်ဆေးမဆိုးရ၊ အမျိုးသားများသည် မြန်မာဝတ်စုံ(အင်္ကျီ လက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည်/လက်စကဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်ဖြစ်ပါသည်။
- အမျိုးသားများ နားကွင်း၊ နားကပ်ဝတ်ဆင်ခွင့်မပြု။
- အမျိုးသမီးများ သုံးလွှာလုံချည် ခွင့်မပြုပါ၊ ကွင်းလုံချည်သာ ဝတ်ဆင်ရမည်ဖြစ်ပါသည်။

၉။ ဘွဲ့နှင်းသဘင်တွင် တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၁၀။ အခြားသိရှိလိုသောအချက်များရှိပါက စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ ပြည်တက္ကသိုလ် ဖုန်း-၀၅၃-၂၄၀၂၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(ချိုချိုမာ)**
**မော်ကွန်းထိန်း**
**ပြည်တက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်တက္ကသိုလ်(၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၀-၁-၂၀၁၉ ရက် ၁၂-၁-၂၀၁၉ ရက်နှင့် ၁၃-၁-၂၀၁၉ ရက် စုစုပေါင်း (၃)ရက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

(က) **လျှောက်လွှာရောင်းချမည့်နေရာ** - စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ အခန်း (၃၀၁)
(ခ) **လျှောက်လွှာရောင်းချမည့်ရက်/အချိန်** - ၂၄-၁၂-၂၀၁၈ ရက်မှ ၂-၁-၂၀၁၉ ရက် မွန်းတည့် ၁၂း၀၀ နာရီအထိ၊ ရုံးချိန်အတွင်း (အစိုးရရုံးပိတ်ရက်များမှအပ)
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂-၁-၂၀၁၉ ရက် မွန်းလွဲ ၂း၀၀ နာရီ
(ဃ) **တင်ဒါရွေးချယ်မည့်နေရာ** - လေးထပ်ဆောင်အစည်းအဝေးခန်းမ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၃-၂၄၀၂၀သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါဖွင့်ဖောက်ရေးဆပ်ကော်မတီ**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် ဌာနပိုင်ပစ္စည်းများ ဝယ်ယူခြင်းဆောင်ရွက်ရန် အောက်ပါပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-
(က) ကဇာတ်ရုံသုံးနှင့် ထုတ်လုပ်ဖျော်ဖြေရေး လေ့ကျင့်သင်ကြားရေးသုံးပစ္စည်းများ
(ခ) စက်နှင့်စက်ကိရိယာတန်ဆာပလာပစ္စည်းများ
(ဂ) ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ တင်ဒါတင်သွင်းလွှာပုံစံ၊ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို ၃-၁၂-၂၀၁၈ ရက်မှ စတင်ရောင်းချ၍ ၃-၁-၂၀၁၉ ရက်တွင် တင်ဒါဖွင့်ဖောက်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသော အချက်အလက်များကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**
**၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၉၀၂၅၃၊ ၀၉-၄၂၀၀၁၂၆၈၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဘားအံတက္ကသိုလ် (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဘားအံတက္ကသိုလ်၏ (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည်ဖြစ်ပါသဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဂုဏ်ထူးဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)နှင့် ဝိဇ္ဇာ/သိပ္ပံဘွဲ့များ လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင် လျှောက်လွှာများကို ၎င်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနမှ ရယူဖြည့်စွက်ပြီး ၃-၁၂-၂၀၁၈ ရက်မှ ၂၈-၁၂-၂၀၁၈ ရက်ထိ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် (၂"×၁½") Sticker (ကပ်ခွာ) ဓာတ်ပုံ ၃ ပုံ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် ၁၅၀၀ိ/-ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ယူလိုသူများအတွက် ၁၀၀၀ိ/-ဖြစ်ပါသည်။

၄။ လျှောက်လွှာကို စာတိုက်မှပေးပို့သည့်အခါ ပေးပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ် ဘားအံတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာတွင် လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့်ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက္ကသိုလ်စသည်တို့ကို အပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။

၅။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(၁)စောင် တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့် အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

**အောင်မျိုးမြင့်**
**မော်ကွန်းထိန်း၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ဘားအံတက္ကသိုလ်**

## မြို့တော်ဂေါက်ကွင်းအိမ်ရာ ခြံအမှတ် ၁၁၊ ၁၆၊ ၄၈ တို့၏ သက်ဆိုင်သူများ-

မြို့တော်ဂေါက်ကွင်းအိမ်ရာ ကော်မတီအနေဖြင့် တက်ခမ်းကုမ္ပဏီထံမှ လွှဲပြောင်းတာဝန်ယူခဲ့ပြီးနောက် အိမ်ရာလုံခြုံရေး၊ စိမ်းလန်းသန့်ရှင်းသာယာရေး၊ ရေ၊ မီးပုံမှန်ရရှိရေးတို့အား အိမ်ပိုင်ရှင်များနှင့် စည်းဝေးပွဲများ ခေါ်ယူတိုင်ပင်ညှိနှိုင်းဆောင်ရွက်လျက်ရှိသကဲ့သို့ စည်းဝေးပွဲ မတက်ရောက်နိုင်သူများအားလည်း Viber Group မှတစ်ဆင့် အသိပေးဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ဖော်ပြပါ သက်ဆိုင်သူများအနေဖြင့် လုံးဝဆက်သွယ်ဆောင်ရွက်မှုမရှိပါသဖြင့် အိမ်ရာကော်မတီမှသာ တာဝန်ယူဆောင်ရွက်ပေးနေရလျက်ရှိပါသဖြင့် မြေယာပိုင်ဆိုင်မှုကာလ စည်းကမ်းသတ်မှတ်ချက်အရ ပိုင်ဆိုင်ကြောင်း အထောက်အထားများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားပါသည်။ မြေယာပိုင်ဆိုင်မှု စည်းကမ်းကာလ ဘောင်ကျော်လွန်ခဲ့ပါက အိမ်ရာကော်မတီ၏ စည်းကမ်းချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

**မြို့တော်ဂေါက်ကွင်းအိမ်ရာစီမံခန့်ခွဲမှုကော်မတီ**
**ဆက်သွယ်ရန်- ဖုန်း-၀၉-၄၅၀၅၁၄၇၈၇၊ ၀၉-၅၁၆၆၆၂၁**

## ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်းပွဲကြော်ငြာခြင်း

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးကျင်းပသော (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်းပွဲကို ၁၆-၁၂-၂၀၁၈ ရက်မှ ၁၈-၁၂-၂၀၁၈ ရက်ထိ စစ်တွေမြို့ ဝဏ်ဘာကွင်း၌ ကျင်းပမည်-
- ရွှေမောင်း(ပ)ဆုငွေကျပ်(၃၂)သိန်း၊ (ဒု)ဆုငွေကျပ် (၂၄)သိန်း၊ ပူးတွဲ(တ)ဆုငွေကျပ် (၁၆)သိန်း
- ငွေမောင်း(ပ)ဆုငွေကျပ်(၂၄)သိန်း၊ (ဒု)ဆုငွေကျပ်(၁၆)သိန်း၊ ပူးတွဲ(တ)ဆုငွေကျပ် (၁၂)သိန်း

ပြိုင်ပွဲဝင်စာရင်းကို အောက်ပါပုဂ္ဂိုလ်များထံ ကြိုတင်ပေးသွင်းနိုင်ပါသည်။
ဦးသခ်ါကျော် ဖုန်း-၀၉-၂၅၀၇၆၂၂၈၅၊ ဦးမောင်ပုချေ ဖုန်း-၀၉-၂၅၀၈၇၈၁၄၉

**ရခိုင်ပြည်နယ်နေ့ကျင်းပွဲကျင်းပရေးကော်မတီ**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းအထူးအဖွဲ့(၁၉)ခန္တီး(ဆင်သေ)၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လုပ်ငန်းခွင်သုံးပစ္စည်းများအား**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၉)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတား၊ လုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောလုပ်ငန်းခွင်သုံးပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များကို သိရှိလိုပါက လမ်းအထူးအဖွဲ့(၁၉) ဒု-ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာပုံစံ ပိတ်မည့်ရက်** - ၂၀-၁၂-၂၀၁၈ ရက်၊ ကြာသပတေးနေ့၊ ညနေ (၃း၀၀)နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၁၂-၂၀၁၈ရက် သောကြာနေ့၊ နံနက် ၉း၀၀နာရီ၊ လမ်းအထူးအဖွဲ့(၁၉)၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ခန္တီးမြို့၊ ဆင်သေ။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၉-၂၆၀၅၇၈၄၆၁၊ ၀၉-၄၄၄၀၂၃၃၀၄၊ ၀၉-၄၅၉၉၂၁၄၈၅**

## ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

